



# ပဋိပက္ခကို အသွင်ပြောင်းလဲခြင်းဆိုင်ရာ ကျမ်းစာသင်တန်း လက်စွဲစာစောင်

# BIBLE TRAINING HANDBOOK *for* CONFLICT TRANSFORMATION

Rev. Daniel L. Buttry

# ပဋိပက္ခကို အသွင်ပြောင်းလဲခြင်းဆိုင်ရာ ကျမ်းစာသင်တန်း လက်စွဲစာစောင်

မူရင်းစာရေးသူ

REV. DANIEL L. BUTTRY

ဘာသာပြန်သူ

ဆရာမလေးဘိနုံနုံရွှင်

(B.Com, Dip.Ed., B.R.E, M.A.C.S)

ငြိမ်းဖောင်ဒေးရှင်း

မှ

သင်တန်းသားများအတွက်သာ ကန့်သတ်ထုတ်ဝေပါသည်။

# ပဋိပက္ခကိုအသွင်ပြောင်းလဲခြင်းဆိုင်ရာ
# ကျမ်းစာသင်တန်း လက်စွဲစာစောင်



**BIBLE TRAINING HANDBOOK**

*for*

# Conflict Transformation

# မာတိကာ

## နိဒါန်း


❖ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း ...... (i)

❖ ပါဝင်ရောယှက်နည်းဖြင့် ကျမ်းစာသင်ကြားခြင်း ...... (၃)

❖ ကျမ်းစာသင်ကြားရာတွင် ယဉ်ကျေးမှုပေါင်းစုံကိုလေ့လာခြင်း ...... (၆)

❖ ဤကျမ်းစာသင်တန်းလက်စွဲစာစောင်ကို အသုံးပြုနည်း ...... (၈)


## အခန်း (၁) – ပဋိပက္ခကို ခွဲခြမ်းစိတ်ဖြာခြင်း (Analysis of Conflict)


အပိုင်း (၁) - သန့်ရှင်းသော မြေအဖြစ် နှင့် ပဋိပက္ခ (ထွက်မြောက်ရာကျမ်း ၂ :၂၃-၄:၁၇) ...... (၁၁)

အပိုင်း (၂) - ပဋိပက္ခအရှိန်မြင့်တက်လာခြင်း (ကမ္ဘာဦးကျမ်း ၃:၈-၁၃ ၊ ၄:၁-၁၆ ၊ ၄:၁၉-၂၄ ၊ ၁၀:၈-၁၂) ...... (၁၆)

အပိုင်း (၃) - မိသားစုကမ္ဘာရန် (ကမ္ဘာဦးကျမ်း ၂၅:၁၉-၃၄ ၊ ၂၆:၃၄ -၂၈ :၉) ...... (၂၀)

အပိုင်း (၄) - ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သောခရီး (ကမ္ဘာဦးကျမ်း ၂၈:၁၀ - ၃၃ :၂၀ ၊ ၃၅:၂၇ - ၂၉) ...... (၂၆)


## အခန်း (၂) – ပဋိပက္ခဖြေရှင်းခြင်း (Conflict Resolution)


အပိုင်း (၅) - နားလည်မှုလွဲမှားမှုများကြောင့်ဖြစ်သောပဋိပက္ခ (ယောရှု ၂၂:၁၀-၃၄) ...... (၃၂)

အပိုင်း (၆) - ရဲရင့်သော ကြားဝင်ဖြန်ဖြေပေးသူ (တမန်တော် ၁၅:၁-၃၅) ...... (၃၆)

အပိုင်း (၇) - ဘာသာရေးဆိုင်ရာတန်ဖိုးထားမှုများနှင့်သက်ဆိုင်သောပဋိပက္ခ (ဓမ္မရာဇဝင်-ပ ၂၅:၁-၃၅) ...... (၃၈)

အပိုင်း (၈) - နိုင်/နိုင် အဖြေရလဒ်ကို ရှာဖွေခြင်း (တောလည်ရာ ၃၂:၁-၄၃) ...... (၄၁)

အပိုင်း (၉) - အဖြေရှာမရသောအခါ (တမန်တော် ၁၅:၃၆-၄၁) ...... (၄၃)

## *အခန်း (၃) – ပင်မအုပ်စု နှင့် ဘေးရောက်အုပ်စု* ***(Main Stream & Margin)***

အပိုင်း (၁၀) - အုပ်စုတိုင်းမှာရှိသော ပဋိပက္ခ (တမန်တော် ၆:၁-၇) ......(၄၇)

အပိုင်း (၁၁) - မိမိအသံကို ထုတ်ဖော်ပြနိုင်ခြင်း (ဧသတာ ၄:၁-၁၇) ......(၅၂)

အပိုင်း (၁၂) - ကြေကွဲဒေါသထွက်နေသော မိခင်၏ ဆန္ဒပြမှု (ဓမ္မရာဇဝင်-ဒု ၂၁:၁-၁၄) ......(၅၅)

## *အခန်း (၄) – အကြမ်းမဖက်ဘဲ အသွင်ပြောင်းလဲသွားစေသည့် ပဏာမခြေလှမ်းများ*

## ***(Nonviolent Transforming Initiatives)***

အပိုင်း (၁၃) - အသွင်ပြောင်းလဲသွားစေသည့် အစပျိုးခြေလှမ်းများအနေဖြင့် ရန်သူကိုချစ်ခြင်း ......(၆၁)
(မဿဲ ၅:၃၈-၄၈)

အပိုင်း (၁၄) - ရန်သူကို အစားအစာကျွေးခြင်း (ဓမ္မရာဇဝင်-စ ၆:၈-၂၃) ......(၆၈)

အပိုင်း (၁၅) - သန့်ရှင်းမြင့်မြတ်သော ဖီဆန်မှု (ထွက်မြောက်ရာ ၁:၁၅-၂၂) ......(၇၀)

အပိုင်း (၁၆) - ထူးခြားသော အပြုအမူအားဖြင့် အမှတ်သညာပြု လုပ်ဆောင်မှုများ ......(၇၂)
(လုကာ ၁၉:၂၈-၄၄ ၊ ဟောရှာယ ၂၀:၁-၆ ၊ ယေရမိ ၃၂:၁-၁၅)

အပိုင်း (၁၇) - အကောင်းအားဖြင့် အဆိုးကိုနိုင်ခြင်း (ရောမ ၁၂:၉-၂၁) ......(၇၅)

---

*ဤစာစောင်ဖြစ်တည်လာစေသည့်အကြောင်းအမြစ်များ* ...... (ii)

*ကျမ်းကိုးစာရင်း* ...... (iii)

# REV. DANIEL L. BUTTRY

## ၏

## အကျဉ်းချုပ်သမိုင်းအကြောင်း

ဆရာကြီးဒယ်နီယယ်ဘတ်ထရီသည် ယခုလက်ရှိ အမေရိကန်နှစ်ခြင်းအဖွဲ့ချုပ်၏ ကမ္ဘာလုံးဆိုင်ရာ သာသနာပြုအဖွဲ့တွင် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် တရားမျှတမှုရှိရေးဆိုင်ရာ သာသနာ့လုပ်ငန်းများတွင် ပါဝင် ဆက်ကပ်နေသူဖြစ်သည်။

ဤလုပ်ငန်းတွင်မပါဝင်မီက ဆရာကြီးသည် အမေရိကန်ပြည်ထောင်စုရှိ မီချီဂန်ပြည်နယ်၊ ဒီယားဘောန်းမြို့၊ မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့များတွင် သင်းအုပ်အဖြစ် အမှုတော်ထမ်းခဲ့သည်။ ၎င်းနောက် အမေရိကန်နှစ်ခြင်းအဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဒါရိုက်တာအဖြစ်ထမ်း ဆောင်လျက်နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတွင် အမေရိကန်နှစ်ခြင်းအဖွဲ့ချုပ်ကိုယ်စားလှယ်အဖြစ် (၉)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် မြောက်အမေရိကနှစ်ခြင်းခရစ်ယာန်များ ငြိမ်းချမ်းရေး ဆိုင်ရာမိတ်သဟာယအဖွဲ့၏ "Gavel Memorial Peace Fund" ဒါရိုက်တာအဖြစ် အမှုတော်ထမ်းခဲ့သည်။

ဆရာကြီးသည် အမေရိကန်ပြည်ထောင်စု Wheaton ကောလိပ်တွင် ဗီလော်ဆော်ဖီနှင့် သမ္မာကျမ်းစာဘာသာဖြင့် B.A ဘွဲ့ကိုလည်းကောင်း၊ M.Div ဘွဲ့ကို မက်ဆာချူးဆက်ပြည်နယ် Gordon-Conwelll Theological Seminary မှ လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဆရာကြီးသည် အသင်းတော်ပြန်လည်နိုးထမှုနှင့် ဟောပြောသွန်သင်မှုဆိုင်ရာ စာရေးဆရာတစ်ဦးဖြစ်သည်။ မိမိ၏ အတွေ့အကြုံများအပေါ် အခြေပြု၍‘‘ခရစ်ယာန်ငြိမ်းချမ်းရေးတည်ဆောက်ခြင်း’’ နှင့်သက်ဆိုင်သည့် စာအုပ်(၂)အုပ်ဖြစ်သည့် "From Heritage to Hope" နှင့် "A handbook for Local Chruches" ကိုလည်း ပြုစုခဲ့သည်။

ထို့ပြင် လူမှုရေးဆိုင်ရာ သမ္မာကျမ်းစာလေ့လာရေးလမ်းညွှန်များအဖြစ် ဆောင်းပါးများကို မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသား ခဲ့/ဆဲ ဖြစ်သည်။ သူ၏စာအုပ်များကို ဟော်လန်၊ ဩစတြေးလျ၊ လက်တင်အမေရိက၊ အစ္စရေး၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် အသုံးပြုနေပြီဖြစ်သည်။ သင်ထောက်ကူပစ္စည်းအနေနှင့် မှတ်တမ်း ဗီဒီယို(၄)ခုကိုလည်း ရိုက်ကူးဖြန့်ချီခဲ့ပြီးဖြစ်သည်။

စာရေးဆရာတစ်ယောက်အနေနှင့်သာမက လက်နက်ကိုင်ပဋိပက္ခများတွင် လက်တွေ့ကြားဝင် ဖြန်ဖြေရေး လုပ်ငန်းရပ်များလဲ ဆောင်ရွက်ခဲ့သည်။

ပဋိပက္ခကိုအသွင်ပြောင်းလဲခြင်းဆိုင်ရာသင်တန်းများ၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများကို အာရှ၊ အာဖရိက၊ ဥရောပ၊ လက်တင်အမေရိကနှင့် မြောက်အမေရိကနိုင်ငံများတွင် သင်ကြားပို့ချခဲ့သည်။

ဆရာကြီး၏ဟောပြောသွန်သင်မှုများသည် ကမ္ဘာအနံ့ရှိ လူအတော်များများကို ငြိမ်းချမ်းရေး လုပ်ဆောင်နိုင်ရန် အသိအမြင် တိုးတက်လာစေယုံမျှမက လက်တွေလုပ်ဆောင်နိုင်ရန် ထိတွေ့အားပေး လှုံ့ဆော်မှုရှိခဲ့သည်။

# ပဋိပက္ခကို အသွင်ပြောင်းလဲခြင်းဆိုင်ရာ ကျမ်းစာသင်တန်းလက်စွဲစာစောင်

နိဒါန်း

ယေရှုက ပြောခဲ့ပါသည်- 'သူတစ်ပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတ္တံ့' (မဿဲ ၅း၉)။ ပဋိပက္ခတစ်ရပ်သည် မည်မျှပင်ဆိုးရွားသည်ဖြစ်စေ ၎င်းအခြေအနေထဲမှ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ဖော်ထုတ်ပေးရန် ဆုံးဖြတ်ဆက်ကပ်မှုနှင့်အတူ ရင်ကြားစေ့သူများက ပဋိပက္ခထဲသို့ ဝင်ရောက်လုပ်ကိုင်ကြပါသည်။ နိုင်ငံများနှင့် ပြည်သူလူထုတို့သည် စစ်နှင့်ပြည်တွင်းပဋိပက္ခတို့ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ကြေကွဲမှုများကို အစားထိုးရန် မိမိတို့ လူ့ဘောင်အဖွဲ့အစည်းများထဲတွင် အကျိုးပြုပြီး အပြုသဘောဆောင်သောအင်အားစုများနှင့် ဖွဲ့စည်းမှုအဆောက်အအုံများကို တည်ဆောက်ရန်ကြိုးပမ်းသော လုပ်ငန်းစဉ်အမျိုးမျိုးကို ဖွင့်ဆိုရန် 'ပဋိပက္ခကို အသွင်ပြောင်းလဲခြင်း' **(Conflict Transformation)** ဆိုသော စကားအသုံးအနှုန်းကို ယနေ့အခါ အသုံးပြုနေကြပါသည်။ ပဋိပက္ခကို အသွင် ပြောင်းလဲခြင်းတွင် မကောင်းမှုကို အကြမ်းမဖက်ဘဲရင်ဆိုင်ခြင်း၊ တရားမျှတမှုကို ရရှိစေခြင်း၊ သဘောတူညီမှုများရရန် စေ့စပ်ညှိနှိုင်းခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်မှုကို တိုးတက်ရရှိစေခြင်း စသော လုပ်ငန်းများပါဝင်ပါသည်။ ပဋိပက္ခများကို အပြုသဘောအသွင်ပြောင်းလဲစေဘို့ လုပ်ဆောင်ရန် ယေရှုက သူ့နောက်လိုက်များကို တာဝန်ပေးအပ်ထားသည်ဟု ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့လုပ်ဆောင်သူများသည် ဘုရားသခင်က ခရစ်တော်အားဖြင့် လုပ်ဆောင်ပြသခဲ့သည့်အတိုင်းပင်၊ ပဋိပက္ခကြောင့် နာကျင်ခံစားနေသူများကို ဂရုစိုက်ပြီး သနားကြင်နာကြသော ဘုရားသားတော်များအဖြစ် သူတို့ကိုယ်သူတို့ ပြသနေကြသောကြောင့် ဖြစ်ပါသည်။

တသီးပုဂ္ဂလ အနေဖြင့်ဖြစ်စေ၊ အသင်းတော်များအနေဖြင့် စုပေါင်း၍ဖြစ်စေ၊ ခရစ်ယာန်များ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဖြစ်မြောက်စေရန်နှင့် အားဖြည့်ပေးရန် ဤလက်စွဲစာစောင်ကို ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာအုပ်သည် ကျွန်ုပ်တို့၏ အခြေခံအရင်းအမြစ်ဖြစ်ပြီး ကျွန်ုပ်တို့၏တွေးခေါ်မှုနှင့် လုပ်ဆောင်မှုကိုပုံဖော်ပေးသော လမ်းညွှန်ဖြစ်ပါသည်။ 'ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သောအရာများ' (လုကာ ၁၉း၄၂ ကို ကြည့်ပါ) ကို ကျမ်းစာမှ သင်ယူရာမှာ သင်းအုပ်ဆရာများနှင့် ဆရာ၊ ဆရာမ များက သူတို့၏ ယုံကြည်သူ အပေါင်းအဖော်တို့ကို ဦးဆောင်ဘို့ရန် ဤလေ့လာမှုများက သူတို့အတွက် အထောက်အကူဖြစ်ပါလိမ့်မည်။

ဤလက်စွဲစာစောင်သည် အလေးထားရမည့် အချက်အလက်များကို သင်ယူသူများအား ညွှန်ပြရန် လေ့လာသင်ကြားရမည့် ကျမ်းပိုဒ်များကို ပေးထားရုံတင်မကပါ။ ကျမ်းစာသင်တန်းမှာ ပါဝင်သင်ကြားယူသူများအတွက် အကောင်းဆုံး သင်ယူမှုကိုရရှိစေမည့် ပညာရေးနည်းစနစ်များဆိုင်ရာ ညွှန်ကြားမှုများကိုလည်း ဤလက်စွဲစာစောင်က ဖော်ပြပေးထားပါသည်။ ဘုရားကျောင်းများတွင်ပြုလုပ်သော ကျမ်းစာသင်ကြားနည်း အများအပြားသည် လူများအား မှတ်မိသိရှိအောင်လှုံ့ဆော်မှု နည်းပါးလှပါသည်။ ထို့ကြောင့် ၎င်းကျမ်းစာသင်ကြားမှုများသည် လူတို့၏ နေ့စဉ်အသက်ရှင်မှုများအပေါ် ထိရောက်မှုအလွန်နည်းသွားပါသည်။ ဤလက်စွဲစာစောင်သည် သင်ယူသူများအနေဖြင့်

သင်ယူမှုဖြစ်စဉ်တွင် ပို၍ပြည့်ဝစွာအာရုံစိုက် စိတ်ဝင်စားစေမည့် ချဉ်းကပ်နည်းကို ပေးထားပါသည်။ ၎င်းနည်းဖြင့် သင်ယူခြင်းအားဖြင့် သင်ယူသူများသည် သင်ခန်းစာများကို ပို၍မှတ်မိပြီး ပဋိပက္ခကို သူတို့ရင်ဆိုင်သောအခါ ပို၍နက်နဲသောအသွင်ပြောင်းခြင်းကို သူတို့ တွေ့ကြုံခံစားနိုင်ကြပါသည်။

ငြိမ်းချမ်းခြင်းနှင့် စစ်သည် ကျမ်းစာထဲတွင် အဓိကအကြောင်းအရာများဖြစ်ကြပါသည်။ ဤလက်စွဲစာစောင်တွင် ကျမ်းစာထဲမှ ၎င်းအကြောင်းအရာများကို ပြည့်စုံသောလေ့လာမှု မစီစဉ်ပေးထားပါ။ ဤကိစ္စရပ်များကို ဆက်လက်လေ့လာလိုသူများအတွက် ကျမ်းစာကျောင်းစာကြည့်တိုက်များတွင် အထူးကောင်းမွန်သော စာအုပ်များစွာရှိပါသည်။ ဤလက်စွဲစာစောင်တွင်မူ ခရစ်ယာန်များနှင့် အသင်းတော်များအား သူတို့ဝန်းကျင်ရှိ ပဋိပက္ခများကို ကုစားမှု၊ မျှော်လင့်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း ရရှိလာစေရန် ပို၍ထိရောက်သောနည်းလမ်းများဖြင့် လုပ်ဆောင်နိုင်စေသော စိတ်ဓါတ်ရရှိစေဘို့ လေ့လာမှုများကို သီးသန့်တင်ပြထားပါသည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်ကျမ်းပိုဒ်များမှတဆင့် ရရှိထားသော ထိုးထွင်းသိမြင်စွမ်းနှင့် သင်ခန်းစာများအားဖြင့် လက်တွေ့ကျကျ ပဋိပက္ခများကို အသွင်ပြောင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ အထောက်အကူပြုနိုင်ရန် ဦးတည်ချက်နှင့် ဤလက်စွဲစာစောင်ကို ပြင်ဆင်ထားပါသည်။

# ပါဝင်ရောယှက်နည်းဖြင့်ကျမ်းစာသင်ကြားခြင်း

## (PARTICIPATORY BIBLE STUDY)

ကျောင်းသားများ၏ စိတ်အာရုံထဲသို့ မှန်ကန်သော သတင်းအချက်အလက်များအားလုံးကို ရိုက်သွင်းပေးမည့်သူ အဖြစ်နှင့် ဆရာကို ရှုမြင်သော ပုံစံဖြင့် ကျမ်းစာသင်ကြားခြင်း မြောက်များစွာကို ပြုလုပ်နေကြပါသည်။ ဆရာသည် ကျောင်းသားများ၏ ခွက်ဖလာများထဲသို့ လောင်းထည့်ပေးရမည့် ရေပုလင်းနှင့်တူပါသည်။ ဤနည်းမှာ ဆရာမှ ကျောင်းသားများထံသို့သွားသော တစ်လမ်းသွားသာဖြစ်ပါသည်။ ဤပုံစံနှင့်မတူသော နည်းတစ်ခုတွင် ကျောင်းသားများမှ မေးခွန်းများမေးခွင့်ရှိပြီး ဆရာက ပြန်ဖြေလိမ့်မည်။ သို့မဟုတ် တစ်ခါတစ်ရံ ကျောင်းသားများအချင်းချင်းဆွေးနွေးမှု ရှိပါမည်။ သို့ရာတွင် မည်သည့်အဓိပ္ပာယ်ကောက်မှုများနှင့် ယုံကြည်မှုများက ကျိုးကြောင်းညီညွတ်ခိုင်လုံကြောင်း ဆရာကသာ နောက်ဆုံးအဖြေပေးပါမည်။

ဤပုံစံသည် ပညာသင်ကြားရေးအတွက် သင့်လျော်သော ပုံစံဖြစ်နိုင်ပါသည်။ သို့ရာတွင် ဤကျမ်းစာသင်ကြားခြင်း လမ်းညွှန်ကမူ တမူကွဲပြားသော ချဉ်းကပ်နည်းကို ပေးထားပါသည်။ ၎င်းမှာ သင်ကြားမှု ဖြစ်စဉ်တွင် သင်ယူနေသူအားလုံး ပို၍ ပါဝင်ရောယှက်နိုင်သောနည်းဖြစ်ပါသည်။ ဤလက်စွဲစာစောင်တွင် တင်ပြထားသော ပုံစံသည် စာသင်သားများ အနေဖြင့် သူတို့၏ သင်ကြားယူမှုကို တာဝန်ယူရန် အားပေးထားပါသည်။ ထို့ပြင်ကျမ်းစာက ဘာတွေပြောသလဲဆိုသည်ကို ရှာဖွေ တွေ့ရှိရန် သူတို့ကို တိုက်ရိုက်ပါဝင်ပတ်သက်စေပါသည်။ ဤပုံစံသည် တစ်တန်းလုံး သို့မဟုတ် အုပ်စုလိုက် ပါဝင်ဆင်နွှဲ နေသူအားလုံးကို အတူတကွ ဆရာများဖြစ်စေရန် ဖိတ်ခေါ်ပါသည်။ အုပ်စုတစ်ခုလုံး၏ သင်ကြားမှုတွင် ပါဝင်အကြံပေး ရန် လူတိုင်းမှာ စိတ်ကူးတစ်စုံတစ်ရာ ရှိပါသည်။

ကျောင်းသားများ သင်ယူရရှိမှုအကြောင်း သုတေသနမှာ တွေ့ရသည်မှာ - လူတို့သည် သူတို့ဖတ်ရှုရသည်၏ ပျမ်းမျှ(၁၀%)ကို မှတ်မိပြီး ၊ သူတို့ကြားရသည်၏ (၂၀%)ကို မှတ်မိကြပါသည်။ ထို့ကြောင့် လက်ချာပေးခြင်းနှင့် ဖတ်ရန် အိမ်စာပေးလိုက်သည့် အများသုံးသင်ကြားမှုပုံစံသည် ရေရှည်ခံပညာရေးအတွက် ခရီးရောက်မှုနည်းပါးလှပါသည်။ ကျွန်ုပ်တို့သည် မျက်စိနှင့်မြင်တွေ့ရသည်၏ (၃၀%)ကို မှတ်မိပြီး မြင်လည်းမြင်၊ ကြားလည်းကြားရသည်၏ ၅၀%ကို မှတ်မိကြပါသည်။ ကျောက်သင်ပုန်း (သို့) ကြီးမားသော စာရွက်ချပ်ကြီးများပေါ်တွင် ရေးသားခြင်း (သို့မဟုတ်) လက်ကမ်း မှတ်စုများ စသည့် မြင်တွေ့ရသော သင်ခန်းစာများကို နှုတ်ဖြင့်တင်ပြခြင်းနှင့် ပူးတွဲလုပ်ဆောင်စေခြင်းသည် သင်ခန်းစာ၏ ပညာရေးဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုကို အံ့သြဖွယ်ရာတိုးပွားလာစေပါသည်။

လူတို့သည် အခြားသူများနှင့် တိုင်ပင်ဆွေးနွေးမှု၏ (၇၀%)ကို မှတ်မိကြပါသည်။ ထို့ကြောင့် အတန်းထဲမှာ သင်ကြားပြီးသော သင်ခန်းစာအကြောင်း အချင်းချင်း အပြန်အလှန်ဆွေးနွေးရန် ကျောင်းသားများကို အခွင့်အရေးပေး ခြင်းသည် သင်ခန်းစာကို သိမ်းဆည်းသိုမှီးထားနိုင်စွမ်းရည်ကို စံတင်လောက်အောင်တိုးတက်စေပါသည်။ ထို့အပြင် လူတို့သည် သူတို့ကိုယ်တိုင်ရှာဖွေ တွေ့ရှိရမှု၏ (၈၀%)ကို မှတ်မိကြပါသည်။ ထို့ကြောင့် ကျမ်းစာသင်ကြားမှုတစ်ရပ်တွင် ဆရာမ ပြောပြသည်ကိုထက် လူတို့သည် သူတို့ကိုယ်တိုင်တိုက်ရိုက်လေ့လာမှုအားဖြင့် ရှာဖွေတွေ့ရှိမှုကို ပို၍ မှတ်မိကြပါ သည်။ ရှာဖွေတွေ့ရှိရန် လုပ်ငန်းစဉ်တွင် တိုက်ရိုက်အာရုံစိုက်လုပ်ဆောင်ရန် လူတွေအတွက် အခွင့်အရေးများကို ကြံဆောင် ပေးခြင်းသည် ဟောပြောပို့ချမှုထက် ပို၍ထိရောက်သော သင်ကြားမှုနည်းစနစ်တစ်ခုဖြစ်ပါသည်။ သင်ခန်းစာများကို

အခြားသူများအား သင်ကြားပို့ချပေးသူများသည် သူတို့ သင်ယူရရှိမှု၏ (၉၅%) ကို မှတ်မိပေလိမ့်မည်။ ဤသို့ ပို့ချခြင်းပုံစံကို ကျမ်းစာသင်ကြားမှုတစ်ရပ်တွင် အုပ်စုများအချင်းချင်း ပြန်လည်အစီရင်ခံစေခြင်းဖြင့် လုပ်ဆောင်နိုင်သည်။ ထို့အပြင် ၄င်းပါဝင်သင်ယူသူများအား အခြားအခြေအနေများတွင် ဆရာလုပ်ရန် အားပေးခြင်းလည်းလုပ်နိုင်ပါသည်။

လူတို့သည် ပုံစံအမျိုးမျိုးအားဖြင့် သင်ယူနိုင်ကြပါသည်။ သင်ယူမှု ပုံစံတစ်ခုမှာ အမြင်အာရုံကိုအသုံးပြုခြင်း **(Visual)** ဖြစ်ပြီး ကျွန်ုပ်တို့ မျက်စိများကို အသုံးပြုပါသည်။ သင်ပုန်းများပေါ်မှာရေးသားခြင်း (သို့) နံရံကပ်ဇယားချပ်များ၊ ပိုစတာများ၊ လက်ကမ်းဝေစာများ၊ ရုပ်ပြစက် ပရိုဂျက်တာဖြင့် ထိုးပြခြင်း (သို့) ဗီဒီယိုပြခြင်းတို့အားလုံးသည် ကျွန်ုပ်တို့ ဦးနှောက်၏ တံခါးပေါက်များအဖြစ် ကျွန်ုပ်တို့မျက်စိများကို အသုံးပြုပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ဘာသာစကားသည် 'ငါဆိုလိုတာကို မင်းမြင်သလား' ဆိုသည့်စကားမျိုးဖြင့် အမြင်အာရုံပုံစံဖြင့် သင်ယူမှုကိုအစပျိုးပေးပါသည်။

အကြားအာရုံ **(Auditory)** ဖြင့် သင်ယူမှုတွင် ကျွန်ုပ်တို့နားများကို အသုံးပြုပါသည်။ လက်ချာ ဟောပြောပို့ချခြင်းတို့သည် အကြားအာရုံသင်ယူမှုအတွက် အသုံးများသာပုံစံဖြစ်ပါသည်။ ပုံပြောပြခြင်းနှင့် အသံထွက်စာဖတ်ရန် လက်ကမ်းစာရွက်များသည်လည်း အကြားအာရုံဆိုင်ရာဖြစ်ပါသည်။ ဘာသာစကားတွင် ' ရင်ထဲတွင် ရထားဆယ်စင်းခုတ်မောင်းသွားသလိုမြည်ဟီးသွားပါသည်' အစရှိသည့် အကြားအာရုံ ဥပမာစကားမျိုးသုံးတတ်ကြပါသည်။

လှုပ်ရှားခြင်း ဆိုင်ရာ **(Kinesthetic)** သင်ယူမှုသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများနှင့် သက်ဆိုင်သည်။ ထိတွေ့ခြင်းနှင့် ရွေ့လျားလှုပ်ရှားမှုတို့ ပါဝင်ပါသည်။ နှုတ်အားဖြင့် ပြောဆိုနေသောအချက်တစ်ခုနှင့်သက်ဆိုင်သော လက်ဟန်ခြေဟန်ပြုလုပ်မှုများသည် လှုပ်ရှားခြင်း ဆိုင်ရာဖြစ်ပြီး သင်ကြားခြင်းတွင် ရွေ့လျားလှုပ်ရှားမှုကို ပူးတွဲပါဝင်စေပါသည်။ လူတွေကို သူတို့၏ ကုလားထိုင်မှထစေပြီး ကိုယ်ခန္ဓာလှုပ်ရှားစေသောလုပ်ဆောင်မှုများသည် သင်ယူမှုအတွက် လှုပ်ရှားမှုဆိုင်ရာလမ်းကြောင်းသို့ ဦးတည်နှိုးဆွပေးပါသည်။ သရုပ်သကန်ဖန်တီးခြင်း လေ့ကျင့်ခန်းများနှင့် ဇာတ်သရုပ်ဆောင်ခြင်းသည် လူတို့အား ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားလုပ်ဆောင်စေပါသည်။ ဘာသာစကားသည် 'ဒီအားပေးမှုက သင့်ကို ရှေ့သို့ တိုးသွားစေပါသလား' ဆိုသော ဥပမာစကားမျိုးဖြင့် လှုပ်ရှားမှုဆိုင်ရာ သင်ယူမှုကို လှုံ့ဆော်ပေးနိုင်ပါသည်။

စိတ်ခံစားမှုဆိုင်ရာ **(Emotional)** သင်ယူမှုသည် သင်ယူသူအား စိတ်နှလုံးအဆင့်တွင် အာရုံခံစားစေပါသည်။ ပုံပြင်များသည် ပြောပြခြင်း၊ ကြားနာရခြင်း နှင့် သက်ဆိုင်သည်သာမက၊ နားထောင်နေသူများ၏ စိတ်လှုပ်ရှားခံစားမှုကိုလည်း ဖြစ်စေလေ့ရှိပါသည်။ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းကို သက်သေခံပြခြင်းများသည် စိတ်နှလုံးကို ထိခတ်စေပြီး သင်ယူမှုလုပ်ငန်းစဉ်တွင်းသို့ စိတ်လှုပ်ရှားခံစားမှု ပါဝင်လာစေပါသည်။ ဘာသာစကားသည် 'အဲဒါကို သင်နားလည်ခံစားနိုင်သလား' ဆိုသည့် ဥပမာစကားမျိုးဖြင့် စိတ်ခံစားမှုဆိုင်ရာသင်ယူမှုကို လှုံ့ဆော်ပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ အာရုံငါးပါးမှ တစ်ခုခုသာချို့ယွင်းမှုမရှိပါက အထက်ပါပုံစံတိုင်းဖြင့် ကျွန်ုပ်တို့အားလုံးသင်ယူရရှိနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့တစ်ဦးစီတွင် ကျွန်ုပ်တို့သင်ယူရရှိနိုင်ရန် အခြားပုံစံများထက်ပို၍ အဓိကကျသော စတိုင်တစ်ခုနှစ်ခုတော့ရှိကြပါသည်။ မည်သည့်အုပ်စုတွင်မဆို စာသင်သားများသည် ဤပုံစံများထဲမှ ပုံစံတစ်ခုစီတွင် သူတို့၏သင်ယူနိုင်မှု အခြေခံပုံစံရှိကြပါလိမ့်မည်။ ထို့ကြောင့် ဆရာတစ်ဦးတွက် စိန်ခေါ်ချက်မှာ သင်ယူမှုပုံစံအမျိုးမျိုးအဖုံဖုံစီစဉ်ပေးရန်ဖြစ်ပါသည်။ ပညာသင်ယူမှုလုပ်ငန်းစဉ်၏ တစ်ချိန်ချိန်တွင် ပုံစံလေးမျိုးစလုံးကို အကောင်းဆုံးအသုံးချပေးရပါမည်။ ပညာသင်ယူမှုအတွေ့အကြုံတစ်ခုလုံးတွင် ပုံစံပိုများများ ကွန်ယက်ထည့်ပေးနိုင်လေ၊ သင်ယူသူ၏အသိဉာဏ်နှင့် စိတ်နှလုံးထဲသို့ ပို၍များများ စီးဆင်းဝင်ရောက်သွားနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုပုံစံများအတွက် နည်းနာကရိယာများ (Tools For Learning Styles)

| အမြင်အာရုံ (Visual) | အကြားအာရုံ (Auditory) | လှုပ်ရှားမှုဆိုင်ရာ (Kinesthetic) | စိတ်ခံစားမှုဆိုင်ရာ (Emotional) |
|---|---|---|---|
| သင်ပုန်းကြီးများ | ပုံပြောခြင်း | ပြဇာတ်ပြခြင်း | သက်သေခံခြင်းများ |
| ပိုစတာများ | အသံထွက်ဖတ်ခြင်း | သရုပ်သကန်ဖန်တီးခြင်း | ပုံပြင်များ |
| နံရံကပ်ဇယားများ | ဟောပြောပို့ချခြင်း | လေ့ကျင့်ခြင်း | ဗီဒီယို |
| ပရိုဂျက်တာဖြင့် | တိတ်ခွေများ | လက်ဟန်ခြေဟန် | သီချင်းဆိုခြင်း |
| ရုပ်ထိုးပြခြင်း | သီချင်းဆိုခြင်း | ဂိမ်းကစားခြင်း | ဇာတ်သရုပ်ဆောင်ခြင်း |
| ဗီဒီယိုများ | ဘာသာစကား | ခုံပေါ်မှထခြင်း | သရုပ်သကန်ဖန်တီး |
| လက်ကမ်းစာများ | ကိုကြားနာရခြင်း | အမူအရာနှင့်သီချင်းဆိုခြင်း | လေ့ကျင့်ခန်းများ |
| အမြင်အာရုံဆိုင်ရာ ဘာသာစကား | | လှုပ်ရှားမှုဘာသာစကား | ဘာသာစကားကိုခံစားခြင်း |

သင်ယူမှုအတွေ့အကြုံ ပို၍ကြွယ်ဝထိရောက်စေရန် ကျမ်းစာသင်ကြားဦးဆောင်သူ ဆရာတစ်ဦးအတွက် အထောက်အကူကရိယာများမှာ စကားပြောခြင်း၊ အားလုံးမြင်သာအောင် စာလုံးကြီးကြီးရေးခြင်း၊ လက်ဟန်ခြေဟန်အသုံးပြုခြင်း အလုပ်မှတ်တမ်းစာရွက်များပေးခြင်း၊ လူတွေကို အုပ်စုကြီးကြီးဖွဲ့ပေးလိုက်၊ အုပ်စုငယ်ဖွဲ့ပေးလိုက်နှင့် အပြောင်းအလဲ လုပ်ပေးခြင်း၊ ဇာတ်သရုပ်ဆောင်စေခြင်း၊ ပုံပြင်များကို သရုပ်ဖော်စေခြင်း၊ ပုံပြောပြခြင်း၊ လူတွေကို ကျမ်းစာပုံပြင်နှင့်တိုက်ဆိုင်သော သူတို့ကိုယ်ပိုင်ဇာတ်လမ်းများကို ဝေငှစေခြင်း စသည်တို့ဖြစ်ပါသည်။

ဤလက်စွဲစာစောင်မှ လေ့လာမှု လမ်းညွှန်များသည် ပုံစံများများအသုံးပြုခြင်းနှင့် သင်ယူသူ သင်တန်းသားများ၏ ပါဝင်ရောယှက်ခြင်းကို အားပေးထားပါသည်။ အုပ်စု၏လိုအပ်မှုအပေါ်မူတည်ပြီး ကျမ်းစာသင်ကြားမှု အစီအစဉ်များကို ပြင်ဆင်ပြောင်းလဲယူရန် ကျမ်းစာသင်ကြားဦးဆောင်သူကို အားပေးထားပါသည်။ ဇာတ်သရုပ်ဆောင်တစ်ခုကို ထပ်ထည့်စေခြင်း (သို့) အုပ်စုအရွယ်အစားများကို ပြောင်းလိုက်ခြင်းတို့သည် သင့် သင်တန်းသားများ၏ သင်ယူမှုအတွေ့အကြုံကို ပို၍ ပြည့်စုံကြွယ်ဝသွားစေနိုင်ပါမည်။

ပါဝင်ရောယှက်ခြင်းနည်းကို အသုံးပြုခြင်းသည် အုပ်စုထဲမှ အံ့သြဖွယ်ရလဒ်ကို ဖြစ်ပေါ်ရရှိစေနိုင်ပါလိမ့်မည်။ အုပ်စုပါဝင်ဆင်နွှဲခြင်းသည် မျှော်မှန်းထားသည်ထက်ပိုသော အခြားသင်ခန်းစာများကို ဖော်ထုတ်စေနိုင်ပါသည်။ ဤကဲ့သို့ သစ်လွင်သော ထိုးထွင်းမြင်နိုင်စွမ်းများနှင့် ကျင့်သုံးမှုများသည် ကောင်းမြတ်လှပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာသည် မည်သည့်ဆရာတစ်ဦးတစ်ယောက်ထက်မဆို ကျွန်ုပ်တို့ကို သင်ကြားပေးစရာပို၍ များပြားလှပါသည်။ ပါဝင်ရောယှက်စေခြင်းနည်းစနစ်များအားဖြင့် အုပ်စု၏ အသိဉာဏ်ပညာကို ဆွဲထုတ်ရန် 'သင်ကြားနိုင်သော အချိန်အခါများ' ကိုအသုံးချခြင်းသည် အပိုင်းကဏ္ဍတစ်ခုစီ၏ အဆုံးမှာရေးထားသော 'သင်ခန်းစာမှ ထိုးထွင်းသိမြင်မှုများ' ထက် လူတွေကို များစွာပို၍ သင်ယူရရှိစေနိုင်စွမ်းပါသည်။ ဂရုတစိုက်အစီအစဉ်ပြုလုပ်ခြင်း၊ အုပ်စု၏ လုပ်ငန်းစဉ်များနှင့် ထိုးထွင်းမြင်နိုင်စွမ်းတို့ကို အလျှော့အတင်းပြုလုပ်ခြင်းနှင့် ပွင့်လင်းမှုရှိစေခြင်းအားဖြင့် ဆရာသည် စိတ်လှုပ်ရှားဖွယ်ရာကောင်းပြီး ပြောင်းလဲမှုရစေသော ကျမ်းစာသင်ကြားမှုများကို ဦးဆောင်နိုင်ပါသည်။

# ကျမ်း စာ သင် ကြား ရာ တွင် ယဉ် ကျေး မှု ပေါင်း စုံ ကို လေ့ လာ ခြင်း

## (CROSSING CULTURES IN BIBLES STUDY)

ကျွန်ုပ်တို့ ကျမ်းစာသင်ကြားသည့်အခါတိုင်းတွင် မတူညီသော ယဉ်ကျေးမှုများ အပြန်အလှန် အကျိုးသက်ရောက်ခြင်းကို ကျွန်ုပ်တို့ ကြုံတွေ့ရပါသည်။ ကျမ်းစာထဲမှ မည်သည့်ယဉ်ကျေးမှုလောကထဲမှာမှ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်မျှ အသက်ရှင်နေခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ၎င်းယဉ်ကျေးမှုများနှင့် ပထဝီအနေအထားအရနှင့် အချိန်အခါ၊ ဘာသာစကားအားဖြင့် ကွဲပြားနေကြသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ကျမ်းစာယဉ်ကျေးမှုတစ်ခုတည်းရှိသည် မဟုတ်ပါ။ ကျမ်းစာထဲမှ ရေးသားထားချက်များမှာ နှစ်ပေါင်း (၂၀၀၀) ကျော်မျှသော အချိန်ကို ဖြန့်ကျက်ထားပါသည်။ ဤရာစုနှစ်များတလျှောက် ဟီဗရူး နှင့် ယုဒ ယဉ်ကျေးမှုကလည်း အရှိန်အဟုန်ကြီးမားစွာ ပြောင်းလဲလာခဲ့သည်။ ကျမ်းစာယဉ်ကျေးမှုများစာရင်းတွင် ဖခင်ယောက်ျားများကြီးစိုးသော **(Patriarchs)** ရေကြည်ရာမျက်နုရာ လှည့်လည်သွားလာသော ယဉ်ကျေးမှု၊ ကြာသရေလလူမျိုးစုနွယ်ခေတ် အစောပိုင်းက တောနယ်၊ မြို့ငယ်ယဉ်ကျေးမှု၊ ဒါဝိဒ်အနွယ်ဘုရင်များ၏ မြို့ပြဗဟိုပြုယဉ်ကျေးမှု၊ နေရာဒေသစွဲမဟုတ်ဘဲ ဘာသာရေးအပေါ်အခြေခံထားသော ကိုယ်တိုင်ဖြစ်တည်မှု **(Identity)** ကို တည်ဆောက်သော ပြည်နှင်ဒဏ်ခံ ယုဒလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဂရိလူမျိုးနှင့် ရောမလူမျိုးတို့၏ ကြီးစိုးမှုနှင့် အပြန်အလှန် အကျိုးသက်ရောက်နေသော လူမျိုးပေါင်းစုံယဉ်ကျေးမှုစသည့် ယဉ်ကျေးမှုအမျိုးအစားများပါဝင်ပါသည်။

လူ့ဘောင်ဇာတ်လမ်းများတွင် ဖြစ်သင့်သကဲ့သို့ပင် ကျမ်းစာဇာတ်လမ်းများသည်လည်း အလွန်သီးသန့်ဆန်ပါသည်။ ကျမ်းစာဇာတ်လမ်းများသည် ထိုအချိန်အခါက ယဉ်ကျေးမှုနောက်ခံ၏ သီးခြားလက္ခဏာများနှင့် လွှမ်းခြုံထားပါသည်။ တစ်ခါတစ်ရံအစောပိုင်းကာလ (သို့) ကွဲပြားသော ယဉ်ကျေးမှုတွင်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကို ပြောပြရာတွင်၊ နောက်ပိုင်းကာလ၏ ယဉ်ကျေးမှု လွှမ်းထားသည်လည်းရှိပါသည်။ ထိုသို့ရှေးအခါက ဇာတ်လမ်းကို ကျွန်ုပ်တို့ဖတ်သောအခါ ပညတ်ချက်များ (သို့) စိတ်ကူးစိတ်သန်းများကိုပင် ကျွန်ုပ်တို့၏ ခေတ်အချိန်အခါ နှင့် နေရာဒေသသို့ လွှဲပြောင်းယူလိုက်ခြင်းကို မလုပ်သင့်ပါ။ ဇာတ်လမ်းမှ ယဉ်ကျေးမှု၏ ရေခံမြေခံသီးသန့်အခြေအနေတွင် ဖွင့်လှစ်ပြသော အခြေခံသဘောတရားများ၊ တန်ဖိုးထားမှုများနှင့် ဝိညာဉ်ရေးဆိုင်ရာအင်အားစုများကို ဆုပ်ကိုင်ဖမ်းမိနိုင်ရန် ထိုဝေးကွာလှသော ယဉ်ကျေးမှု၏ သီးခြားနောက်ခံအခြေအနေထဲသို့ ကျွန်ုပ်တို့ဝင်ရောက်ကြည့်ကြရန် လိုအပ်ပါသည်။ ကျမ်းစာကျောင်းတက်ခဲ့ပြီးသော ဆရာများသည် ကျမ်းစာပါယဉ်ကျေးမှုများအကြောင်း သူတို့သင်ကြားခဲ့ရသည်မှ ပြန်ဆွဲထုတ်အသုံးပြုရန် လိုပါမည်။ ကျမ်းစာကျောင်းစာကြည့်တိုက်တစ်ခုမှ (သို့) နီးစပ်ရာ သင်းအုပ်ဆရာတစ်ဦးထံမှ ကျမ်းစာဆိုင်ရာ သမိုင်းအကြောင်းစာအုပ်များကို ဆရာက ရယူနိုင်ပါက ဇာတ်လမ်းတစ်ပုဒ်၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ရေခံမြေခံအခြေအနေအကြောင်း သုတေသနအနည်းငယ် ပြုလုပ်နိုင်လျှင်၊ ကျမ်းပိုဒ်ကို သင်ကြားရာမှာ အထူးတလည် ပြည့်စုံကြွယ်ဝစေနိုင်ပါသည်။

ကျမ်းစာပုံပြင်ဇာတ်လမ်း၏ သင်ခန်းစာများ (သို့) သင်ကြားမှုများကို နဂိုမူလရေခံမြေခံအခြေအနေနှင့် နားလည်ထားပြီး ဆိုပါက ၎င်းအခြေခံသဘောတရားများနှင့် ဝိညာဉ်ရေးဆိုင်ရာ အင်အားစုများကို ကျွန်ုပ်တို့၏ လက်ရှိခေတ်ပြိုင်အခြေအနေအတွင်းသို့ ဆွဲယူသက်ဆိုင်စေနိုင်ပါသည်။ ၎င်းအခြေခံသဘောတရားများနှင့်တန်ဖိုးထားမှုများကို ဘာကတည်ဆောက်ထားသလဲဆိုသည်ကို ကျွန်ုပ်တို့မေးခွန်းထုတ်ပြီး ဝိညာဉ်ရေးဆိုင်ရာ အင်အားစုများသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနောက်ခံထဲတွင်ယနေ့ ကျွန်ုပ်တို့နှင့်အတူရောက်လာရရှိနိုင်ပါသည်။ တူညီသော ဝိညာဉ်ရေးဆိုင်ရာအခြေခံသဘောတရားတစ်ခုတည်းပင်လျှင်မတူညီသော ယဉ်ကျေးမှုတွင် အလွန်ကွဲပြားသော ပုံသဏ္ဍာန်ဆောင်နိုင်ပါသည်။ ဥပမာ

အားဖြင့် အိန္ဒြေရသောဝတ်စားဆင်ယင်မှုအကြောင်း သင်ကြားသောအခါ သင့်တင့်လျောက်ပတ်သော ဝတ်စားဆင်ယင်မှုနှင့် သက်ဆိုင်သော ယဉ်ကျေးမှုစံနှုန်းတို့အပေါ် မူတည်၍ အလွန်ကွဲပြားသောပြောဆိုသင်ကြားမှုများကို ဖြစ်စေနိုင်ပါသည်။

ဤကဲ့သို့ ယဉ်ကျေးမှုများ စုပေါင်းပါဝင်နေမှုကို 'အဓိပ္ပါယ်ကောက်ယူခြင်း' သည် ပဋိပက္ခနှင့် ပဋိပက္ခအသွင်ပြောင်းခြင်းကို လေ့လာသင်ကြားရာမှာ အထူးသဖြင့် အရေးကြီးပါသည်။ပဋိပက္ခဖြစ်နေသော အုပ်စုများ အချင်းချင်းကြားတွင်ရှိသောပြဿနာများနှင့် ရေးရာကိစ္စများ၏ သီးခြားအသေးစိတ်အချက်အလက်များဖြင့် ပဋိပက္ခအများစုတွင် ပြည့်နှက်နေကြပါသည်။ ၎င်းသီးခြားအကြောင်းအချက်များသည် ကျွန်ုပ်တို့နှင့်အလွန်စိမ်းတတ်ပါသည်။ ထိုအခါ ၎င်းကျမ်းပိုဒ်များကို ကျွန်ုပ်တို့ခုန်ကျော်သွားပြီးပို၍ နားလည်လွယ်သော ကျမ်းပိုဒ်များကိုသာ အာရုံပြုမိစေပါသည်။ ကျမ်းပိုဒ်များကို အချိန်အနည်းငယ်ပိုယူခြင်း၊ ထိုဝေးလံလှသော်လည်း လူသားဆန်လှသော အတွေ့အကြုံများအား ကျွန်ုပ်တို့၏လှုပ်ရှားမှုနှင့် စိတ်ကို အာရုံဖမ်းစားနိုင်ရန် ပြဇာတ်ပြုနည်းကို အသုံးချနိုင်သည်။ ထိုအခါ ပထမ တစ်ချက်ကြည့်လိုက်လျှင် ရှုပ်ထွေးပြီး ကျွန်ုပ်တို့အတွက် စိမ်းနေသလိုဖြစ်နေသည့် ဇာတ်လမ်းများကို ပွင့်လင်းရှင်းလင်းစွာ ကျွန်ုပ်တို့မြင်လာနိုင်ပါမည်။

ယဉ်ကျေးမှုအမျိုးစုံပါသော ကျမ်းစာသင်ကြားခြင်းကို လုပ်ဆောင်ရာမှာ ကျွန်ုပ်တို့သည် အောက်ပါ မေးခွန်းများကို ထုတ်နိုင်ပါသည်။

- ကျမ်းစာဇာတ်လမ်းတွင် ဘာတွေဖြစ်ပျက်နေသလဲ။
- ထိုလုပ်ဆောင်မှုများ(သို့)ဖြစ်ရပ်များသည်ထိုသို့ခံစားတွေ့ကြုံနေရသော လူတို့အတွက် ဘာအဓိပ္ပာယ်သက်ရောက်ပါသလဲ။
- လုပ်ဆောင်မှုများနှင့် ဖြစ်ရပ်များမှ သူတို့သင်ယူရရှိသောပဋိပက္ခနှင့် ပြန်လည်သင့်မြတ်ခြင်း အကြောင်းအပါအဝင် ဝိဉာဉ်ရေးရာသင်ခန်းစာများကား အဘယ်နည်း။
- ၎င်းဝိဉာဉ်ရေးရာ သင်ခန်းစာများသည် ကျွန်ုပ်တို့၏ ရေခံမြေခံအခြေအနေတွင် ဘာကိုပြောဆိုနေမည်နည်း။
- ၎င်းသင်ခန်းစာများကို လက်တွေ့ကျင့်သုံးရန် ကျွန်ုပ်တို့၏ဘဝ၊ ကျွန်ုပ်တို့၏ပဋိပက္ခများ၊ ကျွန်ုပ်တို့၏ ဆက်သွယ်ဆက်ဆံမှုများတွင် ကျွန်ုပ်တို့ဘာကို လုပ်နိုင်ပါသလဲ။

ကျမ်းစာပါ ယဉ်ကျေးမှုကို ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသို့ မှန်ကန်ပြည့်စုံစွာ ကူးပြောင်းအဓိပ္ပာယ်ကောက်ယူနိုင်မည် မဟုတ်ပါ။ သို့ရာတွင် ဘုရားသခင်က ယနေ့ ကျွန်ုပ်တို့ကို ဘာပြောနေသလဲဆိုသည်ကို နက်နဲစွာ သဘောပေါက်နိုင်ကြပါမည်။ ကျမ်းစာဇာတ်လမ်းများထဲတွင် ကျွန်ုပ်တို့ကိုယ်ကို နစ်မြုပ်စေရန် ကြိုးစားရင်း ဘုရားသခင်၏ ပုံပြင်က ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဇာတ်လမ်းများထဲသို့ သစ်လွင်လန်းဆန်းသောပုံစံ ဖြင့် ချင်းနင်းဝင်ရောက်လာသည်ကို ကျွန်ုပ်တို့တွေ့ရှိရပါမည်။

# ဤ ကျမ်း စာ သင် တန်း လက် စွဲ စာ စောင် ကို အ သုံး ပြု နည်း

## (HOW TO USE THIS BIBLE STUDY MANUAL)

ဤလက်စွဲစာစောင်အား ရေရှည်ကျမ်းစာသင်တန်းကြီးတစ်ခုအတွက် အသုံးပြုနိုင်ပါသည်။ (သို့) ဤလက်စွဲမှာ ပေးထားသော ကျမ်းပိုဒ်များအနက်တစ်ခုတည်းကိုလေ့လာရန်လည်း အသုံးပြုနိုင်ပါသည်။ သင်ကြားမှုတစ်ခုစီအတွက် ဆရာသည် ကျမ်းပိုဒ်ကို အခေါက်ရေများစွာဖတ်သင့်ပါသည်။ နောက်ခံမှတ်စုများသည် ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အကြောင်းကိစ္စအချို့ကိုနားလည်စေရန် အထောက်အကူပေးနိုင်ပါသည်။ သို့တည်းမဟုတ် ကျမ်းစာထဲမှ ဇာတ်လမ်း၏ ပိုကျယ်ပြန့်သော ရေခံမြေခံအခြေအနေကိုနားလည်ရန်လည်း အထောက်ကူပြုပါသည်။ ကျမ်းစာထဲမှ အမျိုးစုံသောယဉ်ကျေးမှုများကို သင့်လက်ရှိအခြေအနေနှင့် သက်ဆိုင်မှုကို မေးခွန်းထုတ်ကြည့်ပါ။ လက်စွဲစာစောင်ထဲမှ သီးသန့်ကဏ္ဍအတွက် မေးခွန်းများကိုလေ့လာပါ။ ‘သင်ခန်းစာနှင့်ပတ်သက်ပြီး ထိုးထွင်းမြင်ရမှုများ’ကို ‘အရေးကြီးသော အချက်များ’ နှင့် တွဲ၍မှတ်သားပါ။‘သင်ခန်းစာထိုးထွင်းမြင်ရမှုများ’သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းတွင် အလွန်အသုံးဝင်သော အကြောင်းအရာများကို မီးမောင်းထိုးပြပါသည်။ ၄င်းမေးခွန်းများ နှင့် အချက်အလက်များကို နှလုံးသွင်း လျက်စာပိုဒ်ကို ပြန်လေ့လာပါ။ ဇာတ်လမ်းနှင့် သဘောတရားများကို သင်အကျွမ်းတဝင်ခံစားရကြောင်း သေချာစေပါ။

သင်ကြားရန်ချဉ်းကပ်နည်းကိုရွေးချယ်ပါ။ သင့်ကိုယ်ပိုင်အတွေ့အကြုံအရသော်လည်းကောင်း၊ အုပ်စု၏ လိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရသော်လည်းကောင်း၊ သင်ခန်းစာပြင်ဆင်ထားမှုကို ဖြည့်ဆည်းရန် (သို့) ပြင်ဆင်ရန် စိတ်လွတ်လပ်မှုရှိပါ။ သင်ယူမှုလုပ်ငန်းစဉ်တွင် အုပ်စုအဖွဲ့ဝင်များ အားလုံး၏ ပါဝင်ဆင်နွှဲမှုတိုးပွားလာရန် နည်းလမ်းများကို ရှာကြံစဉ်းစားပါ။ သင်ယူမှုပုံစံတိုင်းကို အထောက်အကူပြုရန် ကရိယာတန်ဆာအမျိုးမျိုးနှင့် သင်ကြားနည်းစနစ်အမျိုးမျိုး ကို အသုံးချပါ။ အတန်းသားပါဝင်ဆင်နွှဲသူများအတွက် သင်ယူမှုလုပ်ငန်းစဉ်ကို သင် စီစဉ်လုပ်ဆောင်ရင်း သင်ခန်းစာမှာ ပေါ်လာရန် လိုအပ်သည့် အဓိက သော့ချက်အချို့ကို နှလုံးသွင်းထားပါ။ အကယ်၍ အုပ်စုအနေနှင့် ကျမ်းပိုဒ်ကို သူတို့ ကိုယ်တိုင် ရှာဖွေလေ့လာပြီး ၄င်းအချက်တို့ကို မေးခွန်းထုတ်လာခဲ့ပါက သင့်အနေနှင့် ၄င်းအချက်တို့ကို အထူးအာရုံစိုက် စေပြီး ထိုအချက်တို့ကို တစ်ခါပြန်တင်ပြခြင်းဖြင့် ၄င်းတို့ကို အသားပေးအလေးထားစေနိုင်ပါသည်။

အုပ်စုအနေနှင့် ၄င်းအချက်တို့ကို မေးခွန်းထုတ်မလာခဲ့ပါက၊ သင်ကြားမှုနောက်ပိုင်းတွင် ၄င်းတို့ကို သင်ဖော် ထုတ်ပြောပြနိုင်ပါသည်။ အုပ်စု၏တွေးခေါ်မှုကို ထိုအချက်များဖက်သို့ ဦးတည်လာစေရန် သူတို့ကို သင်မေးခွန်းတစ်ခုခု မေးလိုက်နိုင်ပါသည်။ သင်ကြားမှုအပိုင်းနောက်ဆုံးတွင်မှ ၄င်းအချက်တို့ကို ညွှန်ပြလိုက်ခြင်း သက်သက်မပြုလုပ်ဘဲ၊ အုပ်စုဆွေးနွေးပွဲတွင်သင့်လျော်သောနေရာမှာ ၄င်းအချက်တို့ကို ပါဝင်လာစေခြင်းက အကောင်းဆုံးဖြစ်ပါသည်။ သင်မမြင်ခဲ့မိ၊ မစဉ်းစားခဲ့မိသော အကြောင်းအရာများအပါအဝင် အချက်အလက်ကောင်းမြောက်များစွာပင် ပါဝင်ဆင်နွှဲ သူများထံမှ ပေါ်ထွက်လာမည်ကို ယုံကြည်ပါ။ အမှန်ပင် သင်နှင့် ဤလက်စွဲစာစောင်ရေးသားသူတို့ မစဉ်းစားခဲ့မိသော ကျမ်းစာသင်ကြားရာမှာ ကျင့်သုံးနိုင်သော ထိုးထွင်းမြင်နိုင်မှုများ၊ အိုင်ဒီယာအတွေးအခေါ်များနှင့် နည်းလမ်းများ အုပ်စုထဲမှ ထွက်ပေါ်လာမည်ကို သင်မျှော်လင့်ထားပါ။ ဤသို့ထွက်ပေါ်လာလျှင် ကောင်းပါသည်။ ထိုအခါ သင်သည် ဆရာတစ်ဦး အဖြစ်သာမက သင်ယူသူ စာသင်သားအဖြစ်လည်း ခံယူနိုင်ပါမည်။ ကျမ်းစာနှင့်ရှာဖွေလေ့လာသောခရီးစဉ်တွင် ကြွယ်ဝ သောဉာဏ်ပညာကို သိမ်းသွင်းယူဆောင်လာသူအုပ်စုအဖွဲ့ဝင်များအား အသိအမှတ်ပြုပါ။ ချီးမွမ်း၍ ကျေးဇူးတင်ပါ။

သင်ကြားမှုအပိုင်းကဏ္ဍအများစုသည် အုပ်စုငယ်များနှင့် လုပ်ဆောင်ခြင်းပါဝင်ပါသည်။ သင်ကြားမှုအပိုင်းကဏ္ဍအချို့မှာ ဇာတ်သရုပ်ဆောင်မှုများ (သို့) ဇာတ်လမ်းတိုများ ပါဝင်ပါသည်။ ဤလုပ်ဆောင်မှုများပို၍ လွယ်ကူချောမောစွာ လုပ်နိုင်ရန် အခန်းကို စီစဉ်ထားသင့်ပါသည်။ ရွှေ့ပြောင်းနိုင်သော ကုလားထိုင်များသည် အကောင်းဆုံးဖြစ်ပါသည်။ ဇာတ်သရုပ်ဆောင်လုပ်ဆောင်မှုများကို အလယ်မှာလုပ်နိုင်ပြီး လူတိုင်းကောင်းကောင်းမြင်တွေ့နိုင်ရန် ခုံများကို စက်ဝိုင်းပုံ (သို့မဟုတ်) စက်ဝိုင်းခြမ်းပုံများနှင့် ချထားနိုင်ပါသည်။ အုပ်စုငယ်များအတွက် အုပ်စုသုံးခု၊ လေးခု ရအောင် ခုံများကို နေရာ ရွှေ့ထားပြီး တစ်တန်းလုံးပြန်စုပေါင်းသောအခါ မူလစက်ဝိုင်းပုံစံသို့ ပြန်ယူချထားနိုင်ပါသည်။

သင်ပြင်ဆင်မှုကို စမလုပ်မီနှင့် အတန်းမစခင် ဆုတောင်းပါ။ သင်သည် အဆုံးစွန်သော ဆရာမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်ကသာ အဆုံးစွန်ဆရာဖြစ်ပါသည်။ သင်တန်းမှာ ပါဝင်နေသူများ၏ သင်ယူရရှိမှုနှင့်တိုးတက်ကြီးထွားလာမှုအတွက် ဝိညာဉ်တော်က ကျမ်းစာထဲတွင် ထည့်သွင်းထားသည်များကို လက်ခံနိုင်ရန် သင်တန်းသားများ၏ အသိဉာဏ်နှင့် စိတ်နှလုံးကို ဖွင့်လှစ်ပေးရန် ဝိညာဉ်တော်က အသုံးပြုသော သင်ကြားမှုကိရိယာတစ်ခုအဖြစ်နှင့်သာ သင့်အခန်းကဏ္ဍကတည်ရှိနေပါသည်။ ဝိညာဉ်တော်က သင့်အတန်းထဲသို့ 'သင်ကြားပေးနိုင်သော အချိန်အခါများ' ကို ယူဆောင်လာပေးပါလိမ့်မည်။ စီစဉ်ထားမှုမရှိသော သင့်အတွက် အံ့ဩဖွယ်ရာအချိန်အခါများ အပါအဝင်ရှိလာပါလိမ့်မည်။ ထိုသို့သော အချိန်အခါများတွင် ဘုရားသခင်၏ဆုကျေးဇူးကို လက်ခံရန် အသင့်ဖြစ်စေပါ။ သင်ကြားမှုလုပ်ငန်းစဉ်အတွင်း ဝိညာဉ်တော်က သင့်ကိုလည်းသင်ကြားပေးလိုကြောင်းကို သတိရပါ။ သင်ကြားပေးသူသည် အများဆုံးသင်ယူရရှိနိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်က သင့်ကို သင်ကြားပေးနိုင်သော ကောင်းမြတ်လှသည့် သင်ခန်းစာများကိုလက်ခံရယူရန် အသင့်ရှိနေပါ။

## အခန်း - (၁)

# ပဋိပက္ခကို ခွဲခြမ်းစိတ်ဖြာခြင်း

# (ANALYSIS OF CONFLICT)

အပိုင်း (၁) - သန့်ရှင်းသောမြေအဖြစ် နှင့် ပဋိပက္ခ (ထွက်မြောက်ရာကျမ်း ၂:၂၃-၄:၁၇)

အပိုင်း (၂) - ပဋိပက္ခအရှိန်မြင့်တက်လာခြင်း (ကမ္ဘာဦးကျမ်း ၃:၈-၁၃ ၊ ၄:၁-၁၆ ၊ ၄:၁၉-၂၄ ၊ ၁၀:၈-၁၂ )

အပိုင်း (၃) - မိသားစု ကမ္ဘာရန် (ကမ္ဘာဦးကျမ်း ၂၅:၁၉-၃၄ ၊ ၂၆:၃၄-၂၈:၉)

အပိုင်း (၄) - ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သောခရီး (ကမ္ဘာဦးကျမ်း ၂၈:၁၀-၃၃ ၊ :၂၀ ၊ ၃၅:၂၇-၂၉ )

# အ ပိုင်း (၁)

# သန့် ရှင်း သော မြေ အ ဖြစ် နှင့် ပဋိ ပ က္ခ
# (CONFLICT AS HOLY GROUND)

ကျမ်းပိုဒ် 📖 ထွက်မြောက်ရာကျမ်း (၂း၂၃ - ၄း၁၇)

**နောက်ခံဇာတ်လမ်း**

ယာကုပ်၏ သား ယောသပ်သည် အဲဂုတ္တုပြည် ဖာရောဘုရင်၏ ဩဇာအာဏာအရှိဆုံးသော အုပ်ချုပ်ရေးမှူးကြီး ဖြစ်နေစဉ်အချိန်အခါတွင် ခါနာန်ပြည်မှ ငတ်မွတ်ခေါင်းပါးခြင်းကပ်မှရှောင်ရှားရန် ယာကုပ်၏ အမျိုးအနွယ်တို့သည် အဲဂုတ္တုပြည်မှာ သွားရောက်ခိုလှုံရာမှ အခြေချနေထိုင်ခဲ့ကြ၏။ ဆယ်စုနှစ်များ ရာစုနှစ်များ ကျော်လွန်သွားသောအခါ အဲဂုတ္တုပြည်မှာ ယောသပ်ခေါင်းဆောင်ဖြစ်ခဲ့ခြင်းအကြောင်းကို မေ့လျော့ကုန်ကြပြီဖြစ်ပါသည်။ ယောသပ် (သို့) သူ့အမွေ အနှစ်နှင့် ဆက်စပ်ပတ်သက်မှုမရှိသော မင်းဆက်အသစ်တစ်ခုကို အဲဂုတ္တုပြည်မှာတည်ထောင်ထားနေပြီဖြစ်သည်။ နောက်ဆုံးတွင် အဲဂုတ္တုမင်းဆက်အသစ်၏ဖာရောဘုရင်များသည် ဟီဗရူးလူမျိုးများအားလုံးကို ကျွန်ပြုထားလိုက်ကြသည်။ လူဦးရေတိုးပွားလာနေသော ဟီဗရူးလူမျိုးများကို ကြောက်ရွံ့သောကြောင့် အဲဂုတ္တုဖာရောဘုရင်များသည် ဟီဗရူးလူမျိုး တို့အပေါ် တစ်စထက်တစ်စ ပိုပို၍ ရက်စက်ကြမ်းကြုတ်လာခဲ့ကြပါသည်။

ဟီဗရူးဝမ်းဆွဲလက်သည်များအား ဟီဗရူးယောကျ်ားကလေးငယ်များကို မွေးဖွားချိန်မှာ သတ်ပစ်ရန် အမိန့်ပေး သော ကြိုးစားမှု မအောင်မြင်သောအခါတွင် ဖာရောဘုရင်သည် (ထွက်မြောက်ရာ ၁း၁၅-၂၂ ဆိုင်ရာ အပိုင်း (၁၅) ကိုကြည့်ပါ) ဟီဗရူး ယောကျ်ားငယ်များကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ရန် အမိန့်ပေးပြန်ပါသည်။ မောရှေ၏ မိခင်သည် မောရှေအား ပုခက်ထဲတွင်ထည့်ထား၍ မြစ်ကမ်းနားတွင် သွားဝှက်ထားပါသည်။ ဖာရောဘုရင်၏ သမီးတော် သည် ကလေးကိုတွေ့ရှိသွားကာ နန်းတော်မှာ တော်ဝင်မိသားစုအဖြစ် မွေးမြူခဲ့ပါသည်။

မောရှေသည် လူကြီးဖြစ်လာသောအခါ သူ့အမျိုးသားချင်းတို့ ဝန်လေး၍ ပင်ပန်းနေကြသည်ကို စိတ်သောက ဖြစ်လာသည်။ သူသည် အီဂျစ်ကျွန်မောင်း တစ်ဦးက ဟီဗရူးကျွန်တစ်ဦးအား ရိုက်နှက်နေသည်ကို တွေ့ရသည်။ ထိုအခါ မောရှေသည် ၎င်းအီဂျစ်လူကိုသတ်ပစ်ပြီး အလောင်းကိုဝှက်ထားလိုက်ပါသည်။ နောက်မကြာမီ အချိန်မှာ ဟီဗရူး လူမျိုးနှစ်ဦး ရန်ဖြစ်နေကြသည်ကို မောရှေက ဝင်ဖြန်ဖြေသည်။ ထိုအခါမှ အီဂျစ်လူကို မောရှေသတ်ခဲ့သည့်အကြောင်းကို ၎င်းတို့ သိရှိနေကြောင်း ပေါ်ထွက်လာပါသည်။ ဖာရောဘုရင်သည် ဤသတ်ဖြတ်မှုအကြောင်းကြားသိရကား မောရှေကိုဖမ်းဆီးရန် ကြိုးစားသည်။ မောရှေသည် မိဒျန်ပြည်သို့ ထွက်ပြေးပါသည်။ ၎င်းမိဒျန်ပြည်သည် အာရေဗျနိုင်ငံဖြစ်နိုင်ပါသည်။ သို့ရာတွင် သိနတောင်ပတ်ဝန်းကျင်ဒေသ အပါအဝင်ဖြစ်နိုင်ဖွယ်ရှိသည်။

**သင်ကြားမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

သင်ပုန်းပေါ်မှာ (သို့) စက္ကူအချပ်ကြီးကြီးတစ်ခုအပေါ်မှာ 'ပဋိပက္ခ'ဆိုသည့် စာလုံးကို ရေးခြင်းဖြင့် အတန်းကိုစပါ။

☛ အတန်းသားများကို မေးပါ -

- ✦ 'ပဋိပက္ခ' ကို သင်တို့ စဉ်းစားကြည့်သောအခါ ဘယ်လိုစကားလုံးတွေ ခံစားမှုတွေ (သို့) အမြင်ပုံရိပ်မျိုးတွေ ခေါင်းထဲဝင်လာပါသလဲ။
- ✦ သူတို့ပြောသည့် စကားလုံး အချက်အလက်များအားလုံးကို သင်ပုန်းပေါ် မှာ (သို့) စာရွက်ပေါ် တင်ထားလိုက်ပါ။
- ✦ ၄င်းအချက်များစာရင်းတွင် ပဋိပက္ခ နှင့် ပတ်သက်သော ဆိုရိုးစကားများ (သို့) စကားပုံများ ထပ်ဖြည့်ထည့်ရန် လူတွေကို ဖိတ်ခေါ်ပါ။
- ✦ သူတို့ကို စဉ်းစားရန်နှင့် လုပ်ငန်းစဉ်ထဲ နက်နက်နဲနဲဝင်ရောက် တွေးခေါ်နိုင်ရန် အချိန်များများခွင့်ပြုပါ။
- ✦ သူတို့အုပ်စုက အချက်အလက်စာရင်းကောင်းကောင်းလေးပြုစုပြီးသည့်အခါ စာရင်းတစ်ခုလုံးကို သူတို့ကို ပြန်ကြည့်ခိုင်းပါ။ စကားလုံးတစ်ခုစီ၊ ဆိုရိုးတစ်ခုစီတို့ကို ပြန်ဖတ်ကြည့်ခိုင်းနိုင်သည်။
- ✦ ၄င်းအချက်အလက်စာရင်းနှင့် ပတ်သက်၍ ဘာသတိထားမိသလဲဆိုသည်ကို အုပ်စုကို မေးပါ။

အခြေအနေတိုင်းလိုလိုမှာပင် ထိုသို့သော စာရင်းမှာ အဆိုးမြင်စကားလုံးများနှင့် ဖွဲ့စည်းထားသည်ကို တွေ့ရပါမည်။ စာရင်းထဲတွင် အကောင်းမြင်စကားလုံးအချို့ပါနိုင်ပါသည်။ ၄င်းတို့ကို အပြုသဘောအဖြစ် သင်အသိအမှတ်ပြုလိုပေမည်။ ပဋိပက္ခအတွေ့အကြုံများတွင် အပြုသဘောအကောင်းမြင်အကြောင်းအရာကို ရရှိနိုင်ပါသည်။

☛ ထို့နောက် စာရင်းပေါ်တွင် 'သန့်ရှင်းသောမြေ' ဆိုသည့်စကားလုံးကို ရေးထားလိုက်ပါ။ သင်တန်းသားပါဝင်ဆင်နွှဲသူများကိုမေးပါ -

- ✦ 'သန့်ရှင်းသောမြေ' ဆိုသည့် စကားစုက ဘာကို ဆိုလိုပါသလဲ၊
- ✦ ပဋိပက္ခကို သန့်ရှင်းသော မြေအဖြစ်ဘယ်လိုတွေးယူနိုင်ပါမည်လဲ၊
- ✦ ကျမ်းစာထဲတွင် 'သန့်ရှင်းသောမြေ' ဆိုသည့် စကားစု မည့်သည့်နေရာတွင် ပထမဆုံးပါရှိလာသည်ကို တစ်ယောက်ယောက်သိပါသလား။

☛ အကယ်၍ သင်တန်းသားတစ်ဦးက မီးလောင်နေသောချုံနှင့် မောရှေ၏ဇာတ်လမ်းကို ထုတ်ဖော်ပြောခဲ့ပါက၊ ၄င်းသင်တန်းသားအား သူမှတ်မိသမျှ ထိုဇာတ်လမ်းအကြောင်းကို ဝေမျှစေရန် ဖိတ်ခေါ်ပါ။ မည်သူမျှပြောမလာပါက မီးလောင်နေသောချုံကို မောရှေမြင်ရသည့်အကြောင်း၊ ၄င်းချုံသို့ သူချဉ်းကပ် သွားသည့်အကြောင်း၊ ချုံထဲမှ 'သင်၏ခြေနင်းကို ချွတ်လော့၊ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်' ဟု ပြောဆိုသည့် စကားသံထွက်လာသည်ကိုကြားရကြောင်းစသည့် ဇာတ်လမ်းအကျဉ်းချုပ်ကို သင်ပြောပြလိုက်ပါ။ ၄င်းကျမ်းစာသင်ကြားသည့်အပိုင်း၏ ကျန်သည့်အချိန်တောက်လျှောက် အတန်းသားများကို ဖိနပ်ချွတ်ထားခိုင်းလိုက်ပါ။ သင်ကိုယ်တိုင်သင့်ဖိနပ်များကို ချွတ်ထားပြလိုက်ပါ။

☛ အတန်းကို လူ (၅)ယောက်မှ (၆)ယောက် ပါဝင်သော အဖွဲ့များ ခွဲလိုက်ပါ။

☛ သူတို့ကို ကျမ်းပိုဒ်အား မိနစ် (၂၀) မျှ အချိန်ယူလေ့လာခိုင်းပြီး အောက်ပါမေးခွန်းများကို ဖြေဆိုစေပါ။

- ✦ ဒီဇာတ်လမ်းမှ ပဋိပက္ခ၏ ရေခံမြေခံအခြေအနေအငယ်စားနှင့် အကြီးစားတို့က ဘာတွေလဲ။
- ✦ (သူတို့ ကျမ်းစာအခန်းကြီး(၂) ကို ပြန်ရည်ညွှန်းရန်လိုပါလိမ့်မည်။)
- ✦ မောရှေသည် ဘုရားသခင်အကြောင်း ဘာတွေသိရှိသွားသလဲ။
- ✦ မောရှေသည် သူ့ကိုယ်သူ အကြောင်း ဘာတွေသိသွားပါသလဲ။
- ✦ မောရှေသည် အခြားသူများအကြောင်း ဘာတွေသိရှိသွားပါသလဲ။ (ဖာရောဘုရင် ၊ အာရုန် ၊ ဟီဗရူး လူမျိုးများ)

အုပ်စုငယ်ဖြင့် လေ့လာသင်ကြားပြီးသောအခါ အတန်းကို အတူတကွပြန်စုပေါင်းလိုက်ပါ။ အဖွဲ့တစ်ခုကို ပထမမေးခွန်း အတွက် သူတို့အဖြေကို ပြောပြပေးရန် ဖိတ်ခေါ်ပါ။ ထို့နောက် ပထမအဖွဲ့ပြောသွားသည်ကို ထင်မြင်သုံးသပ်ချက် ဖြည့်ပေးနိုင်မလား အခြားအဖွဲ့များကိုဖိတ်ခေါ်ပါ။ ပြီးလျှင် ဒုတိယ မေးခွန်းကိုဖြေဆိုပေးရန် နောက်တစ်ဖွဲ့ကို ဖိတ်ခေါ် လိုက်ပါ။ အခြားအဖွဲ့များ ထင်မြင်သုံးသပ်ချက်ပေးလိုလျှင် ပြောစေပါ။ ဤပုံစံအတိုင်း မေးခွန်းလေးခုစလုံးကို ဆက်လက် ပြုလုပ်သွားပါ။

သန့်ရှင်းသောမြေမှာဖြစ်ပေါ်သော ဖွင့်လှစ်ပြချက်(ဗျာဒိတ်)အကြောင်း ထင်မြင်သုံးသပ်ပြပါ။ ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့ တွေ့မြင်ရသည့်အတိုင်း ပြင်းထန်သောအခြေအနေကြားထဲတွင် မောရှေသည် ဘုရားသခင်၏ အကြောင်း သူကိုယ်တိုင်၏အကြောင်းနှင့် အခြားသူများ၏အကြောင်း ကြားသိခဲ့ရပါသည်။ ကျွန်ုပ်တို့၏ ပဋိပက္ခများတွင်လည်း မိမိတို့ကိုယ်တိုင်အကြောင်း၊ အခြားသူများအကြောင်းနှင့် ဘုရားသခင်အကြောင်းနှင့်သက်ဆိုင်သော မျက်စိအမြင်ပွင့် သွားမှုများ (သို့) အသစ်သောထိုးထွင်းမြင်ရမှုများကို ကျွန်ုပ်တို့တွေ့ကြုံခံစားနိုင်ပါမည်။ ပဋိပက္ခတစ်ခု၏ အခက်အခဲများနှင့် စိန်ခေါ်ချက်များအားဖြင့်သာ ရရှိလာဖို့ဖြစ်နိုင်ဖွယ်ရှိသော ၎င်းထိုးထွင်းသိမြင်ရမှုအသစ်များသည် ကျွန်ုပ်တို့အား လူတွေ အဖြစ်နှင့်ရော လူ့ဘောင်အဖွဲ့အစည်းအဖြစ်ဖြင့်ပါကြီးထွားလာစေရန် အထောက်အကူပြုနိုင်ပါသည်။

ထို့နောက် ဖိနပ်မပါဘဲ ကျမ်းစာလေ့လာသင်ကြားခြင်းအားဖြင့် မည်သို့ခံစားရကြောင်းမေးပါ။ အချို့က သဘောကျ ပါလိမ့်မည်။ အချို့က တမူထူးဆန်းနေခြင်း (သို့) သက်တောင့်သက်သာမရှိခြင်းကိုခံစားရကြောင်း ပြောပြပါလိမ့်မည်။ အကယ်၍ တစ်စုံတစ်ယောက်က ဖိနပ်ချွတ်ထားရခြင်းကို စိတ်မသက်မသာ ဖြစ်သည်ဟု ထုတ်ပြောခဲ့လျှင် အုပ်စုထဲမှ စိတ်မသက်မသာ ဖြစ်နေသည့် အခြားသူများကိုလည်း လက်ထောင်စေပါ။ (သင့်ကိုယ်တိုင်လက်ထောင်ပြဘို့စိတ်လွတ်လပ် မှုရှိပါ။)

သင်ခန်းစာအပိုင်းကဏ္ဍအစပိုင်းမှာပြုစုခဲ့သော စာရင်းကို ပြန်ရည်ညွှန်းလျက် ပဋိပက္ခသည် ကျွန်ုပ်တို့ကို မည်သို့ စိတ်မသက်မသာဖြစ်စေကြောင်း ပြောပြပါ။ သို့ရာတွင်၊ ပဋိပက္ခသည် ကျွန်ုပ်တို့ကိုယ်တိုင်အကြောင်း၊ အခြားသူများ အကြောင်းနှင့် ဘုရားအကြောင်းနှင့်တကွ များစွာသောအကြောင်းအရာတို့ကို သင်ယူရရှိစေသော 'သန့်ရှင်းသောမြေ' ဖြစ်နိုင်ပါသည်။ 'စိတ်ချမ်းမြေ့ဇုံ' **(Comfort Zone)** ပုံကြမ်းကိုဆွဲပါ။ (အပိုင်းကဏ္ဍအဆုံးမှာ ရှိသောပုံကို ကြည့်ပါ)။

ကျွန်ုပ်တို့သည် စိတ်ချမ်းမြေ့ဇုံမှာရှိနေပါက၊ အရာရာမှာလွယ်ကူပြီး လုံခြုံနေသောကြောင့် ကျွန်ုပ်တို့သင်ယူရရှိမှု သိပ်မရှိပါ။ ကျွန်ုပ်တို့ သည် ထိတ်လန့်ဇုံ (Alam Zone) မှာ ရှိနေပါကလည်း သင်ယူရရှိမှုများများစားစားမရှိနိုင်ပါ။ ထိတ်လန့်ဇုံထဲတွင် ကျွန်ုပ်တို့သည် ဖိစီးမှုခံစားရသည်၊ အန္တရာယ်ထဲကျရောက်ခြင်းနှင့် ကြောက်ရွံ့မှုကို ခံစားရပါသည်။ ကျွန်ုပ်တို့သည် သတင်းအချက်အလက်သစ်များ လက်သင့်ခံယူနိုင်ရန် မိမိကိုယ်ကို အဆင်သင့်ဖြစ်နေစေမည့်အစား စိတ်နှလုံးကို အမှောင်ချထားပြီး မိမိတို့ကိုယ်ကို ကာကွယ်ရန်သာ စိတ်စောတတ်ကြပါသည်။


စိတ်မသက်မသာဇုံ (Discomfort Zone) မှာ ကျွန်ုပ်တို့ အများဆုံးသင်ယူရရှိနိုင်သောနေရာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့သည် စိမ်ခေါ်မှုခံရသည်၊ စိတ်နိုးနိုး ကြားကြားရှိနေသည်၊ ပြီးတော့၊ ကျွန်ုပ်တို့ အင်အားရရှိလာနိုင်ရုံမျှလောက်သော ကြောက်ရွံ့မှုလည်း ရှိနေနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဤနေရာ၌ ကျေနပ်မှုမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ရှေ့မှာ ကျရောက်နေသောစိန်ခေါ်မှုကို ရင်ဆိုင်ရန် နည်းလမ်းအသစ်ကို ရှာကြံကြပါသည်။ ပဋိပက္ခသည် ကျွန်ုပ်တို့အား စိတ်ချမ်းမြေ့ဇုံမှ ပထုတ်လိုက်တတ်ပါသည်။ အချို့သောပဋိပက္ခသည် ကျွန်ုပ်တို့ အလွန်အမင်း ခြိမ်းခြောက်မှုကို ခံစားနေရသော ထိတ်လန့်ဇုံသို့ ကျရောက်သွားစေပါသည်။ သို့ရာတွင်၊ အပြုသဘောဆောင်သော ကြံ့ရည်ဖန်ရည်နှင့်ကျွန်ုပ်တို့၏ ပဋိပက္ခများကို ကိုင်တွယ်လုပ်ဆောင်နိုင်ပါက ကျွန်ုပ်တို့ သင်ယူရရှိနိုင်မှုနှင့် တိုးတက်ကြီးထွားလာမှုရှိသော စိတ်မသက်မသာဇုံအဖြစ်သို့ ၎င်းပဋိပက္ခကို အသွင်ပြောင်းလိုက်နိုင်ပါသည်။ စိတ်မသက်မသာဇုံသည် သန့်ရှင်းသောမြေဖြစ်ပါသည်။

- အတန်းသားများအား လူနှစ်ယောက်(သို့)သုံးယောက်ပါဝင်သော အဖွဲ့များ ဖွဲ့စေပါ။
- သူတို့၏ ဘဝတွင် ပဋိပက္ခတွင်း မှ အကျိုးကျေးဇူးရရှိခဲ့သော အကြောင်းအရာသုံးခုကို အချင်းချင်းမျှဝေ ခံစားကြရန်ဖိတ်ခေါ်ပါ။ ထိုသုံးခုဆိုရာမှာ ထိုးထွင်းသိမြင်ရမှု၊ ကျွမ်းကျင်မှု အခွင့်အရေး၊ မိတ်ဆွေတစ်ဦး စသည်ဖြင့် တစ်စုံတစ်ရာ ဖြစ်နိုင်ပါသည်။
- ထို့နောက် ယခု လောလောလတ်လတ်သူတို့တွေ့ကြုံခံစားနေရသော ပဋိပက္ခတစ်ခုမှအကျိုးကျေးဇူးခံစားရရှိလိုသော အကြောင်းအရာတစ်ခုကိုလည်း မျှဝေခံစားစေပါ။

**အရေးကြီးသောအချက်များ**

➪ ကျွန်ုပ်တို့၏ ပဋိပက္ခအတွေ့အကြုံအများစုသည် အဆိုးမြင်ခံစားမှုများရှိလာစေပြီး မကောင်းသော အကျိုးဆက်များကို ဖြစ်ပေါ်လာစေသော်လည်း၊ ပဋိပက္ခအားဖြင့် အကျိုးကျေးဇူးခံစားနိုင်သည့် ကောင်းသော အရာများလည်းရှိပါသည်။ လူတို့သည် အချင်းချင်းပို၍ နားလည်မှုရှိလာနိုင်သည်။ ပြဿနာများကြောင့် ပါဝင်ပတ်သက်နေသူလူတိုင်းအတွက် သင့်မြတ်သော ဖြေရှင်းချက်ရရှိလာနိုင်စေရန် အင်အားနှင့် ဆက်ကပ်တာဝန်ယူမှု ကျွန်ုပ်တို့ဆီမှာ ရှိလာစေနိုင်ပါသည်။ ပဋိပက္ခကြောင့် ကျွန်ုပ်တို့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ရခြင်း၊ စိန်ခေါ်ခံရခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် တိုးတက်ကြီးထွားလာနိုင်ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **ကျွန်ုပ်တို့၏ ပဋိပက္ခများအားလုံးသည် ကျွန်ုပ်တို့ဘုရားသခင်နှင့် ရင်ဆိုင်တွေ့ကြုံရသော သန့်ရှင်းမြင့်မြတ်သောမြေ ဖြစ်နိုင်ပြီး ၎င်းရင်ဆိုင်တွေ့ကြုံရမှု၏ ရလဒ်အနေဖြင့် ကျွန်ုပ်တို့ ပြောင်းလဲသွားပါသည်။**

➯ ကျွန်ုပ်တို့ ကိုယ်တိုင်ထဲတွင် နက်နက်နဲနဲနှိုက်ချွတ်တွေးခေါ်ရန် စိန်ခေါ်မှုခံရပြီး မေးခွန်းများနှင့်စိမ်ခေါ်မှုများကို ခက်ခဲစွာရင်ဆိုင်ရသော အခြေအနေမျိုးတွင် ကျွန်ုပ်တို့၏ အကြီးမားဆုံးသော တိုးတက်ကြီးထွားလာမှုနှင့် သင်ယူမှု ဖြစ်ပေါ်ရရှိပါသည်။ ပဋိပက္ခသည် ကျွန်ုပ်တို့၏ စိတ်ချမ်းမြေ့ဇုံထဲမှ ကျွန်ုပ်တို့ကိုပထုတ်လိုက်ပြီး ကျေနပ်ဖွယ်ကောင်းပြီးအောင်မြင်သော ဆုံးဖြတ်ချက်ချနိုင်ရန် ကျွန်ုပ်တို့လိုအပ်သော အခြေအနေများသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သိမ်းသွင်းသော ဆရာကြီးတစ်ပါးအဖြစ် ပဋိပက္ခကိုခေါ်နိုင်ပါသည်။ ထို့ပြင် ပညာရေးမှာလည်း ကျောင်းသားများကို အဖြေများအဆင်သင့်ချပေးခြင်းဖြင့် အကောင်းဆုံးသင်ယူရရှိမှုဖြစ်မလာနိုင်ပါ။ ကျောင်းသားများအား နက်နဲစွာတွေးခေါ်ရန် စိန်ခေါ်သော မေးခွန်းများ၊ အချင်းချင်းဆွေးနွေးဖလှယ်စေပြီး အသိပညာကို အတူတကွ ရှာဖွေလေ့လာစေသောမေးခွန်းများတို့ကို ပေးထားခြင်းဖြင့်သာ သင်ယူမှုအကြီးမားဆုံးရရှိနိုင်ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်-ပဋိပက္ခကြောင့် ဖြစ်ပွားသော စိတ်မသက်မသာဖြစ်ရမှုကြားထဲ မှာပင် စိတ်မသက်သာဇုံ (Discomfort Zone) အတွင်းမှာ သင်ယူရရှိမှု အကောင်းဆုံးဖြစ်ထွန်းပါသည်။***




---

## အ ပိုင်း (၂)

# ပ ဋိ ပ က္ခ အ ရှိန် မြင့် တက် လာ ခြင်း
# (CONFLICT ESCALATION)

ကျမ်းပိုဒ်များ 📖 ကမ္ဘာဦးကျမ်း (၃း၈-၁၃ ၊ ၄း၁-၁၆ ၊ ၄း၁၉-၂၄ ၊ ၁၀း၈-၁၂)

**နောက်ခံဇာတ်လမ်း**

ကမ္ဘာဦးကျမ်း၏ ပထမအခန်းကြီးများသည် ရှေးဦးလူသားအခြေအနေကို ရုပ်လုံးဖော်ပြထားပါသည်။ ဖန်ဆင်းခြင်း ပုံပြင်နောက်ကွယ်တွင် ကျဆင်းခြင်း ပုံပြင်ကကပ်၍ ပါလာသည်။ လူယောကျ်ားနှင့် လူမိန်းမအကြား၌ ချက်ချင်းပင် ပဋိပက္ခပေါ်ပေါက်လာပါသည်။ နောက်ဆက်ပြီး ပါလာသောဇာတ်လမ်းတစ်ခုစီတွင် ပဋိပက္ခ၏ ပြင်းထန်မှုနှင့် အဆင့်များ သည် ပိုမိုတိုးပွားလာနေသလိုဖြစ်ပြီး အကြမ်းဖက်မှုပေါ်ပေါက်လာခြင်းပင် ပါဝင်လာပါသည်။

ကမ္ဘာဦး (၁၀) တွင် နိမ်ရောဒ ကို 'ခွန်အားကြီးသူ' (အဦးစွမ်းနိုင်သောသူ) ဟုခေါ်ပါသည်။ ၎င်းစကားလုံးမှာ အုပ်စိုးသူ (သို့) နိုင်လိုမင်းထက်ပြုသူဟု ဆိုလိုခြင်းဖြစ်သည်။ နိမ်ရောဒ၏ နာမည်သည် ဗာဗုလုန်လူမျိုးတို့၏ စစ်နတ်ဘုရား နှင့် ရောမ ရှေးဗာဗုလုန်ပြည်တစ်ခွင်လုံးကိုအုပ်စိုးခဲ့သော ပထမဦးဆုံးသော အာရှုရိဘုရင်နှင့်ပါဆက်နွယ်မှုရှိသည်။

**လေ့လာမှုလုပ်ငန်းစဉ် နှင့် မေးခွန်းများ**

☛ အတန်းကို အုပ်စု လေးခုဖွဲ့လိုက်ပါ။ အုပ်စုတစ်ဖွဲ့စီကို အောက်ပါ ကျမ်းပိုဒ်များထဲမှ တစ်ပိုဒ်ကို ပေးပါ။

- 📖 ကမ္ဘာဦးကျမ်း ၃း၈-၁၃
- 📖 ကမ္ဘာဦးကျမ်း ၄း၁-၁၆
- 📖 ကမ္ဘာဦးကျမ်း ၄း၁၉-၂၄
- 📖 ကမ္ဘာဦးကျမ်း ၁၀း၈-၁၂

☛ အဖွဲ့တစ်ဖွဲ့စီအား သူတို့ကို ချပေးထားသော ကျမ်းပိုဒ်ထဲရှိ ပဋိပက္ခကို စစ်ဆေးကြည့်ရှုခိုင်းပြီး သူတို့၏ လေ့လာမှုတွင် အောက်ပါမေးခွန်းများကို ဖြေဆိုစေပါ။

- ✦ ကျမ်းပိုဒ်ပါ ပဋိပက္ခက ဘာဖြစ်ပြီး၊ ပဋိပက္ခဖြစ်နေသူတို့က ဘယ်သူတွေလဲ။
- ✦ ပဋိပက္ခကို ဘာက ဖြစ်ပေါ်လာစေခဲ့သလဲ။
- ✦ ၎င်းကို မည်သို့ ကိုယ်တွယ်ပါသလဲ။
- ✦ ပဋိပက္ခက ဘယ်လို ကျယ်ပြန့်လာပါသလဲ။
- ✦ ရလဒ်များက ဘာတွေလဲ။

ကမ္ဘာဦးကျမ်း (၁၀) မှာပါသော နိမ်ရောဒအကြောင်း လေ့လာနေသော အဖွဲ့မှာ ဘာတွေဖြစ်ပျက်နေခြင်းနှင့် ပဋိပက္ခနှင့် သက်ဆိုင်၍ ဆိုလိုချက်များကို ပို၍ ဂရုတစိုက်စဉ်းစားကြည့်ဖို့လိုပါလိမ့်မည်။ အဖွဲ့များဖွဲ့ပြီးလျှင်ပြီးချင်းပင် ခေါင်းဆောင်သည်

ကမ္ဘာဦးကျမ်း (၁၀) အုပ်စုသို့သွားပြီး အထက်က နောက်ခံဇာတ်လမ်းအပိုင်းမှာ ပေးထားသော နိမ်ရောဒအကြောင်း အချက်အလက်များကို ဝေမျှပြောပြသင့်ပါသည်။

- နိုင်ငံတစ်နိုင်ငံ (သို့) အင်ပါယာတစ်ခု၏ ပထမဦးဆုံးသော အုပ်ချုပ်သူအဖြစ်နှင့် နိမ်ရောဒ၏ တန်ခိုးကြီးလာမှုနှင့်အတူ ဖြစ်လာသော ပဋိပက္ခနှင့်ဆက်စပ်ပြီး လူ့ဘောင်လောက၏ မည်သည့် ဖွံ့ဖြိုးတိုးတက်မှုအသစ်ဖြစ်ပေါ်ခဲ့ကြောင်း အဖွဲ့သားများကို မေးပါ။

- နိမ်ရောဒသည် သူ့အင်ပါယာကို မည်သို့ ထူထောင်နိုင်ခဲ့ပါမည်နည်း။ အဖွဲ့တစ်ခုစီကို ကျမ်းပိုဒ်အားဖတ်ရန် နှင့် ဆွေးနွေးရန် (၁၅) မိနစ်အချိန်ပေးပါ။ ဖြစ်နိုင်လျှင်အဖွဲ့တိုင်းအား ကျမ်းပိုဒ်မှဇာတ်လမ်း (သို့) အဓိကအာဘော်ကို ပြဇာတ်တိုလေးဖြင့် တင်ပြစေသင့်ပါသည်။ ထို့နောက် ပုံပြင်ဇာတ်လမ်းများကို ကျမ်းစာတွင် ပါလာသည့် အစီအစဉ်အတိုင်း အဖွဲ့တစ်ခုစီကို အစီရင်ခံစေပါ။

- ပြဇာတ်တိုများနှင့် အစီရင်ခံမှုများအားလုံးကို တင်ပြပြီးသောအခါ အုပ်စုတစ်ခုလုံးကို အောက်ပါ မေးခွန်းများမေးပါ။
  - ဤပုံပြင်ဇာတ်လမ်းများမှ ပဋိပက္ခများကို ကိုင်တွယ်နည်းတွင် ဘာပြောင်းလဲမှုများကို သင်မြင်တွေ့ပါသလဲ၊
  - သင်ကြုံတွေ့ရသော ပဋိပက္ခများသည် မည်ကဲ့သို့အရှိန်မြင့်တက်သွားတတ်ပါသလဲ (သို့)
  - ဘယ်လိုပုံပြီးဆုံးရွားသွားပါသလဲ၊ ပဋိပက္ခအရှိန်မြင့်တက်သွားတဲ့အဆင့်များ မတူညီတာလေးတွေ တစ်ချို့က ဘာတွေလဲ။

- တစ်ယောက်ယောက်အား ကမ္ဘာဦးကျမ်း (၆း၁-၁၃) ကို ဖတ်စေပါ။ နောဧ၏ ပုံပြင်သည် လာမက်နှင့် နိမ်ရောဒတို့၏ ပုံပြင်များအကြားတွင် ပါရှိသည်။
  - ဤစာပိုဒ်သည် အခြားသူများနှင့်သက်ဆိုင်၍သော်လည်းကောင်း၊ ဘုရားနှင့်သက်ဆိုင်၍သော်လည်း ကောင်း၊ လာမက်၏ ပဋိပက္ခကိုင်တွယ်နည်းအကြောင်း ဘာပြောထားပါသလဲ။
  - သင့်ဘဝဇာတ်လမ်းမှာနှင့် နိုင်ငံတကာရေးရာဖြစ်ရပ်တို့မှာ ဖြစ်ပေါ်သော ပဋိပက္ခ၏ သဘောသဘာဝကို ရှေးရှေးက ပုံပြင်ဇာတ်လမ်းများပါရှိသော ဤကျမ်းပိုဒ်များက ဘယ်လိုရောင်ပြန်ဟပ်နေပါသလဲ။
  - ဤနှိုင်းယှဉ်ချက်မှ သင်ရရှိနိုင်မည့် သင်ခန်းစာများရှိပါသလား။
  - ဤရှေးပုံပြင်များသည် ကျွန်ုပ်တို့ လက်ရှိခေတ်တွင် ပဋိပက္ခကို ခက်ခဲစွာ ရင်ဆိုင်ရမှုများကိုသွား ရောင်ပြန်ဟပ်နေပုံအချို့ကို ပုံဆောင်ပြရန် အရေးကြီးသောအချက်များ ကဏ္ဍထဲရှိအကြောင်းအရာ အချက်အလက်တို့ကို ဆရာက ဆွေးနွေးပွဲတွင်တင်ပြနိုင်ပါသည်။

**အရေးကြီးသောအချက်များ**

Mennomite Conciliation Service မှ ထုတ်ဝေသော John Paul Lederach ၏ စေ့စပ်ညှိနှိုင်းခြင်း သင်တန်းလက်စွဲစာအုပ် (Mediation Training Manual) တွင် ပဋိပက္ခကို လူမှုရေးအသွင်ပြောင်းခြင်း (၇)ဆင့်ကို

ဖော်ပြထားပါသည်။

**အဆင့် (၁)** - ပြဿနာဖြေရှင်းခြင်း- နှစ်ဖက်အဖွဲ့များက သဘောတူညီမှု မရှိသော်လည်း ပြဿနာတစ်ခုကို အတူရင်ဆိုင်နေရသောအခြေအနေ။

**အဆင့် (၂)** - သဘောမတူညီမှုကနေပြီး ပုဂ္ဂိုလ်ရေးရာ ရန်လိုမှုသို့ ပြောင်းလဲသွားခြင်း- လူကိုပြဿနာအဖြစ်မြင်ခြင်း။

**အဆင့် (၃)** - ပြဿနာရေးရာများ တိုးပွားများပြားလာခြင်း-သီးခြားကိစ္စမှ အထွေထွေသို့ ကူးပြောင်းသွားခြင်း၊ပြဿနာရေးရာတစ်ခုမှ အများအပြားဖြစ်လာခြင်း။

**အဆင့် (၄)** - သုံးမြောင့်ပုံဆောင်ခြင်း-ပဋိပက္ခမှာပါသော လူပုဂ္ဂိုလ်အကြောင်း အခြားသူများကို သွားပြောပြခြင်း။ (သုံးမြောင့်ပုံဆောင်ခြင်းဆိုသည်မှာ ပဋိပက္ခဖြစ်နေသူ လူတစ်ဦးက တတိယလူတစ်ဦးကို ဖျန်ဖြေစေရန်မဟုတ်ဘဲ မိမိဖက်မှ ဘက်လိုက်ပေးရန် သိမ်းသွင်းယူခြင်းကို ဆိုလိုပါသည်။)

**အဆင့် (၅)** - တုံ့ပြန်မှု နှင့် အရှိန်မြင့်တက်ခြင်း- မျက်စိအတွက်မျက်စိ

**အဆင့် (၆)** - မုန်းတီးခြင်းမှ ရန်လိုခြင်းသို့ ရွေ့တိုးလာခြင်း။

**အဆင့် (၇)** - အစွန်းနှစ်ဖက်မှာ ရပ်တည်ခြင်း-လူမှုရေးအဖွဲ့အစည်းမှာ အပြောင်းအလဲဖြစ်ပေါ်ခြင်း။ (မိတ်ပျက်ခြင်း၊ လင်မယားကွာရှင်းခြင်း၊ အသင်းတော်နှစ်ခြမ်းကွဲခြင်း၊ ပြည်တွင်းစစ်ဖြစ်ခြင်းစသည်)

အထက်ပါ ပဋိပက္ခအဆင့်များ ပိုတက်သွားလေ၊ အကြမ်းဖက်မှုပိုများလာလေ ဖြစ်မည်။ ယုံကြည်မှု ပိုနည်းသွား မည်။ တိကျသော ဆက်သွယ်မှု ပိုလျော့ကျသွားမည်။ တိုက်ရိုက်ထိတွေ့မှုလည်း ပိုနည်းသွားမည်။ ကမ္ဘာဦးကျမ်းမှ ဇာတ်လမ်းများတွင် အာဒံနှင့်ဧဝတို့ကို အဆင့် (၂)တွင် တွေ့ရှိရသည်။ ထိုအဆင့်၌ အာဒံသည် ဧဝနှင့် ဘုရားသခင်နှစ်ဦးစလုံးကို ပြဿနာအတွက် အပြစ်တင်လျက်ရှိသည်။ ကာဣနသည်လည်း အဆင့် (၂)မှာ ရှိနေပြီး အာဗေလကို ပြဿနာအဖြစ်မြင်နေသည်။ထိုနောက်လူသတ်မှုကို ကျူးလွန်ခြင်းဖြင့် သူသည် အဆင့် (၇) သို့ လျင်မြန်စွာ ခုန်တက်သွားလေသည်။ လာမက်က အဆင့် (၅)၊ (၆)၊ (၇) မှာ ရပ်တည်နေပြီး အဆပေါင်းများစွာ ကလဲ့စားချေသည်။ ***သင်ခန်းစာမှ တိုးတွင်းအမြင်*** **- အပြုသဘောဖြင့် ကိုင်တွယ်မှုမရှိသော ပဋိပက္ခသည် များစွာဂိုဖျ်၌ ဆိုးရွားသွားနိုင်ပါသည်။**

➪ နိမ်ရောဒတွင် ဘုရင်အုပ်စိုးခြင်း (သို့) အင်ပါယာထူထောင်ခြင်းဖြစ်သော နိုင်ငံရေးစနစ်တစ်ခုဖြင့် အုပ်စိုးမှုမွေးဖွားလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ အုပ်စိုးမှုဆိုသည်မှာလူပုဂ္ဂိုလ်တစ်ဦး (သို့) အဖွဲ့တစ်ဖွဲ့က အခြားသူများအပေါ် ခြိမ်းခြောက်ခြင်း (သို့) အနိုင်ကျင့်ခြင်းနည်းနှင့် ဩဇာအာဏာရရှိထားခြင်းဖြစ်သည်။ အဲဂုတ္တုပြည်မှ ဖာရောဘုရင်၏ ဖိနှိပ်မှုသည်လည်းကောင်း (သို့) ဣသရေလနိုင်ငံတွင် ဘုရင်ထူထောင်ပေးရန် ရှမွေလ၏ စိုးရိမ်ပူပင်မှုသည်လည်းကောင်း၊ ကျမ်းစာတလျှောက်တွင် အကြမ်းဖက်သောနိုင်ငံရေးကြီးစိုးအုပ်ချုပ်မှုသည် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ (ဓမ္မရာဇဝင်-ပ အခန်းကြီး (၈) ကိုကြည့်ပါ။) ဤကဲ့သို့သော အကြမ်းဖက်သည့် အုပ်စိုးခြင်း၏ အထွတ်အထိပ်အား ဗျာဒိတ် (၁၃)တွင် တွေ့မြင်ရပါသည်။ ၄င်းအခန်းတွင် ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်သော ရောမအင်ပါယာအား မကောင်းဆိုးဝါးအဖြစ် ရှုမြင်ထားသည်နှင့်ဆန့်ကျင်လျက် ရောမ (၁၃း၁-၇) တွင် ရှင်ပေါလုကမူ အစိုးရအား မကောင်းမှုလုပ်သူများထံမှ လူ့အဖွဲ့အစည်းကို ကာကွယ်ပေးရန် ဘုရားက တည်ထောင်ပေးသော အစိုးရအဖြစ်ရှုမြင်ချက်နှင့်တင်ပြထားပြန်ပါသည်။ လူ့ဘောင်အစိုးရတိုင်းမှာ ဘုရားတည်ထောင်ပေးခြင်းနှင့် မကောင်း

ဆိုးဝါးအသွင်နှစ်မျိုးစလုံး ရောနှောလျက်ရှိပါသည်။ အချို့သော အစိုးရများသည် သူတို့၏ ဖျက်ဆီးသော အပြုအမူအားဖြင့် မကောင်းဆိုးဝါးသဘောသဘာဝကို ပို၍ပြသနိုင်ပါသည်။ အခြားသော အစိုးရများကမူ သူတို့၏ အာဏာစက်အောက်ရှိပြည်သူတွေ အားလုံး၏ ချမ်းသာသုခရရှိရေးအတွက် ပို၍အထောက်အကူပေးကြပါလိမ့်မည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - အကြမ်းဖက်သော (သို့) ကြီးစိုးသော နည်းလမ်းများဖြင့် ပဋိပက္ခကို ကိုယ်တွယ်ခြင်း ကို အဖွဲ့အစည်း ပြဿနာချက်အဖြစ် အတည်ပြုလာနိုင်ပါသည်။ ထိုအခါ ခရစ်ယာန်များအနေဖြင့် အဖွဲ့အစည်းဆိုင်ရာ ပဋိပက္ခ၊ လူမှုရေး(သို့)နိုင်ငံရေး ဆိုင်ရာ ပဋိပက္ခများကို အပြုသဘောဆောင်သော အသွင်ပြောင်းလဲခြင်း လုပ်ဆောင်လိုမည်ဆိုပါက ကြီးမားအာဏာ၏ ဖွဲ့စည်းတည်ဆောက်ထားသော အင်အားကို နားလည်ရန် ခရစ်ယာန်များအား စိန်ခေါ်လျက်ရှိပါသည်။

---

## အ ပိုင်း (၃)

# မိ သား စု က ဏ္ဍာ ရန်
# (FAMILY FEUD)

ကျမ်းပိုဒ် 📖 ကမ္ဘာဦးကျမ်း (၂၅း၁၉-၃၄ ၊ ၂၆း၃၄-၂၈ း ၉)

**နောက်ခံဇာတ်လမ်း**

ဣဇာက်နှင့် ရေဗက္ကတို့သည် ခါနန်ပြည်မှာ နေထိုင်ကာ ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သူများ ဖြစ်ကြပါသည်။ ဣဇာက်၏ ဖခင် အာဗြဟံသည် မြေသြဇာကောင်းသော လခြမ်းနယ်မြေ **(Fertile Crescent)** မှ ခရီးထွက်လာခဲ့သူဖြစ်သည်။ ဥရမြို့နှင့် ခါရန်မြို့တို့မှနေပြီး ခါနာန်ပြည်သို့ ခရီးဆက်ခဲ့ပါသည်။ သူတို့သည် သိုးနှင့် ဆိတ်အုပ်များကို မွေးမြူထိန်းကျောင်းသူများဖြစ်လေသည်။

**သင်ကြားမှုလုပ်ငန်းစဉ်နှင့် မေးခွန်းများ**

ယာကုပ်နှင့်ဧသော၏အကြောင်းသည် ကျမ်းစာထဲမှ ရှည်လျားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့် အတန်းချိန် (သို့) သင်ကြားချိန်မတိုင်မီ ကြိုပြီး ကျမ်းပိုဒ်ကို ဖတ်ခိုင်းထားသင့်ပါသည်။ ဤသင်ကြားမှုမှာ ဇာတ်လမ်းကို နှစ်ပိုင်းခွဲထားပါသည်။ 'ပဋိပက္ခထဲသို့ ဝင်ရောက်လာသောခရီးစဉ်' နှင့် 'ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သောခရီးစဉ်' ဟူ၍ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းရေးထားသည်ကို ကော်ပီကူးယူထားပြီး အတန်းထဲတွင် ကျမ်းပိုဒ်အစား အသုံးပြုနိုင်ပါသည်။ သို့သော်လည်း အဖွဲ့ဝင်များအား ကျမ်းစာထဲမှ ကျမ်းပိုဒ်ကို ကြိုဖတ်ထားရန် အထူးအားပေးသင့်ပါသည်။ သို့မှသာ ဤဇာတ်လမ်းကို သူတို့အကျွမ်းတဝင်ရှိပါမည်။

☛ အတန်းကို အဖွဲ့လေးခုခွဲပါ။ အဖွဲ့တစ်ခုစီကို ဤဇာတ်ကောင်လေးယောက်ထဲမှ တစ်ယောက်ကို တာဝန်ပေးပါ။ ယာကုပ်၊ဧသော၊ ဣဇာက် နှင့် ရေဗက္က။ အဖွဲ့တစ်ဖွဲ့စီသည် မိမိတို့ တာဝန်ကျသော ဇာတ်ကောင်အဖြစ် တစ်တန်းလုံးရှေ့မှာ သူတို့အဖွဲ့ကို ကိုယ်စားပြုပေးမည့်သူတစ်ဦးရွေးရပါမည်။ အဖွဲ့အတွင်း ၌ ဇာတ်လမ်းအတိုချုံးကို ဖြစ်စေ (သို့) ကျမ်းပိုဒ်အခန်းငယ်များအားလုံးကိုဖြစ်စေ၊ အသံထွက်ဖတ်စေပါ။

☛ ထို့နောက်အဖွဲ့ကို တိုင်ပင်ဆွေးနွေးစေပြီး မိမိတို့တာဝန်ကျသော ဇာတ်ကောင်၏ အခန်းကဏ္ဍအတွင်းမှနေပြီး အောက်ပါမေးခွန်းများကို ဖြေဆိုစေပါ။

- ✦ ဇာတ်လမ်း၏ ဇာတ်ကွက်အမျိုးမျိုးတွင် ဤဇာတ်ကောင်သည် ဘာတွေကို ကြုံတွေ့ခံစားနေရလိမ့်မည်ဟု သင်စိတ်ကူးကြည့်မိပါသလဲ။
- ✦ ဤဇာတ်ကောင်ရင်ဆိုင်ရသော ရေးရာပြဿနာများက ဘာတွေလဲ၊ပြီးတော့ ဇာတ်ကောင်၏ ရှုထောင့်အမြင်များကိုဘယ်လိုပုံစံနှင့် ဖော်ပြထားပါသလဲ။

✦ ဇာတ်ကောင်သည် အရေးယူလုပ်ဆောင်ခဲ့ခြင်းများကို တရားမျှတကြောင်း ဘယ်လိုပြခဲ့ပါသလဲ (သို့) ပြနိုင်ပါမည်လဲ။

*ကျမ်းပိုဒ်ဖတ်ခြင်း နှင့် ဆွေးနွေးမှု အတွက် မိနစ် ၂၀ ခွင့်ပြုပါ။*

☛ ထို့နောက် ဇာတ်လမ်းဆန်ဆန်ဇာတ်ကောင် အင်တာဗျူးလုပ်ပွဲအတွက် အတန်းကို ပြန်စုခေါ်လိုက်ပါ။ အဖွဲ့တစ်ခုစီမှ ကျမ်းစာ ဇာတ်ကောင်၏အခန်းကဏ္ဍကိုသရုပ်ဆောင်မည့်သူအား အတန်းရှေ့သို့ (သို့) အတန်း၏ အလယ်သို့လာရန် ဖိတ်ခေါ်ပါ။ ဇာတ်ကောင်တစ်ဦးစီအား မိသားစုပဋိပက္ခနှင့်ပတ်သက်၍ သူတို့၏ စိုးရိမ်ပူပင်မှုနှင့် ရှုထောင့်အမြင်များကို တင်ပြစေပါ။ သင့်အနေနှင့် မည်သည့်အစီအစဉ်အတိုင်း မဆို စတင်နိုင်ပါသည်။ (သို့) အစီအစဉ်တစ်ရပ်ကို သင်ချမှတ်ပေးနိုင်သည်။ (ဥပမာ-ဣဇာက်၊ ရေဗက္ကါ၊ဧသော၊ယာကုပ်)

☛ ဇာတ်ကောင်တစ်ဦးစီအား သူတို့၏ စိုးရိမ်ပူပင်မှုနှင့် ရှုတောင့်အမြင်များကိုတင်ပြရန် မိနစ်အနည်းငယ်ပေးပါ။ ထို့နောက် ပို၍ နက်နက်နဲနဲစူးစမ်းနိုင်မည့်မေးခွန်းများကို ဇာတ်ကောင်များအားမေးပါ။ (ဇာတ်ကောင်များ၏ နာမည်များကိုသာသုံးပါ။ ပါဝင်ဆင်နွှဲသူသင်တန်းသား၏ အမည်ရင်းများကိုမသုံးပါနှင့်)။

ဥပမာ မေးခွန်းများမှာ-

✦ "ဧသော၊ သင်ဟာဘာဖြစ်လို့ ပဲဟင်းတစ်ခွက်အတွက် သင့်ရဲ့သားဦးအရာကို လွယ်လင့်တကူပေးအပ်လိုက်တာလဲ"

✦ "ယာကုပ်၊ သင်ဟာ သင့်အကျိုးကျေးဇူးအတွက် သင့်အစ်ကိုရဲ့ဒုက္ခခံစားရမှုကို အခွင့်အရေးယူလိုက်တယ်လို့ လူတစ်ချို့ကပြောလိမ့်မယ်၊ ဒီဝေဖန်မှုကို သင်ဘယ်လိုတုံ့ပြန်မလဲ။"

✦ "ဣဇာက်၊ သင်ဟာမိဘအနေနဲ့ ကြားဝင်ဖျန်ဖြေမှုမရှိဘဲသင့်သားများကြားက ပဋိပက္ခကို ဆက်လက်ဖြစ်ပွားနေစေခြင်းဖြင့် သင့်ရဲ့ မိသားစုခေါင်းဆောင်မှုကို စွန့်လွှတ်လိုက်တာလား။"

✦ "ရေဗက္ကါ၊ သင်ဟာ ဧသောထက် ယာကုပ်ကို ပိုချစ်ခြင်းအားဖြင့် သင်ဟာ အခြေအနေတွေကို ပိုဆိုးရွားစေပြီး၊ ယာကုပ်ရဲ့ အကျင့်စာရိတ္တကျဆင်းစေဖို့ ပံ့ပိုးလိုက်သလား။"

☛ ဇာတ်ကောင်တစ်ဦးဦးအား မေးခွန်းတစ်စုံတစ်ရာ မေးလိုတာ ရှိမရှိ ကျန်သည့် အတန်းသားများကို မေးကြည့်ပါ။ သင့်အနေနှင့်လည်းဇာတ်ကောင်အားလုံးကို မေးခွန်းအချို့မေးနိုင်ပါသည်။

ဥပမာအားဖြင့်-

" မိသားစုမှာ ဩဇာအာဏာအရှိဆုံးမည်သူလဲ။ အဲဒီဩဇာအာဏာကို သင်ဘယ်လိုကြုံတွေ့ရသလဲ"

"ဤအခြေအနေတွင် အခြားမိသားစုဝင်များနှင့် ပတ်သက်ပြီး သင်ဘယ်လိုမျှော်လင့်ချက်မျိုးရှိပါသလဲ"

ပါဝင်သရုပ်ဆောင်သူအားလုံးကို ကျေးဇူးတင်ပါ။ ထို့နောက် အောက်ပါတို့ကိုဖြေဆိုကူရန် တစ်တန်းလုံးကို ဖိတ်ခေါ်ပါ။

✦ ပဋိပက္ခများထဲတွင် တိုက်ရိုက်ဖြစ်ပေါ်သောရေးရာပြဿနာများကား အဘယ်နည်း။

✦ ပဋိပက္ခများထံမှ ပို၍ နက်နဲသော ရေးရာပြဿနာများကား အဘယ်နည်း။

✦ ဤဇာတ်လမ်းများထဲမှ ဇာတ်ကောင်အမျိုးမျိုးတို့၏ စိတ်ပိုင်းဆိုင်ရာ ကြုံတွေ့ခံစားရမှုများကားအဘယ်နည်း။

✦ အခြေအနေကိုပိုပြီး ဆိုးရွားခက်ခဲသွားစေရန် ဇာတ်ကောင်တစ်ဦးစီက ရွေးချယ်ပြုလုပ်ခဲ့ခြင်းများကား

အဘာယ်နည်း။

✦ အဆင့် (သို့) ပဋိပက္ခလျော့နည်းသွားစေရန် ဇာတ်ကောင်တစ်ဦးစီက ပြောင်းလဲရွေးချယ်လုပ်နိုင်မှုများကား အဘာယ်နည်း။ (အဖွဲ့ကအကြံပြုသော ပြောင်းလဲရွေးချယ်လုပ်နိုင်မှုစာရင်းကို ရေးချပါ။)

✦ ပဋိပက္ခများကိုပို၍ ဆိုးရွားသွားစေမည့် (သို့) ပို၍ကောင်းသွားစေမည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ (သို့) ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်လက္ခဏာများကို သင်ရှာဖွေဖော်ထုတ်နိုင်ပါမည်လား။

✦ ဤရှေးရှေးမှ မိသားစုပဋိပက္ခမှနေပြီး ယခုလက်ရှိဖြစ်ပွားနေသော ပဋိပက္ခများအတွက် မည်သည့်သင်ခန်းစာများကို ဆွဲထုတ်ယူနိုင်ပါမည်လဲ။

☛ လူတို့လက်ရှိ ပါဝင်ပတ်သက်နေသော ပဋိပက္ခတစ်ခုအကြောင်းကို စဉ်းစားခိုင်းပါ။ ထို့နောက် ပိုကောင်းလာသည်ဖြစ်စေ၊ ပိုဆိုးသွားသည်ဖြစ်စေ၊ သူတို့ရွေးချယ်လုပ်ကိုင်မှုများ တစ်ချို့ကို ရှာဖွေထုတ်ပြစေပါ။ ပဋိပက္ခအား ပိုကောင်းသော ဦးတည်ချက်သို့ လှည့်သွားစေနိုင်မည့် ဆုံးဖြတ်ချက်အချို့ သူတို့လုပ်နိုင်တာရှိမလားမေးပါ။ ပဋိပက္ခများအပေါ် ကောင်းသောအကျိုးသက်ရောက်မှုပိုရှိနိုင်မည့်လုပ်ဆောင်မှုအမျိုးအစားများကို ပါဝင်ဆင်နွှဲသူ အတန်းသားများစဉ်းစားထားသည်ကိုဝေမျှစေပါ။ အိုင်ဒီယာအတွေးအခေါ်များနှင့်အကြံပြုသော လုပ်ဆောင်မှုများကို စာရင်းပြုစုပါ။ ၎င်း 'ရွေးချယ်မှုအချက်များ' နှင့် ပတ်သက်ပြီး အတန်းထဲရှိ လူတစ်ဦးစီအတွက် အသံတိတ်ဆုတောင်းခြင်းဖြင့် နိဂုံးချုပ်ပါ။ နောက်အပိုင်းကဏ္ဍတွင် ပြန်လည်သင့်မြတ်ခြင်းသို့ဦးတည်သောခရီးတွင် ဤမိသားစုလျှောက်လှမ်းခဲ့သည့် အဆင့်များကို စစ်ဆေးကြည့်ရှုပါမည်။

**အရေးကြီးသည့်အချက်များ**

➪ ပဋိပက္ခတွင် အနည်းဆုံးအဆင့်နှစ်ခု အမြဲရှိပါသည်။ အဆင့်တစ်ခုမှာ ပါဝင်သော အကြောင်းအရာ (သို့) ရေးရာပြဿနာနှင့်သက်ဆိုင်သည်။ ဤပုံပြင်ဇာတ်လမ်းတွင် ယာကုပ်နှင့်ဧသောကြားမှ ပဋိပက္ခတွင်ပါဝင်သော အကြောင်းအရာမှာ သားဦးအရာနှင့် ကောင်းကြီးမင်္ဂလာဖြစ်သည်ဟု ဖော်ထုတ်နိုင်ပါသည်။ အခြားအဆင့်တစ်ခုမှာ ဆက်ဆံရေးနှင့်သက်ဆိုင်သည်။ ယာကုပ်နှင့်ဧသောတို့တွင် ပျက်စီးစေသောအပြိုင်အဆိုင်ဆက်ဆံရေးရှိနေသည် သူတို့၏မိဘများကလည်း သဘောကွဲလွဲနေကြသည်။ တစ်ဦးစီက သားတစ်ဦးကိုဘက်လိုက်ပြီး ပိုချစ်သည်။ အများအားဖြင့် ဗဟိုပြုရာအချက်သည် ၎င်းသီးခြားပဋိပက္ခမှာပါဝင်သောအကြောင်းအရာဖြစ်သည့် သီးခြားရေးရာပြဿနာအပေါ် ဖြစ်သည်။ သို့ရာတွင် ပဋိပက္ခဖြစ်နေသောဆက်ဆံရေးသည် အခြားရေးရာပြဿနာ အမျိုးမျိုးတို့အပေါ် ပဋိပက္ခပိုများများ ဆက်လက်ဖြစ်ပွားစေပါသည်။ ပဋိပက္ခတစ်ခုမှာ ဘာတွေဖြစ်ပျက်နေသလဲဆိုသည်ကို နားလည်ရန်မှာ ပါဝင်သောအကြောင်းအရာနှင့် ဆက်ဆံရေးနှစ်မျိုးစလုံးကို အသိအမှတ်ပြုဘို့ လိုအပ်ပါသည်။ ထို့နောက်ပဋိပက္ခတစ်ရပ်လုံးကို အခိုင်အမာပင်အသွင်ပြောင်းလဲလိုက်ရမည်ဆိုပါက၊ ပါဝင်သော အကြောင်းအရာနှင့်ဆက်ဆံရေး နှစ်မျိုးစလုံးကိုပင် အပြုသဘောဆောင်သောနည်းလမ်းဖြင့် ကိုင်တွယ်ရပါမည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်* - ပဋိပက္ခတစ်ခုကို အပြုသဘောဆောင်ခြင်းဖြင့် အသွင်ပြောင်းလဲရန် ကြိုးစားသောအခါ ဆက်ဆံရေးဆိုင်ရာပြဿနာကိုရော ပါဝင်သောကိစ္စရေးရာပြဿနာများပါ နှစ်မျိုးစလုံးကို ဂရုစိုက်ပါ။**

ပဋိပက္ခအတွင်း အဆင့်များစွာတို့တွင် 'ရွေးချယ်မှုအဆင့်များ' ရှိပါသည်။ ထိုအဆင့်တွင် လူတစ်ယောက်သည် ပဋိပက္ခကိုပိုဆိုးရွားသွားစေနိုင်သည် (သို့) အသွင်ပြောင်းလဲခြင်းသို့ဦးတည်သွားစေနိုင်သည်။ ဇာတ်ကောင်စရိုက်တစ်ဦးစီသည် ပဋိပက္ခကိုပိုနက်ရှိုင်းသွားစေသည့်အပြင် ပိုခက်ခဲသွားစေသည့်ဆုံးဖြတ်ချက်များကို ထပ်ခါတစ်လဲလဲပြုလုပ်သည်။ ကျွန်ုပ်တို့၏ ပဋိပက္ခများတွင် အခြေအနေပိုဆိုးသွားစေမည့် မလွဲကေန်မုချဖြစ်ရမည်ဆိုသော သဘောသဘာဝမရှိပါ။ အမှန်မှာ၊ ပဋိပက္ခမှာပါဝင်ပတ်သက်နေသူအားလုံးသည် ရွေးချယ်မှုများပြုလုပ်ကြသည်။ ထိုရွေးချယ်မှုများသည် ပဋိပက္ခကို အကောင်းဘက် (သို့) အဆိုးဘက်သို့ ဦးတည်သွားစေနိုင်ပါသည်။ ရွေးချယ်မှုများသည် ပြဿနာပိုများအောင်ဖန်တီးနိုင်သည်။ ရန်လိုမှုတိုးပွားစေနိုင်သည်။ သို့တည်းမဟုတ် ဆက်သွယ်ရေးလမ်းကြောင်းပွင့်သွားစေသော ရွေးချယ်မှုများကို ဖန်တီးနိုင်ပါသည်။ မြောက်များစွာသော ရွေးချယ်မှုများသည် ပဋိပက္ခတစ်ခုကို အရှိန်မြင့်တက်သွားစေသော အဆင့်ခြေလှမ်းများကို ဖန်တီးသည်။ ထိုကြောင့်ပဋိပက္ခကို တစ်ဆင့်ချင်းတစ်ဆင့် အရှိန်ပြန်ထိုးကျသွားစေရန် အပြုသဘောဆောင်သောရွေးချယ်မှုများ တသီတတန်းလိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ပဋိပက္ခအခြေအနေများတွင် ကျွန်ုပ်တို့၏ရွေးချယ်မှုများအတွက် တာဝန်ယူရန်လိုအပ်ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင် - ပဋိပက္ခများတွင် ကျွန်ုပ်တို့ရှေ့မှာရှိသော ရွေးချယ်မှုများကို သတိထားပါ။ သင့်ရွေးချယ်မှုများအတွက်လည်း တာဝန်ယူပါ။***

**အပိုင်း (၃) ၏ ဇာတ်လမ်းအကျဉ်းချုပ်**

**ယာကုပ် နှင့် ဧသော၊ အခန်းကဏ္ဍ-၁ ပဋိပက္ခသို့ရောက်ရှိစေသောခရီး**

လက်ထပ်ထိမ်းမြားပြီးနောက် နှစ်ပေါင်းနှစ်ဆယ်ကြာအထိ ဣဇက်နှင့် ရေဗက္ကမှာ ကလေးမရနိုင်ခဲ့ကြပါ။ ဣဇက်သည် ရေဗက္ကအတွက်ဆုတောင်းပေးသည်။ သို့နှင့် ဘုရားသခင်သည် ဣဇက်၏ဆုတောင်းသံကို နားညောင်းပေး၍ ရေဗက္ကသည် ကလေးအမွှာကို ပဋိသန္ဓေစွဲနိုင်ခဲ့ပါသည်။ ကလေးနှစ်ယောက်သည် သူမ၏ဝမ်းထဲတွင် အချင်းချင်းတိုက်ခိုက်ကြလွန်း၍ ရေဗက္ကသည် စိတ်ညစ်ရပါသည် 'ဒီလိုသာဖြစ်ရမည်ဆိုရင် ငါဘာကြောင့် အသက်ရှင်နေတာလဲ' ဟု ညီးတွားလေသည်။ ဤခက်ခဲဒုက္ခခံစားရသော ပဋိသန္ဓေအတွက် ရေဗက္ကဆုတောင်းသည်။ ဘုရားသခင်က သူမ၏ဝမ်းထဲတွင် လူမျိုးနှစ်မျိုးရှိကြောင်း၊ ခြားနားသော လူစုနှစ်စုဖြစ်ကြောင်း သူမကိုပြောပြသည်။ လူတစ်မျိုးတို့သည် ပို၍အားကြီးလိမ့်မည်ဖြစ်ပြီး အကြီးသည် အငယ်၌ ကျွန်ခံရလိမ့်မည်။ မွေးဖွားချိန်ရောက်သောအခါ ပထမကလေးသည်တစ်ကိုယ်လုံးအဆင်းနီပြီး အမွေးနှင့်ဖုံးနေကာ ဧသော ဟု အမည်မှည့်ခံရ၏။ သူ့ညီသည် အစ်ကိုဧသော၏ဖနှောင့်ကို ကိုင်လျက်မွေးဖွားလာ၏။ ထို့ကြောင့် ဒုတိယသားသည်'ဖနှောင့်ဆုပ်ကိုင်သူ' (သို့) 'လုယူသူ' ဟုအဓိပ္ပာယ်ရသော ယာကုပ် ဆိုသည့်အမည် မှည့်ခြင်းခံရသည်။

ဤယောကျ်ားလေးများကြီးပြင်းလာသောအခါ ဧသော သည် အိမ်အပြင်ဘက်နေပျော်သူဖြစ်ပြီး လိမ္မာကျွမ်းကျင်သော တောသားမုဆိုးဖြစ်လာသည်။ ယာကုပ်မှာအေးဆေးပြီး တဲထဲ၌ နေတတ်သည်။ ဣဇက်သည် သူ့သားဧသောကို ပိုချစ်ပြီး ရေဗက္ကကမူ ယာကုပ်ကို ပိုချစ်သည်။ တစ်နေ့တွင် ဧသောသည် တောမှပြန်လာပြီးအလွန်ဆာလောင်နေသည်။ ယာကုပ်ကပဲဟင်းကိုချက်ပြုတ်နေ၏။ ဧသောသည် ပဲဟင်းတစ်ခွက်ကျွေးရန် ယာကုပ်ကိုတောင်းပန်၏။ သို့ရာတွင် ယာကုပ်က အပေးအယူလုပ်သည်။ 'မင်းရဲ့သားဦးအရာကို ငါ့ကိုအရင်ရောင်းလိုက်ပါ' (သားဦးအရာဆိုသည်မှာ အဓိကအမွေအနှစ်ရရှိခြင်းအပါအဝင် သားဦးဖြစ်ရခြင်း၏ အခွင့်အရေးအားလုံးရရှိခြင်းဖြစ်သည်။) ဧသောသည် သူဆာနေသော

အခြေအနေထက် ပိုအဖြစ်သဲနေပုံနှင့်ပြောသည်မှာ၊ သူသေလုနေပြီ၊ သားဦးအရာက သူ့အတွက် ဘာအကျိုးရှိပါမလဲဟူ၍ ဖြစ်သည်။ ယာကုပ်က ဧသောကို အတင်းကျိန်ခိုင်းသည်။ ဧသောကလည်း ကျိန်ဆိုပြီး သူ့သားဦးအရာကို ညီဖြစ်သူအား ရောင်းလိုက်လေသည်။ ထိုအခါ ယာကုပ်က ဧသောကို မုန့်၊ ပဲဟင်းနှင့် စပျစ်ရည်ပေးသည်။ ဧသောသည် စားသောက် ကျေနပ်သွားသောအခါ ပြန်ထွက်သွားလေသည်။

ဧသောသည် လူကြီးဖြစ်လာသောအခါ ခါနန်အမျိုးသမီး နှစ်ဦးကို လက်ထပ်ယူသည်၊ ဤအမျိုးသမီးနှစ်ဦးသည် ဣဇက်နှင့်ရေဗက္က၏ ဘဝမှာစိတ်နှလုံးပူပန်စရာအကြောင်းဖြစ်လာသည်။ ထို့ကြောင့်မိသားစုထဲတွင် ပဋိပက္ခများစွာ ရှိနေပါသည်။

ဣဇာက်သည် အိုမင်းပြီး မျက်စိမှုံနေချိန်တွင် ဧသောကို ခေါ်ကာ အမဲလိုက်ပြီး အဖေအတွက် အမဲဟင်းလျာချက် ပေးရန်ခိုင်းသည်။ ထို့နောက်ဣဇာက်က သူမသေမီသူ့သားကို ဖခင်၏ကောင်းကြီးမင်္ဂလာပေးမည်ဖြစ်သည်။ ရေဗက္ကက နားထောင်နေပြီး ဧသောအမဲလိုက်ထွက်သွားသောအခါ ယာကုပ်နှင့်ပူးပေါင်းကြံစည်လေတော့သည်။ ရေဗက္ကသည် ဣဇာက်၏ အနှစ်သက်ဆုံးဟင်းလျာကိုစီစဉ်ရန် ယာကုပ်အား ဆိတ်ငယ်နှစ်ကောင်ကို သတ်ခိုင်းသည်။ ထို့နောက် ဧသော အစား ဖခင်ထံမှ ကောင်းကြီးမင်္ဂလာခံယူရန်ယာကုပ်ကို ပြောသည်။ဣဇာက်သည် မျက်စမှုံသော်လည်း ဧသော၏အမွေး အမျှင်နှင့် ယာကုပ်၏ ချောမွေ့သောအရေပြားကို ခွဲခြားသိလိမ့်မည်ဖြစ်ပြီး ကောင်းကြီးမင်္ဂလာမခံရဘဲဖခင်၏ကျိန်ဆိုခြင်း အမင်္ဂလာသာခံရလိမ့်မည်ဟု ယာကုပ်ကကန့်ကွက်သည်။ ရေဗက္ကကမူ ကျိန်ခြင်းအမင်္ဂလာ သူမထံမှာသာကျရောက်ပါစေ။ သူမ၏ပြောစကားသာနားထောင်ပါဟု ယာကုပ်ကိုပြော၏။ သို့ဖြင့် ယာကုပ်သည် ဆိတ်များကို သတ်သည်။ရေဗက္ကက ဟင်းလျာကိုချက်၏။ ရေဗက္ကသည် ဧသော၏အကောင်းဆုံးအဝတ်ကိုယူပြီး ယာကုပ်ကို ဝတ်စေ၏။ ဆိတ်သားရေကိုလည်း ယူပြီး ယာကုပ်၏လက်၊ လည်ပင်းတို့၌ ဆင်ယင်ပေးပြီးအစားအစာကို သူ့အဖေထံယူသွားစေ၏။

ယာကုပ်သည် သူ့အဖေထံသွားပြီး သူဧသောဖြစ်ကြောင်းပြောပြပြီး ဣဇာက်ကို အစားအစာ ကျွေးလေသည်။ ဣဇာက်သည် ဘာကြောင့် ဤမျှလျင်မြန်စွာလုပ်နိုင်သည်ကိုအံ့ဩသည်။ သို့ရာတွင် ယာကုပ်သည် ဘုရားသခင်က သူ့ကို အောင်မြင်ခွင့်ပေးကြောင်း ချောမွေ့စွာပြန်ပြောသည်။ ဣဇာက်သည် သံသယအနည်းငယ်ရှိနေပြီး သူ့သားအား သူ့အနီးသို့ ခေါ်ယူသည်။ ယာကုပ်၏လက်များကို ဣဇာက်စမ်းသပ်ကြည့်ပြီး ပြောသည်-'အသံကတော့ ယာကုပ်ရဲ့အသံဘဲ၊ဒါပေမဲ့ လက်တွေတော့ဧသောရဲ့လက်ဘဲ' ထို့နောက် ဣဇာက်က မေးပြန်သည်။ 'သင်ဟာ ငါ့သားဧသော အစစ်အမှန်တကယ်ဘဲ လား' 'မှန်ပါသည်' ဟု ယာကုပ်က လိမ်သည်။ သို့ဖြင့်ဣဇာက်သည် အစာကိုစားသည်။ စားပြီးသောအခါ ယာကုပ်အား သူ့ကိုနမ်းစေရာ အဝတ်အစား၌ လယ်တောအနံ့ကို ဣဇာက်ရှူရှိုက်ရ၏။ ထို့နောက် ဣဇာက်သည် ယာကုပ်အား ဧသော အမှတ်နှင့် ကောင်းကြီးမင်္ဂလာပေးလေ၏။ ကောင်းကြီးမင်္ဂလာပေးရာမှာ ဣဇာက်ပြောသည်မှာ သူ့သားသည် သူ့ညီအစ်ကို တို့၏ အရှင်ဖြစ်လိမ့်မည်။ သူ့ကိုကျိန်ဆဲသူတိုင်းသည် ကျိန်ဆဲခြင်းရမည်ဖြစ်ပြီး သူ့ကိုကောင်းကြီးပေးသူအပေါင်းတို့သည် ကောင်းကြီးခံရလိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ဖခင်ထံမှ ယာကုပ်ထွက်သွားသည်နှင့် ဧသောလည်းအမဲလိုက်ရာမှ ပြန်လည်သည်။ သူသည် ဟင်းလျာချက်ပြီး ဖခင်ထံသို့ဝင်လေသည်။ လိမ်ညာမှုကိုသိရှိရသောအခါ သူတို့နှစ်ဦးစလုံးတုန်လှုပ်ချောက်ချားသွားကြသည်။ ဣဇာက်အလွန် အမင်းတုန်လှုပ်လျက် သူကောင်းကြီးမင်္ဂလာပေးလိုက်ပြီးဖြစ်ကြောင်း ပြောပြသည်။ ဧသောသည် နာကျည်းစွာနှင့်ဟစ်အော် ငိုကြွေးကာ ကောင်းကြီးမင်္ဂလာပေးရန်တောင်းပန်သည်။ ယာကုပ်ကို အရှင်ဖြစ်စေလိုက်ပြီဖြစ်ကြောင်း ဣဇာက်က ပြော သည်။ ဧသောကလည်း ယာကုပ်သည် သူ့ထံမှ နှစ်ကြိမ်နှစ်ခါလုယူလိုက်ပြီဖြစ်သောကြောင့် သူ့ကို ယာကုပ်ဟူသော

အမည်ဖြင့် လျှောက်ပတ်စွာမှည့်ထားပြီဟု ဆိုလေသည်။ သူ့သားဦးအရာ နှင့် ယခုအခါ သူ့အတွက် ကောင်းကြီးမင်္ဂလာကိုလုယူလိုက်ပြီဖြစ်သည်။ ဧသောသည် သူ့ဖခင်ရှေ့တွင် ငိုကြွေးပြီး ကောင်းကြီးမင်္ဂလာတစ်ခုခုပေးရန် တောင်းပန်တိုးလျှိုးသည်။ နောက်ဆုံးတွင် ဣဇက်က ပြောသည်မှာ ဧသောသည် ဓါးနှင့်အသက်မွေးရလိမ့်မည်ဖြစ်ပြီး သူ့ညီကို အလုပ်အကျွေးပြုရမည်။ သို့ရာတွင် နောက်ဆုံး၌သူ့ညီတင်ထားသောထမ်းပိုးကို သူ့လည်ပင်းမှ ချိုးဖျက်လိုက်နိုင်မည်ဟုဆိုပါသည်။

ဧသောသည် ယာကုပ်အပေါ် မုန်းတီးစိတ်အပြည့်ရှိနေလေသည်။ အိုမင်းနေပြီဖြစ်သော သူ့ဖခင်ကို သူစိတ်မချမ်းမသာမဖြစ်စေလိုပေ။ထိုကြောင့်သူ့ဖခင်မသေမှီ ပူဆွေးချိန်မကျော်လွန်ခင် အရေးယူခြင်းမပြုရန် သူဆုံးဖြတ်သည်။ သို့ရာတွင် ယာကုပ်ကိုသတ်ရန်စီစဉ်နေကြောင်း သူလျှောက်ပြောနေသည်။ ဧသောခြိမ်းခြောက်နေသည့်စကားများ ရေဗက္ကကြားရသောအခါ ယာကုပ်ကို ဝေးလံသောခါရန်မြို့တွင် သူမ၏ အစ်ကိုလာဗန်နှင့်သွားရောက်နေထိုင်ရန်နှင့် ယာကုပ်ထွက်ပြေးဘို့ရာ စီစဉ်ပေးသည်။ ဧသော၏ခါနာန်အမျိုးသမီးများနှင့် လူမျိုးရောသောအိမ်ထောင်များကိုထောက်ပြ အကြောင်းပြပြီး ယာကုပ်ကိုထွက်သွားခွင့်ပြုရန် ရေဗက္ကသည် ဣဇာက်ကို သိမ်းသွင်းလေသည်။ ယာကုပ်သည် သူ့ဆွေမျိုး လာဗန်အားဖြင့် သူ့လူမျိုးထဲမှဇနီးမယားရှာယူနိုင်မည်။ ဣဇက်ကလည်း ခါနာန်လူမျိုးမဟုတ်သော ဇနီးကိုရှာယူဘို့ ခါရန်မြို့သို့သွားရန်ယာကုပ်ကို ကောင်းကြီးပေးလိုက်သည်။ ဧသောသည် သူ့ခါနာန်ဇနီးများကို ဖခင်မနှစ်သက်ကြောင်း သိရကာ၊ သူ့တစ်ဝမ်းကွဲညီမဖြစ်သော ဣရှမေလ၏သမီးကို လက်ထပ်ယူလိုက်သည်။

*(ဇာတ်လမ်း၏ဤအပိုင်းကဏ္ဍကို ကမ္ဘာဦးကျမ်း ၂၆း၃၄-၂၈ း၉ ၊ ၃၅း၁၉-၃၄ မှ ကောက်နုတ်ယူထားပါသည်။)*

---

# အပိုင်း (၄)

# ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သောခရီး
# (JOURNEY TOWARD RECONCILIATION)

**ကျမ်းပိုဒ်** 📖 ကမ္ဘာဦးကျမ်း (၂၈း၁၀ - ၃၃း၀ ၊ ၃၅း၂၇ - ၂၉)

**နောက်ခံဇာတ်လမ်း**

ကြဇာက်နှင့်ရေဗက္ကတို့သည် ခါနာန်ပြည်မှာနေထိုင်ကာ ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်သူများဖြစ်သည်။ ကြဇာက်၏ဖခင် အာပြဟံသည် မြေဩဇာကောင်းသော လခြမ်းနယ်မြေ **(Fertile Crescent)** မှ ခရီးထွက်လာခဲ့သူ ဖြစ်သည်။ ဥရမြို့နှင့် ခါရန်မြို့တို့မှနေပြီး၊ ခါနာန်ပြည်သို့ ခရီးဆက်ခဲ့ပါသည်။ သူတို့သည် သိုးနှင့်ဆိတ်အုပ်များကို မွေးမြူ ထိန်းကျောင်းသူများဖြစ်ပါသည်။ ကဏ္ဍ(၁)တွင် ယာကုပ်နှင့်ဧသောတို့ကြားမှပဋိပက္ခသည် သူတို့မမွေးဖွားခင်ကပင် စတင်ပြီး ဆက်လက် နက်ရှိုင်းဆိုးရွားသွားခဲ့သည်။ ယာကုပ်သည် ဧသော ၏ သားဦးအနေဖြင့် ရရှိထားသော သားဦးအရာကို ပဲဟင်းရည်အနည်းငယ်နှင့် လဲလှယ်ရောင်းစားလိုက်ရန် ဧသောကို ကြိုးကိုင်ခြယ်လှယ်ခဲ့သည်။ နောက်ပိုင်းတွင် ယာကုပ်သည် သူ့အစ်ကိုအဖြစ် လိမ်လည်လှည့်ဖြားပြီး ဖခင်၏ ကောင်းကြီးမင်္ဂလာရယူခဲ့သည်။ ဧသောသည် နာကျည်းစိတ်ဆိုးလွန်း၍ ယာကုပ်ကို သတ်ရန် ခြိမ်းခြောက်ခဲ့သည်။ ယာကုပ်သည် ဇနီးမယားရှာရန်ရည်ရွယ်ချက်ကိုဟန်ပြပြီး ခါရန်မြို့ရှိ သူ့ဦးလေး လာဗန်၏အိမ်သို့ ထွက်ပြေးသွားပါသည်။

**သင်ကြားမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

ဤဇာတ်လမ်း၏ အစိတ်အပိုင်းသည် ကမ္ဘာဦးကျမ်း၏ အခန်းကြီးများစွာမှာ နေရာယူထားသည်။ ထို့ကြောင့် အတန်းချိန် (သို့) သင်ကြားချိန်မတိုင်မီ ကြိုတင်၍ ကျမ်းစာကိုဖတ်ထားရန် တာဝန်ပေးလျှင်ကောင်းပါမည်။ ဤအပိုင်း၏ သင်ကြားမှု မှတ်စုနောက်တွင် ဇာတ်လမ်း၏အကျဉ်းချုပ်တင်ပြမှုပေးထားပါသည်။ အကျဉ်းချုပ်ကို ကော်ပီကူးထားနိုင်ပြီး၊ အတန်းအတွင်း (သို့) အတန်းမစမီပါဝင်သူ သင်တန်းသားများသည် သူတို့၏ အဖွဲ့ငယ်များတွင် ဖတ်နိုင်ပါသည်။

☛ အဖွဲ့များ ခွဲလိုက်ပါ။ အောက်ပါမေးခွန်းများကို အသုံးပြုပြီး ဇာတ်လမ်းအကြောင်းဆင်ခြင်သုံးသပ်ခြင်းနှင့် ဆွေးနွေး ခြင်းအတွက် မိနစ် ၃၀ပေးပါ။။-

- ✦ ယာကုပ်၏ မည်သည့် အတွေ့အကြုံများသည် နောက်ဆုံးတွင် သူ့အစ်ကို ဧသောနှင့် သက်ဆိုင်၍ သူ့အမြင်များနှင့် သဘောထားကိုပြောင်းလဲသွားစေပါသနည်း။
- ✦ ၎င်းအတွေ့အကြုံများသည် ယာကုပ်အား မည်သို့ ထိခိုက်ခဲ့သလဲ။
- ✦ ယာကုပ်၏ မည်သည့်လုပ်ဆောင်မှုခြေလှမ်းများက သူ့အစ်ကိုနှင့်ဖြစ်သော ပဋိပက္ခကိုပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သွားစေပါသလဲ။
- ✦ ၎င်းလုပ်ဆောင်မှုများ၏ ရလဒ်ကားအဘယ်နည်း။

- ✦ ဧသော၏စိတ်နှလုံးထဲ ဘာပြောင်းလဲသွားပါသလဲ။ အဘယ်ကြောင့်နည်း။
- ✦ ပြန်လည်သင့်မြတ်ခြင်းရရှိသွားစေနိုင်ရန် ဧသောသည် မည်သည့်ရွေးချယ်မှုများကိုပြုလုပ်ပါသလဲ။

အစီရင်ခံတင်ပြရန် အဖွဲ့များကို ပြန်ခေါ်လိုက်ပါ။ ယာကုပ်ကို ပြောင်းလဲသွားစေသော အတွေ့အကြုံတစ်ခုတည်းကို ပြောရန်နှင့်သူဘယ်လိုပြောင်းလဲသွားသလဲဆိုသည်ကို တစ်ဖွဲ့စီအား အလှည့်ကျမေးသွားပါ။အဖွဲ့များထဲမှ ထွက်ပေါ်လာသောအချက်များကို တစ်တန်းလုံးဝေမျှပြောဆိုပြီးသည်အထိ တစ်ဖွဲ့ပြီးတစ်ဖွဲ့ကို မေးပါ။ ထိုလုပ်နည်းကိုသာအသုံးပြုလျက်ပြန်လည်သင့်မြတ်ခြင်းရရှိစေရန် ယာကုပ်လုပ်ဆောင်ခဲ့သော ခြေလှမ်းများနှင့်ဧသော၏ပြောင်းလဲသွားခြင်းနှင့် ရွေးချယ်မှုများအကြောင်း အချက်အလက်များရအောင်ပြုလုပ်ပါ။

ထို့နောက်မေးပါ ကျွန်ုပ်တို့၏ဘဝများတွင် ရင်ဆိုင်ရသော ပဋိပက္ခများတွင် အသုံးချနိုင်မည့် ဤဇာတ်လမ်းထဲမှ ပေါ်ထွက်လာသော ပြန်လည်သင့်မြတ်ခြင်းအတွက် ခြေလှမ်းများနှင့် သွင်ပြင်လက္ခဏာများကား အဘယ်နည်း။

လွန်ခဲ့သောအပတ်တွင် အတန်းသားများ ဆင်ခြင်သုံးသပ်ခဲ့ကြသော ပဋိပက္ခကို ပြန်စဉ်းစားကြည့်ရန် သူတို့ကို ဖိတ်ခေါ်ပါ။ ဤသင်ကြားမှုမှ ဖော်ထုတ်ခဲ့သော ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သော ခြေလှမ်းများအချို့ကို အထက်ပါ ပဋိပက္ခအတွက် အသုံးပြုရန် လိုအပ်သည်များရှိပါသလား။ တိတ်ဆိတ်စွာ ဆင်ခြင်သုံးသပ်ကြည့်ရန် နှင့် ဆုတောင်းရန် အချိန်ပေးပါ။

**အရေးကြီးသောအချက်များ**

➯ ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သော ယာကုပ်၏ ခရီးသည် မည်မျှဘုရားသခင်နှင့်အတူသွားသော ဝိညာဉ်ခရီး တစ်ခုဖြစ်ကြောင်းမှတ်သားပါ။ မိုးကောင်းကင်သို့ရောက်သော လှေကားပေါ်၌ ကောင်းကင်တမန်တို့ကို မြင်ရသော ရူပါရုံနှင့် ညလုံးပေါက်လုံးထွေးနေခဲ့သည်တို့ နှစ်မျိုးစလုံးမှာ ဘုရားသခင်နှင့်အတူသွားသော ဝိညာဉ်ခရီးစဉ်ဖြစ်ပါသည်။ ပြန်လည်သင့်မြတ်ခြင်းသို့ဦးတည်သော မည်သည့်ခရီးမဆို အများစုမှာ ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်သိရှိသွားသော စိတ်နှလုံးအတွင်းမှ ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ (ယာကုပ်သည်သူ့နာမည်ကို မပြောမဖြစ် ပြောရသည် သူ၏ 'လုယူသူ' ဆိုသည့် အတိတ်ကိုရင်ဆိုင်ရသည်။) ထို့နောက်မှ ကျေးဇူးတော်ကို ခံစားရရှိပြီး ကျွန်ုပ်တို့ သည် ဘုရားသခင်အလိုရှိသည့်အတိုင်းလုပ်ဆောင်ရန် ဆက်ကပ်အပ်နှံကြပါသည်။ ယာကုပ်၏စိတ်နှလုံးထဲမှ ပြောင်းလဲ ခြင်း၏ရလဒ်သည် သူ့လုပ်ဆောင်မှုများကို ကိုယ်တိုင်တာဝန်ယူသော ဆက်ကပ်မှုလည်းဖြစ်ပါသည်။ ဤတွင်သူ၏ အမှားပြုလုပ်ချက်ကြောင့်ပျက်စီးသွားခဲ့သော ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ဘို့ရန် သူတာဝန်ယူခြင်းလည်း ပါဝင်ပါသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **ပြန်လည်သင့်မြတ်ခြင်းဆိုသည်မှာ မိမိကိုယ်တိုင်နှင့်စိတ်နှလုံးထဲမှာ သွားရသောခရီးဖြစ်သကဲ့သို့ အခြားသူနှင့် အပြင်ဘက်မှာသွားရသော ခရီးလည်းဖြစ်ပါသည်။**

➯ ပြန်လည်သင့်မြတ်စေခြင်းမှာ အန္တရာယ်ရှိပါသည်။ ယာကုပ်သည် သူ့ကို ဧသော လက်ခံလိမ့်မည်ဆိုသော အာမခံချက် မရှိပါ။ ယာကုပ်သည် အသတ်ခံရနိုင်သည်။ သို့ရာတွင် သူသည်ပွင့်လင်းရန်နှိမ့်ချရန်နှင့် နောင်တရရန်အတွက် အန္တရာယ်

ကိုစွန့်စားခဲ့ပါသည်။ အခြားသူ (သို့) အခြားအဖွဲ့မှ ဘာလုပ်မည်ဆိုသည်ကို ကျွန်ုပ်တို့တာဝန်မယူနိုင်ပါ။ သို့ရာတွင် ပြန်လည်သင့်မြတ်စေခြင်းသို့ ဦးတည်သွားသော ခြေလှမ်းများ၏အန္တရာယ်ကို စွန့်စားမှုအပါအဝင် ကျွန်ုပ်တို့ပြုလုပ်သော ရွေးချယ်မှုများအတွက် ကျွန်ုပ်တို့မှာ တာဝန်ရှိပါသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **တစ်ဦးတစ်ယောက်မှစပြီး၊ အချို့နေရာတွင် လူတိုင်းမှစပြီး ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် မစွန့်စားပါက၊ ပြင်းထန်သောပဋိပက္ခတွင် ပြန်လည်သင့်မြတ်စေခြင်းဆိုသည်မှာ ဘယ်သောအခါမှ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပါ။**

➯ ယာကုပ်သည် ဧသော နှင့်မတွေ့ဆုံခင်၊ သူ့ယောက္ခမ လာဗန်နှင့် ပြန်လည်သင့်မြတ်ခြင်းကို အတိုင်းအတာတစ်ခုအထိ ခံစားရရှိခဲ့ပြီးဖြစ်သည်။ သူကိုယ်တိုင်လိမ်လည်လှည့်စားခံရခြင်း၏ အရသာကို တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်သည်။ (ယာကုပ်ထံမှ ဧသော ကြုံတွေ့ခံစားခဲ့ရမှုမျိုး)။ အလိမ်ခံရမှုတွင် ယာကုပ်သည်လာဗန်၏ ဒေါသကိုရင်ဆိုင်ခဲ့သည်။ ယာကုပ်နှင့် လာဗန်သည် သူတို့၏ပဋိပက္ခနှင့်ခံစားရမှုများကို ရှင်းလင်းသွားအောင် ပြောဆိုခဲ့ကြသည်။ သူတို့သည် ငြိမ်းချမ်းစွာ နေထိုင်နိုင်ပြီး မိသားစုဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်မည့် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော သဘောတူညီချက်ကို ရရှိခဲ့ကြသည်။ ဤအချက်များအားလုံးက ယာကုပ်အတွက် ပို၍ကြာမြင့်စွာနှင့်ပို၍နက်ရှိုင်းစွာ သူ့အစ်ကိုနှင့် စိမ်းကားပြတ်တောက်ခဲ့ရခြင်းကို ပြန်လည်သင့်မြတ်စေရန် လုပ်ငန်းစဉ်အတွက် ယာကုပ်အား ပြင်ဆင်ပေးခဲ့လေသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **ပဋိပက္ခတစ်ခုကို အသွင်ပြောင်းစေရာမှာ အောင်မြင်မှုရခြင်းသည် ကျွန်ုပ်တို့ဘဝတွင်းရှိ အခြားပဋိပက္ခများကို အသွင်ပြောင်းရန် ကြိုးစားရာမှာ အခြေခံပြုရန် အတွေ့အကြုံကို ကျွန်ုပ်တို့ရရှိနိုင်ပါသည်။**

## အပိုင်း (၄) မှ ဓာတ်လမ်းအကျဉ်းချုပ်
## ယာကုပ်နှင့်ဧသော၊ ကဏ္ဍ (၂) ပြန်လည်သင့်မြတ်ခြင်းသို့ ဦးတည်သောခရီး

ယာကုပ်သည် သူ့မိသားစုထံမှ ထွက်ခွာလာသောအခါ ဧသော၏ သတ်ဖြတ်ရန်ခြိမ်းခြောက်မှုကို ရှောင်ရှားရန်နှင့် ခါရန်မြို့ရှိသူ့လူမျိုးများထဲမှ ဇနီးမယားကိုရှာယူရန်ဆိုသော ရည်ရွယ်ချက်နှစ်မျိုးနှင့်ဖြစ်ပါသည်။ ယာကုပ်ခရီးထွက်ခဲ့ရာ တစ်ညတွင် လဲလျောင်းအိပ်နေစဉ် အိပ်မက်မက်၏။ မြေကြီးမှ မိုးကောင်းကင်အထိထောင်ထားသော လှေခါးပေါ်တွင် ကောင်းကင်တမန်တို့ တက်လိုက်ဆင်းလိုက်လုပ်နေကြသည့်အိပ်မက်ကို မြင်မက်၏။ ဘုရားသခင်သည် သူ့နဘေးမှာလာပေါ်ပြီးအာဗြဟံ နှင့် ဣဇာက်တို့ကို ဂတိပေးထားသော ပဋိညာဉ်ကို ထပ်လောင်းအတည်ပြုသည်။ ဘုရားသခင်က ယာကုပ်၏ အမျိုးအနွယ်သည် နိုင်ငံကြီးတစ်နိုင်ငံဖြစ်လာမည့်အကြောင်း သူအိပ်သောမြေကို သူတို့ဆက်ခံရရှိမည့်အကြောင်း နှင့် သူတို့သည် နိုင်ငံအပေါင်းတို့အတွက် ကောင်းကြီးမင်္ဂလာဖြစ်စေမည့်အကြောင်းဂတိပေးလေသည်။ ဘုရားသခင်သည် ယာကုပ်သွားလေရာ၌ သူနှင့်အတူရှိနေမည့်အကြောင်း နှင့်ဤပြည်သို့သူ့ကို ပြန်ဆောင်ကျဉ်းခဲ့မည့်အကြောင်းလည်း ဂတိပေးသည်။ ယာကုပ်နိုးလာသောအခါ ကြောက်ရွံ့မိသည်။ သူသည် ဘုရားသခင်၏ အိမ်တော်နှင့်ကောင်းကင်တံခါးဝသို့ရောက်ခဲ့သည်ဟု ခံစားမိလေသည်။ သူသည်ကျောက်မှတ်တိုင်တစ်ခုထူထောင်ပြီး ၎င်းနေရာကို ဗေသလ(ဘုရားသခင်၏ အိမ်)ဟု မှည့်ခေါ်လိုက်သည်။

ယာကုပ်သည် ခါရန်မြို့သို့ရောက်သောအခါ သူ့ဦးလေး လာဗန်၏ သမီးရာခေလကို ချစ်ကြိုက်သွားသည်။ သူသည် လာဗန်အတွက် သိုးထိန်းအဖြစ်(၇)နှစ် လုပ်ကိုင်ပေးရန်သဘောတူခဲ့သည်။ သို့သော်လာဗန်သည် လက်ထပ်ပွဲတွင် သူ့သမီး

အကြီး လေအာ ကို ယာကုပ်ကိုပေးစားလိုက်ခြင်းဖြင့် ယာကုပ်ကိုလှည့်စားသည်။ ယာကုပ်သည် ရာခေလကို လက်ထပ်ယူရန် နောက်ထပ်(၇)နှစ် နေရပြန်သည်။ ယာကုပ်သည် ခါနာန်ပြည်သို့ ပြန်ရန်ပြင်ဆင်သည်။ လာဗန်အတွက် အလုပ်အကျွေး ပြုခဲ့ခြင်းအတွက် အဘိုးအခအဖြစ် သိုးစုဆိတ်စုတစ်အုပ်ရရှိနိုင်ရန် နောက်ထပ်(၆)နှစ်အလုပ်လုပ်ခဲ့ပါသည်။ သူသည် လာဗန်၏ သိုးဆိတ်အုပ်ထဲမှ လက်ရွေးစင်သိုးဆိတ်အုပ်ကြီးကြီးရရှိရန် လာဗန်ကို ပရိယာယ်နှင့်လှည့်ဖြားသမှုပြုလေသည်။ လှည့်ဖြားမှုကို လာဗန်သိရှိရသောအခါ အလွန်အမင်းစိတ်ဆိုးသွားသည်။ ထို့ကြောင့် ယာကုပ်သည် သူ့ဇနီးများ၊ သားသမီး များ၊ သိုးဆိတ်အုပ်များနှင့်အတူ တိတ်တဆိတ်ထွက်ပြေးသွားလေသည်။ လာဗန်သည် ယာကုပ် နောက်သို့လိုက်သည်။ သို့ရာတွင် ဘုရားသခင်က သူ့အိပ်မက်ထဲတွင် ယာကုပ်ကို မည်သို့ဆက်ဆံသင့်သည်အကြောင်း သူ့ကိုသတိပေးသည်။

လာဗန်လိုက်မှီသောအခါ၊ သူနှင့်ယာကုပ်တို့သည် သူတို့အချင်းချင်းထိခိုက်နစ်နာစေခဲ့ပုံအကြောင်းနှင့် ဖြစ်ထွန်းလာ သော အချင်းချင်းမယုံကြည်မှုတို့အကြောင်းကို ကြီးမားသောခံစားမှုနှင့် ပြောဆိုကြသည်။ ယာကုပ်သည် လာဗန်ကို အစေခံ သည့်နှစ်များတစ်လျှောက် ကြောက်ရွံ့ခဲ့ရသော၊ သစ္စာဖောက်ခံခဲ့ရသော၊ ခံစားမှုများကို ပြောပြသည်။ လာဗန်ကလည်း ယာကုပ်၏မယားများသည် သူ့သမီးများဖြစ်ကြောင်း၊ ကလေးများလည်း သူ့မြေးများဖြစ်ကြောင်းခံစားချက်ကို ပြောပြသည်။ ထို့နောက် သူတို့နှစ်ယောက်သည် အချင်းချင်းခိုက်ရန်မပြုမည့်အကြောင်းနှင့် ယာကုပ်သည် သူ့ဇနီးများနှင့်သားသမီးများကို ကောင်းစွာစောင့်ရှောက်မည့်အကြောင်း အတူတကွ ပဋိညာဉ်ပြုကြသည်။ လာဗန်သည် သူ့သမီးများနှင့်မြေးများကို နမ်းပြီး လျှင်ပြန်သွားလေသည်။

ယာကုပ်သည် ခါနာန်ပြည်သို့ခရီးဆက်ခဲ့လေသည်။ သူပြန်လာသည့်အကြောင်းသတင်းပို့ရန် ဧသောထံ တမန်များ စေလွှတ်သည်။ သူ့အစ်ကို၏ ချစ်ခင်မှုကိုရရန် မျှော်လင့်ကြောင်းပြောခိုင်းလိုက်သည်။ ဧသောသည် ယာကုပ်နှင့်တွေ့ရန် လူပေါင်း (၄၀၀)နှင့် လာနေပြီဖြစ်ကြောင်း တမန်တို့က သူ့ကိုပြန်လာပြောပြသတိပေးကြသည်။ ဤသတင်းကြောင့် ယာကုပ် ကြောက်လန့်သွားလေသည်။ သူသည် ရှေးဦးစွာသူ့မိသားစုနှင့် သိုးဆိတ်စုအားလုံးကို အုပ်စုနှစ်ခုခွဲထားလိုက်သည်။ အုပ်စုတစ်စုကတော့ ဘေးကင်းကျန်ရစ်ရန်သူမျှော်လင့်သည်။ ထို့နောက် လွတ်မြောက်နိုင်ရန်သူဆုတောင်းသည်။သူသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်သစ္စာရှိမှုကို မထိုက်တန်ကြောင်း နှိမ့်ချစွာဝန်ခံသည်။ ဧသောကို သူကြောက်ရွံ့ကြောင်း ဝန်ခံသည်။ သို့ရာတွင် သူ့ကိုဂတိပေးခဲ့သော ဘုရားသခင်၏ပဋိညာဉ်ကို သူယုံကြည်ကြောင်းလည်း အသိအမှတ်ပြုသည်။

ထို့နောက် ယာကုပ်သည် နည်းဗျူဟာပြောင်းလိုက်သည်။ သူသည်သူ့သိုးဆိတ်အုပ်ထဲမှ မြောက်များစွာသော တိရစ္ဆာန်များနှင့် အစေခံများကို လက်ဆောင်အဖြစ်နှင့်ဧသောအတွက် ကျေရာကျေကြောင်း အမှာစကားနှင့်အတူ ကြိုပြီး ပို့လိုက်သည်။ ယာကုပ်သည် သူ့အစ်ကို၏ ဒေါသပြေငြိမ်းသွားရန် မျှော်လင့်သည်။ သူ့မျက်နှာကို မြင်တွေ့နိုင်ရန် နှင့်သူ့ကို ဧသောလက်ခံမည်ကိုမျှော်လင့်သည်။ ထို့နောက်ယာကုပ်သည် သူ့သားသမီးများအပါအဝင် သူ့မိသားစုအားလုံးကို မြစ်ကို ကျော်ဖြတ်စေ၍ ခါနာန်ပြည်တွင်းသို့စေလွှတ်လိုက်သည်။

ယာကုပ်သည် တစ်ဦးတည်းကျန်ခဲ့သည်။ ထိုအခါ လူတစ်ဦးရောက်လာပြီး မိုးလင်းလာချိန်အထိ ယာကုပ်နှင့် လုံးထွေးနေခဲ့သည်။ ထိုလူကသူမနိုင်မှန်းသိလျှင် ယာကုပ်၏ပေါင်ကိုထိုး၍ ပေါင်ဆစ်ပြုတ်သွားစေ၏။ ယာကုပ်ကမူ ထိုလူ သူ့ကိုကောင်းကြီးမပေးမချင်း မလွှတ်ဘဲနေ၏။ ထိုလူက သူ့နာမည်ကိုမေးသည်။ ယာကုပ်ကလည်း 'လုယူသူ'ဟု အဓိပ္ပာယ် ရသော သူ့နာမည်ကို ပြောပြလိုက်သည်။ ('လုယူသူ'ဆိုသည်မှာ မိမိတရားဝင်ပိုင်ဆိုင်မှုမရှိသော အာဏာ (သို့) ရာထူးကို ရယူသူကို ဆိုလိုသည်။) ထို့နောက် ထိုလူက သူ့ကို 'ယာကုပ်'ဟု မခေါ်စေရတော့မည့်အကြောင်း ဘုရားသခင်နှင့်ပြိုင်၍ နိုင်ခဲ့သူဟု အဓိပ္ပာယ်ရသည့် 'ဣသရေလ' ဟုခေါ်တွင်စေရမည့်အကြောင်း ပြောသည်။ ယာကုပ်က ထိုလူ၏အမည်ကို

မေးသော်လည်း၊ သူကမပြောပြပေ။ ထိုလူပျောက်သွားသောအခါ ယာကုပ်ကပြောသည် 'ငါသည်ဘုရားသခင်ကိုမျက်နှာချင်းဆိုင်၍ဖူးမြင်ရသော်လည်း၊ အသက်ချမ်းသာရသည်။' သူသည်မြစ်ကိုဖြတ်၍ ခရီးဆက်ခဲ့သည်။ ပေါင်ချိုးအနာတရဖြစ်သွားသောကြောင့် ထော့နဲ့သွားလေသည်။

ယာကုပ်သည် ဧသောအား သူ့လူ (၄၀၀) နှင့် လာနေသည်ကို မြင်သည်။ သူသည် သူ့မိသားစုရှေ့ကိုထွက်ခဲ့ပြီး မြေကြီးပေါ်သို့ ဦးညွှတ်ပြပ်ဝပ်လေ၏။ ဧသောသည် ပြေးလာပြီးသူ့ကိုဖက်ထားလိုက်သည်။ သူတို့နှမ်းရှုံ့ကြလျက် ငိုကြွေးကြ၏။ ဧသော သည် ကြီးမားသောယာကုပ်၏မိသားစုကိုကြည့်ရာ ယာကုပ်ကလည်းသူတို့နှင့် မိတ်ဆက်ပေးလေသည်။ လက်ဆောင်များ အကြောင်းကို ဧသောကမေးသောအခါ ယာကုပ်က ချစ်ခင်မှုကိုရရှိရန် မျှော်လင့်ကြောင်း ပြောဆိုသည်။ ဧသောကမူ သူ့မှာအလုံအလောက်ရှိကြောင်း တိရစ္ဆာန်အုပ်နှင့်လက်ဆောင်များကို ယာကုပ်ပြန်ယူထားရန်ပြောသည်။ ယာကုပ်ကလည်း အစ်ကိုဧသော၏ မျက်နှာကိုမြင်ရခြင်းသည် ဘုရားသခင်၏ မျက်နှာတော်ကို ဖူးမြင်ရသကဲ့သို့ ခံစားရကြောင်း၊ ထို့ကြောင့် သူ့လက်ဆောင်များကို လက်ခံထားရန် ဧသောကို ပြန်ပြောသည်။ ဘုရားသခင်သည် သူ့ကို ဆုကျေးဇူးများစွာပေးသနားခဲ့ပြီး၊ ဧသောထံမှလည်းထိုသို့သော ကျေးဇူးခံစားရကြောင်း ပြောသည်။ ဧသောလည်းလက်ဆောင်များကို လက်ခံထားလိုက်သည်။

သူတို့သည် ခရီးဆက်ခဲ့ရာ ယာကုပ်က နှိမ့်ချစွာကျေးဇူးတင်မှုကိုပြလျက် ဧသောသည် ကြင်နာမှုကိုပြသည်။ ယာကုပ်သည် ခါနာန်ပြည်တွင် အခြေချနေထိုင်လေသည်။ နောက်ဆုံးတွင်ဇာက်သေဆုံးသောအခါ သူတို့ ညီအစ်ကိုနှစ်ဦး အတူတကွ သင်္ဂြိုလ်ကြလေသည်။

*(ဤဇာတ်လမ်းအပိုင်းကဏ္ဍကို ကမ္ဘာဦးကျမ်း ၂၈း၁၀-၃၃း၂၀ ၊ ၃၅း၂၇ -၂၉ ထဲမှ ကောက်နှုတ်ယူထားသည်။)*

---

# အခန်း - (၂)

## ပဋိပက္ခကို ဖြေရှင်းခြင်း

## (CONFLICT RESOLUATION)

အပိုင်း (၅) - နားလည်မှုလွဲမှားမှုကြောင့်ဖြစ်သော ပဋိပက္ခ (ယောရှု ၂၂ း ၁၀ - ၃၄)

အပိုင်း (၆) - ရဲရင့်သော ကြားဝင်ဖြန်ဖြေပေးသူ (ဓမ္မရာဇဝင် - ပ ၂၅ း ၁ - ၃၅)

အပိုင်း (၇) - ဘာသာရေးဆိုင်ရာ တန်ဖိုးထားမှုနှင့်သက်ဆိုင်သော ပဋိပက္ခ (တမန်တော် ၁၅ း ၁-၃၅)

အပိုင်း (၈) - နိုင်/နိုင် အဖြေရလဒ်ကိုရှာဖွေခြင်း (ဂလာတိ ၃၂ း ၁ - ၃၃)

အပိုင်း (၉) - အဖြေရှာမရသောအခါ (တမန်တော် ၁၅ း ၃၆ - ၄၁)

# အ ပိုင်း (၅)

## နား လည် မှု လွဲ မှား မှု ကြောင့် ဖြစ် သော ပ ဋိ ပ က္ခ
## (CONFLICT OVER MISUNDERSTANDINGS)

ကျမ်းပိုဒ် 📖 ယောရှု (၂၂း၁၀-၃၄)

**နောက်ခံဇာတ်လမ်း**

ဣသရေလ လူမျိုးတို့သည် ခါနာန်ပြည်ကို အနိုင်တိုက်ခဲ့စဉ်အတွင်းက လူမျိုးစုနွယ် (၁၂)ခုလုံး ပါဝင်ဆင်နွှဲခဲ့ကြသည်။ သို့ရာတွင် ရူဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တစ်ဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက်ရှိ ယာဇာမြို့နှင့် ဂိလဒ်မြို့ရှိဒေသတွင် အခြေချနေထိုင်ရန် ဆုံးဖြတ်ကြသည်။ တောလည်ရာ (၃၂) တွင် (အပိုင်း(၈)ရှိ ၄င်းကျမ်းပိုင်းကို လေ့လာချက်ကိုကြည့်ပါ) ရူဗင်၊ ဂဒ်၊ မနာရှေ အမျိုးတို့သည် အရှေ့ဘက်နယ်မြေတွင် အခြေမချခင်အနိုင်တိုက်ပွဲတွင် ပါဝင်တိုက်ကြရန် မောရှေလက်အောက်တွင် လူမျိုးစုနွယ်များ မည်ကဲ့သို့သဘောတူခဲ့ကြကြောင်း ဇာတ်လမ်းကို ပြောပြထားသည်။ ယောရှု (၂၂း၁-၉) တွင် အောင်နိုင်ခြင်း စစ်ပွဲအလုပ်ပြီးဆုံးသွားပြီဖြစ်ကြောင်း ယောရှုကြေညာပြီး ထိုလူမျိုးစုနှစ်-နှစ်ပိုင်း တစ်ပိုင်း ကို ယော်ဒန်မြစ်၏ အရှေ့ဖက်ကမ်းတွင် သူတို့ အိုးအိမ်များ သွားရောက်ထူထောင်ရန်ပြန်လွှတ်လိုက်သည်။

ဤကျမ်းပိုဒ်တွင် ဣသရေလလူမျိုးတို့၏စောစောပိုင်း၊ အတွေ့အကြုံ နှစ်ခုကိုဖော်ပြထားသည်။ ထိုအစောပိုင်းကဖြစ်ရပ်များကို နားလည်ခြင်းသည် ယော်ဒန်မြစ်အနောက်ဖက်ကမ်းမှ လူမျိုးစုတို့ စိုးရိမ်ပူပင်ရသည်ကို နားလည်ခြင်းအတွက် အရေးကြီးသည်။ အခန်းငယ် (၇) သည် 'ပေဂုရ အဖြစ်'ကို ရည်ညွှန်းသည်။ ဤအချက်သည် တောလည်ရာ (၂၅း၁-၉) တွင် မှတ်တမ်းတင်ထားသော ဇာတ်လမ်းကို ရည်ညွှန်းထားသည် ထိုဇာတ်လမ်းမှာ ဣသရေလ လူတို့ ဗာလကို ဆည်းကပ်ခြင်းနှင့်သက်ဆိုင်သော ရုပ်တုကိုးကွယ်ခြင်း၊ အမှုကိုပြုကြခြင်းအကြောင်းဖြစ်သည်။ ဤရုပ်တုကိုးကွယ်မှုအတွက် ဘုရားသခင်၏ အပြစ်စီရင်ခြင်းနှင့်သက်ဆိုင်သော ဘေးတွင်လူ (၂၄၀၀၀) သေဆုံးခဲ့သည်။

အခန်းငယ် (၂၀) သည် 'ဇေရ၏သား အာခန်'ကို ရည်ညွှန်းသည်။ အာခန်၏ဇာတ်ကြောင်းကို ယောရှု(၇) တွင် ပြောပြထားသည်။ အာခန်သည် ယေရိခေါမြို့ကို ဖျက်ဆီးရာတွင် လုယူသော ဥစ္စာအချို့ကို ခိုးယူထားသည်။ ဘုရားသခင်ကို အပ်ရမည်ကို သူ့အတွက် သိမ်းဆည်းထားခဲ့သည်။ ၄င်း၏ အကျိုးရလဒ်အဖြစ် ဣသရေလအမျိုးတို့သည် အာဣမြို့ကို စစ်သွားတိုက်သောအခါစစ်ရှုံးခဲ့ကြသည်။ယေရိခေါမြို့မှ လုယူသော ပစ္စည်းအားလုံးကို ဘုရားသခင်ထံ သစ္စာရှိစွာ ဆက်ကပ်မှုမပြုခဲ့သောကြောင့် လူမျိုးတစ်စုလုံးက အပြစ်စီရင်ခံရခြင်းဖြစ်ကြောင်း ဘုရားသခင်က ထုတ်ဖော်ပြခဲ့သည်။ အာခန်သည် အပြစ်ရှိသူအဖြစ်ဖော်ထုတ်ခြင်းခံရပြီး၊ ဥစ္စာပစ္စည်းတို့ကို သူ့တဲ ထဲတွင် မြေမြှုပ်ထားသည်ကိုတွေ့ရှိကြရသည်။သူ့ပြစ်မှားမှုမှ လူမျိုးစုတို့ စင်ကြယ်သွားစေရန် သူ့ကို သတ်လိုက်ကြသည်။

**သင်ကြားခြင်းလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

*ဤကျမ်းပိုဒ်ကိုလေ့လာရန် နည်းလမ်းတစ်ခုမှာ -*

အဖွဲ့ငယ်များဖွဲ့ပြီး သူတို့လေ့လာရန် လမ်းညွှန်အဖြစ်ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူ ကျမ်းပိုဒ်ကိုဖတ်ပြီး ဆွေးနွေးရန်ဖြစ်ပါသည်။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့ကို မိနစ် ၄၀ ခွင့်ပြုပါ။ ထို့နောက် သူတို့လေ့လာရရှိသည်ကို အစီရင်ခံရန်အဖွဲ့တစ်ခုကို ဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား ပုံပြင်တပုဒ်လုံးကို ပြန်မပြောပြစေဘဲ ကျမ်းပိုဒ်ထဲမှ သူတို့ထိုးထွင်းသိမြင်ရရှိမှုကိုဝေမျှစေပါ။ အဖွဲ့များအားလုံးပြီးစီးသွားသောအခါ ကျန်သွားသည့်အချက်များရှိလျှင် ခေါင်းဆောင်ကထုတ်နှုတ်ပြပြီး အဆုံးသတ်အကျဉ်းချုပ်ကိုပြောပြနိုင်သည်။

*အဖွဲ့များလေ့လာရာတွင် အသုံးပြုရန် မေးခွန်းများ -*

- ✦ ပဋိပက္ခသည် ဘာအကြောင်းလဲ၊လက်ငင်းပြဿနာက ဘာလဲ။နှစ်ဖက်စလုံးတွက် အခြေခံ(သို့)ပို၍ နက်ရှိုင်းသော စိုးရိမ်ပူပန်မှုကဘာလဲ။
- ✦ မည်သည့်အကြောင်းရင်းများက ပဋိပက္ခကို ပိုပြင်းထန်သွားစေပါလဲ၊ ဖိနဟတ်လက်အောက်ရှိ ဣသရေလအမျိုးတို့သည် - မည်သည့်အသုံးကျသည့်လုပ်ဆောင်မှုကို လုပ်ကြပါသလဲ။ပဋိပက္ခကို ဖြေရှင်းရာမှာ သိပ်အသုံးမကျမည့် မည်သည့်အကြောင်းအရာ ဖိနဟတ်ပြောသလဲ (သို့) လုပ်ပါသလဲ။
- ✦ ရူဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတစ်ဝက်တို့ [ (သို့) အရှေ့ဖက်သားတို့ ] သည် မည်သည့်အသုံးကျမှုမျိုးကို လုပ်ပါသလဲ။ ပဋိပက္ခကို ဖြေရှင်းရာမှာ မည်သည့်သိပ်အသုံးမကျမှုမျိုးကို သူတို့လုပ်ပါသလဲ။
- ✦ ဖြေရှင်းသွားမှုရရှိရန်မည်သည့်အင်အားများက ဖြစ်မြောက်စေပါသလဲ။
- ✦ ရလဒ်အဖြေကဘာလဲ။ ဖြေရှင်းချက်ကို ဘယ်လိုရသွားသလဲ။
- ✦ ပဋိပက္ခဖြစ်နေသည့် အဖွဲ့များက ဖြေရှင်းမှုကို ဘယ်လိုလက်ခံကြသလဲ။ ပဋိပက္ခဖြစ်တဲ့ အဖွဲ့များက သူတို့ရဲ့ သဘောတူညီမှုကို တရားဝင်စေရန်ဘာလုပ်ကြသလဲ။

*လေ့လာမှုကိုစီစဉ်ရန် နောက်တစ်နည်းမှာ -*

လေ့လာမှုပြုရန် အဖွဲ့သုံးဖွဲ့ခွဲပြီး တစ်ဖွဲ့စီကို အာရုံစိုက်ရန် (သို့)အလုပ်တာဝန် တစ်မျိုးစီပေးရန်ဖြစ်သည်။

⇨ ပထမအဖွဲ့သည် အရှေ့ဖက်လူမျိုးစုများ (ရူဗင်၊ဂဒ်၊မနာရှေအမျိုးတစ်ဝက်) ကို ကိုယ်စားပြုမည်။ ဒုတိယအဖွဲ့မှာ အနောက်ဖက်လူမျိုးစုများ (ဖိနဟတ်၏ ခေါင်းဆောင်မှုအောက်ရှိသူများ)ကို ကိုယ်စားပြုမည်။ ဤအဖွဲ့များသည်သူတို့ကို တာဝန်ပေးထားသောလူမျိုးစုတို့၏ သီးခြားရှုတောင့်အမြင်ကိုအသားပေးပြီး ပုံပြင်ကို လေ့လာမည်။ သူတို့ရှာဖွေသိရှိရန် လိုအပ်သည်မှာ သူတို့လူမျိုးစုတို့၏ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့မှုနှင့် ရှုတောင့်အမြင်တို့ကဘာလဲ။ သူတို့လူမျိုးစုက သူတို့ရဲ့အနေအထားနှင့်လိုအပ်ချက်များကိုဘယ်လိုပြောသလဲ။ တစ်ဖွဲ့စီမှ ပြောဆိုခွင့်ရှိသူကို ရွေးချယ်မည်။ ထိုသူက ဇာတ်သရုပ်ဆောင်မှုအားဖြင့် မိမိအဖွဲ့ကို ကိုယ်စားပြုမည်။ တတိယအဖွဲ့သည် ဖျန်ဖြေသူအုပ်စုဖြစ်မည်။ သူတို့သည် အဖွဲ့များကြားမှ အင်အားကို လေ့လာမည်။ ဘုံမြေနေရာ ဘယ်မှာရှိနိုင်မလဲဆိုသည်ကို သူတို့ရှာဖွေဖော်ထုတ်မည်။ သူတို့သည် ဇာတ်သရုပ်ဆောင်မှုတွင် အဖွဲ့များကြားဖျန်ဖြေသူအဖြစ် အဖွဲ့ဝင်တစ်ဦးကို ရွေးချယ်မည်။

⇨ အဖွဲ့များကို ကျမ်းပိုဒ်ဖတ်ရန်နှင့် သူတို့အခန်းကဏ္ဍအတွက် ပြင်ဆင်ရန် မိနစ်(၃၀)ပေးပါ။ ထို့နောက် အဖွဲ့တိုင်းမှ ဇာတ်သရုပ်ဆောင်မှုပြုရန် ပြောဆိုခွင့်ရှိသူများကို အတန်း၏အလယ် (သို့) ရှေ့သို့လာရန်ဖိတ်ခေါ်ပါ။ ဖျန်ဖြေသူက

အဖွဲ့နှစ်ဖွဲ့ကြားပြောဆိုမည့်သူများအတွက် အစီအစဉ်မှူးလုပ်ကာ တစ်ဖက်စီကို သူတို့၏ဖြစ်စဉ်ကို ပြောပြရန် ဖိတ်ခေါ်မည်။ ဖျန်ဖြေသူသည် တစ်ဖွဲ့စီကို သူတို့၏စိုးရိမ်ပူပန်မှုများ၊အကျိုးရရှိလိုမှုများ၊ လိုအပ်ချက်များကိုဖော်ထုတ် ပြနိုင်ရန် ကူညီသင့်သည်။ နှစ်ဖွဲ့စလုံးကိုလည်း တူညီသောအကျိုးရရှိမှုအချက်အလက်များကို ကြိုးစားရှာဖွေကူရပါမည်။ ထိုနောက် နှစ်ဖွဲ့စလုံး၏စိုးရိမ်ပူပန်မှုများအတွက် အဖြေရရှိစေပြီး သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သဘောတူညီမှုရရှိလာနိုင်ရန် ဖျန်ဖြေသူကကြိုးစားကူညီပေးမည်။ ၎င်းသဘောတူညီမှုသည် နိုင်/နိုင် အဖြေရှာခြင်း ဖြစ်လိမ့်မည်။

⇨ ဇာတ်သရုပ်ဆောင်မှုပြီးသည့်နောက် ဇာတ်သရုပ်ဆောင်မှုမှရရှိသောအဖြေနှင့်ကျမ်းစာပုံပြင်မှ ရရှိသောအဖြေကို နှိုင်းယှဉ်ပြရန် တစ်တန်းလုံးကိုခိုင်းပါ။ ရရှိသောအဖြေအားဖြင့် တစ်ဖက်စီ၏ မည်သည့်အကျိုးကျေးဇူးရရှိသွားပါသလဲ။ အဖွဲ့ဝင်များအား နှစ်ယောက်သုံးယောက်ပါဝင်သော အဖွဲ့လေးများ ဖွဲ့စေခြင်းဖြင့် ဤအပိုင်းကိုအဆုံးသတ်ပါ။ သူတို့အား တစ်စုံတစ်ယောက်နှင့်လောလောဆယ် ပဋိပက္ခဖြစ်နေရာမှာ သူတို့၏ ကြောက်ရွံ့မှု (သို့) စိုးရိမ်ပူပန်မှုကိုသူတို့ ရှင်းလင်းစွာထုတ်မပြောရသေးသည်ကို ဆင်ခြင်သုံးသပ်ကြည့်ခြင်းဖြင့် လေ့ကျင့်မှုပြုကြရန် သူတို့ကိုဖိတ်ခေါ်ပါ။ သင်တန်းသားများအား သူတို့ကြောက်ရွံ့နေမှု (သို့) စိုးရိမ်ပူပန်မှုဘာရှိနေသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းပြောနိုင်သမျှပြောပြစေပါ။ ထိုနောက် နားထောင်နေသူများက သူတို့နည်းနည်းပိုနက်ရှိုင်းစွာ စဉ်းစားကြည့်လို့ရမလား စကားပြောနေသူကိုမေးကြည့်နိုင်သည်။ သူတို့စဉ်းစားကြည့်မည်မှာ ပဋိပက္ခထဲတွင် အန္တရာယ်ဖြစ်နေသည်ကို ပို၍ နားလည်မှုရှိလာစေနိုင်ရန် ထိုကြောက်ရွံ့မှု (သို့) စိုးရိမ်ပူပန်မှု၏ အောက်တွင် (သို့) နောက်ကွယ်တွင် တစ်စုံတစ်ရာ ရှိနေမလားဆိုတာကို စဉ်းစားကြည့်ဖို့ဖြစ်သည်။

**အရေးကြီးသည့်အချက်များ**

⇨ ကျွန်ုပ်တို့၏ ကြောက်ရွံ့မှုများအား အခြားသူတို့အပေါ်လွှဲချရန် အလွန်လွယ်ကူပါသည်။ သို့ရာတွင် ထိုသို့လွှဲချမှုများက အမှန်တကယ်အခြေအမြစ်ရှိချင်မှရှိပါမည်။ အရှေ့ဖက်ကမ်းသားများက သူတို့၏ကြောက်ရွံ့မှုကို အနောက်ဘက်ကမ်းသားများအပေါ်လွှဲချပုံမှာအနောက်ဖက်ကမ်းသားများသည် ယော်ဒန်မြစ်အားဖြင့် သဘာဝနယ်နိမိတ်သတ်မှတ်ထားသည်ဖြစ်၍ သူတို့လူမျိုးစုထဲမှ အရှေ့ဖက်ကမ်းသားများကို နောက်ဆုံးတွင် ပယ်ထုတ်လိုက်လိမ့်မည်ဟူသော ကြောက်ရွံ့မှုပင်ဖြစ်သည်။ အနောက်ဖက်ကမ်းသားများကလည်း သူတို့ကြောက်ရွံ့မှုကိုအရှေ့ဖက်ကမ်းသားများအပေါ် ပုံချပုံမှာ အရှေ့ဖက်ကမ်းသားများ၏ ပဋိညာဉ်ချိုးဖောက်မှုအပြုအမူကြောင့် ဘုရားသခင်၏ အပြစ်စီရင်ခြင်းကိုခံရမည်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။ အဖွဲ့နှစ်ဖွဲ့စလုံးကပင် သူတို့၏ ကြောက်ရွံ့မှုအတွက် အရေးယူခြင်းမလုပ်ဆောင်မီ အခြားအဖွဲ့နှင့်ဆက်သွယ်ပြီး သူတို့၏အပြစ်လွှဲချခြင်းကို စစ်ကြောခြင်းမပြုလုပ်ကြပေ။ အရှေ့ဖက်ကမ်းသားများသည် အနောက်ဖက်ကမ်းသားများအားသူတို့၏ ကြောက်ရွံ့မှုကိုမပြောပြဘဲ (သို့) သူတို့လုပ်ရပ်အတွက် ရှင်းလင်းပြခြင်းမပြုလုပ်ဘဲ ယဇ်ပလ္လင်ကိုတည်ကြသည်။ အနောက်ဖက်ကမ်းသားများကလည်း အရှေ့ဖက်ကမ်းသားများ၏ ယဇ်ပလ္လင်တည်ဆောက်မှု ဘာအဓိပ္ပာယ်ဆောင်သည်ဆိုသည်ကို အရင်မမေးဘဲ စစ်တိုက်ရန် ပြင်ဆင်လှုပ်ရှားကြသည်။ ဖိနဟတ်ကမူ ပညာအမြော်အမြင်ရှိစွာဖြင့် စစ်စမတိုက်မီ စပြီးမေးမြန်းပြောဆိုလေသည်။ ***သင်ခန်းစာမှ ထိုးထွင်းသိမြင်ရရှိမှု-***

**သင်၏အပြစ်လွှဲချမှုနှင့်ကြောက်ရွံ့မှုများသည် မှန်ကန်တိကျမှုရှိမရှိ ဆက်သွယ်မေးမြန်းမှုကို ပထမ ပြုလုပ်ပါ။**

➪ ဆက်သွယ်ရေးပြဿနာအချို့ပုံပြင်ထဲတွင် ပေါ်ပေါက်လာသည်။

- **မိမိ၏ကြောက်ရွံ့မှု (သို့) စိုးရိမ်ပူပန်မှုများကို သိရှိအောင် လုပ်ပြီး ဝေမျှခံစားရန် အရေးကြီးပါသည်။** ဥပမာအားဖြင့် ဘုရားသခင်အား သစ္စာဖောက်မှုကြောင့်လူမျိုးစုတစ်ခုလုံးအပေါ် အပြစ်စီရင်ခြင်း ကျရောက်မည်ကို စိုးရိမ်ပူပန်မှုအား ဖိနဟတ်က ဝေမျှခံစားသကဲ့သို့။
- သို့ရာတွင် ဖိနဟတ်သည် အလွန်စွပ်စွဲသော လေသံဖြင့် စတင်သည်။ (အခန်းငယ် (၁၆) ကိုကြည့်ပါ။)
  "သင်" ဆိုသော လေသံသည် စွပ်စွဲသံပေါက်နေပြီး ကာကွယ်လိုသောတုံ့ပြန်မှုကို လှုံ့ဆော်သည်။ " ကျွန်ုပ် " ဆိုသောလေသံမှာ လူတစ်ဦးသည် မိမိ၏ကြောက်ရွံ့မှုများ၊ စိုးရိမ်ပူပန်မှုများ၊ နာကျင်ထိခိုက်မှုများကို ရှင်းလင်းစွာ ဝေမျှခံစားလျက်ရှိပြီး၊ အဖွဲ့နှစ်ဖွဲ့ကြား ဆက်လက်ဆက်သွယ်မှုပြုရန် အခွင့်အရေးကို ဖွင့်ပေးသည်။ "ကျွန်ုပ်" လေသံသည် နားလည်အောင် ရှင်းပြခြင်း၊ ဖြောင့်မတ်ခြင်း၊ အဖွဲ့နှစ်ဖွဲ့ကိုကွဲပြဲစေသော ခုခံကာကွယ်လိုမှုကို လှုံ့ဆော်ပေးမည့်အစား ပြေလည်စေမည့်အဖြေကိုရှာဖွေရန် အခွင့်အလမ်းစသည်တို့ကို ဖိတ်ခေါ်သည်။
- **တစ်ဖက်အဖွဲ့ကို တစ်စုံတစ်ရာ ကမ်းလှမ်းနိုင်သော တိကျသည့် အဆိုပြုချက်သည်** (အခန်းငယ်(၁၉) တွင် ဖိနဟတ် တင်ပြသကဲ့သို့) **အလုပ်ဖြစ်မြောက်နိုင်ပြီးနှစ်ဖက်စလုံးလက်ခံနိုင်သော ဖြေရှင်းမှုအတွက်ဆွေးနွေးမှုကို လမ်းဖွင့်ပေး နိုင်သည်။**
- **ရည်ရွယ်ချက်များကိုနားလည်အောင်ရှင်းပြပါ။** (အခန်းငယ်(၂၄-၂၇)တွင် အရှေ့ဖက်ကမ်းသားများ ပြုလုပ်သကဲ့သို့) **ထိုအခါလုပ်ဆောင်ခဲ့သောအပြုအမူနောက်ကွယ်မှ တွေးခေါ်မှုနှင့်ခံစားမှုကို တစ်ဖက်အဖွဲ့က နားလည်သွားနိုင် သည်။**

➪ **သဘောတူညီချက်ကို တရားဝင်ဖြစ်စေရန် နှင့် ကျယ်ကျယ်ဝန်းဝန်းနားလည်နိုင်ရန် နောက်ဆက်တွဲလုပ်ဆောင်မှုများကို စီစဉ်ပါ။** (ဥပမာ- အဖြစ်အပျက်ကို ကျန်သည့် ဣသရေလအမျိုးသားများအား ပြန်အစီရင်ခံပြောပြခြင်းနှင့်ယဇ်ပလ္လင် ကို ဧဒ-"သက်သေခံခြင်း" ဟု မှည့်ခေါ်ခြင်း၊ အခန်းငယ် (၃၂-၂၄) ကိုကြည့်ပါ။)

➪ ပဋိပက္ခအမြောက်အများတွင် ဆန့်ကျင်ဖက်မှ အဖွဲ့များသည် တစ်ဖွဲ့က နိုင်ပြီး တစ်ဖွဲ့က ရှုံးရမည်ဟု ယူဆကြသည်။ ဤအခြေအနေကို ပဋိပက္ခကို နိုင်/ရှုံး ချဉ်းကပ်နည်းဟုခေါ်သည်။ အဖွဲ့တစ်ဖက်စီ၏ အကျိုးဖြစ်ထွန်းမှုနှင့် လိုအပ် ချက်မှာကိုဆက်သွယ်ဆောင်ရွက်သော လုပ်ငန်းစဉ်နှင့် ဘုံမြေကို ရှာဖွေခြင်းအားဖြင့် နိုင်/နိုင်ဖြေရှင်းနည်းကို ရှာတွေ့ ရတတ်ပါသည်။ နှစ်ဖွဲ့စလုံးက အနိုင်ရခြင်းကို တွေ့ကြုံခံစားနိုင်သည်။ သို့ရာတွင်တစ်ဖက်အဖွဲ့က ရှုံးသွားရသော ပေးဆပ်ခြင်း နှင့် တော့မဟုတ်ပါ။ ဤဖြစ်စဉ်တွင် အရှေ့ဖက်ကမ်းမှ လူမျိုးစုများသည်ယော်ဒန်မြစ်၏အနောက်ဖက် ကမ်းရှိ ဟီဗရူးအမျိုးသားတို့နှင့်တူညီသော သံယောဇဉ်အနှောင်အဖွဲ့ကို ပြသရန် အုပ်စုပိုင်းဆိုင်ရာ အထိမ်းအမှတ်ကို ရရှိနိုင်ခဲ့ကြသည်။ အနောက်ဖက်ကမ်းမှ လူမျိုးစုတို့မှာ ယော်ဒန်မြစ်အရှေ့ဖက်ကမ်းမှာ အခြေချခဲ့သူများအပါအဝင် တစ်မျိုးစုလုံး ဘာသာရေးဆိုင်ရာ သစ္စာရှိမှုကို စိတ်ချသွားခဲ့ရပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **နိုင်/နိုင် ဖြေရှင်းနည်းကို ရှာဖွေပါ။ ထိုနည်းက အဖွဲ့တဖက်က ရှုံးသွားရသော ဖြေရှင်းနည်းထက် ပဋိပက္ခဖြေရှင်းမှုနှင့်ပတ်သက် ပြီး အားလုံးက ပိုစိတ်ချမ်းမြေ့စွာ ခံစားကျေနပ်ရစ်ပါမည်။**

# အပိုင်း (၆)

# ရဲ ရင့် သော ကြား ဝင် ဖျန် ဖြေ သူ

# (A DARING MEDIATOR)

**ကျမ်းပိုဒ်** 📖 ဓမ္မရာဇဝင် (ပထမစောင် ၂၅း၁-၃၅)

**နောက်ခံဇာတ်လမ်း**

ဒါဝိဒ်သည် ဝရမ်းပြေးဘဝဖြင့် တောထဲတောင်ထဲ၌ နေထိုင်နေရသည်။ ရှင်ဘုရင်ရှောလုက သူ့ကို လိုက်သတ်ရန် ကြိုးစားနေသောကြောင့်ဖြစ်သည်။ ဒါဝိဒ်သည် ရဲမက်များနှင့်လူမှုရေးဝရမ်းပြေးများကို အဖွဲ့တစ်ဖွဲ့ရအောင် စုစည်းလိုက်သည်။ သူတို့သည် ရှာဖွေယူခြင်း၊ တောင်းရမ်းခြင်း၊ လုယူခြင်း တို့ဖြင့် အသက်ရှင်နေရသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

အဖွဲ့ငယ်များဖွဲ့ပြီး သူတို့၏ လေ့လာမှုကို လမ်းညွှန်ရန်ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူကျမ်းပိုဒ်ကို ဖတ်ပြီး ဆွေးနွေးစေပါ။အဖွဲ့အား အတူတကွ လုပ်ဆောင်ရန် မိနစ် (၃၀) ခွင့်ပြုပါ။ ထိုနောက် အဖွဲ့တစ်ဖွဲ့အား သူတို့လေ့လာရရှိချက်ကို အစီရင်ခံရန် ဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား ဇာတ်လမ်းတစ်ခုလုံးမပြောစေဘဲ ကျမ်းပိုဒ်ထဲမှ သူတို့၏ ထိုးထွင်းသိမြင်ရရှိမှုကို ဝေမျှစေပါ။အဖွဲ့များအားလုံးပြီးသွားသောအခါ ဦးဆောင်သူကနေပြီး၊ မပြောမိဘဲကျန်သွားသည့် အချက်များကို ကောက်နုတ်ပြပြီး၊ အဆုံးသပ်အကျဉ်းချုပ်ကိုပြောပြပါ။

***လေ့လာရာမှာ အသုံးပြုရန် မေးခွန်းများ -***

ဇာတ်လမ်းထဲမှ အဓိက ဇာတ်ကောင်များကို စာရင်းပြုစုပါ။

- ✦ ဤဇာတ်ကောင်များ (သို့) ဇာတ်ကောင်များအဖွဲ့မှ မည်သည့်အပြုအမူမျိုးကို ပြပါသလဲ။
- ✦ ပဋိပက္ခဖြစ်နေသူများ၏ပြဿနာနှင့်ပူပန်ရခြင်း၊အကြောင်းများကားအဘယ်နည်း။ဇာတ်ကောင်အမျိုးမျိုးတို့က ပဋိပက္ခကို "မီးလောင်ရာလေပင့်မှု" ဘာတွေလုပ်ကြသလဲ။
- ✦ ပဋိပက္ခကို ငြိမ်းချမ်းသော အဆုံးသတ်မှုသို့ရွေ့လျားသွားစေရန် မည်သူက အရေးယူလုပ်ဆောင်ခဲ့ပါသလဲ။သူတို့၏ လုပ်ဆောင်မှုများသည် အခြားသူများ၏ အပြုအမူကို မည်သို့ပြောင်းသွားစေပါသနည်း။
- ✦ စေ့စပ်ညှိနှိုင်းမှုတွင်မည်သူကဘာကို ပေးလိုက်ရပါသလဲ။ဖြေရှင်းခြင်းတွင် မည်သူက ဘာကိုရရှိသွားပါသလဲ။

အပြောင်းအလဲချဉ်းကပ်မှုတစ်ရပ်အနေဖြင့် အဖွဲ့တစ်ဖွဲ့အားကျမ်းပိုဒ်ကိုကြိုတင်တာဝန်ပေးထားပြီး ဇာတ်လမ်း အကြောင်း ပြဇာတ်တို (သို့) သရုပ်ဆောင်မှုတို့ကို ပြင်ဆင်စေပါ။ သူတို့သရုပ်ဆောင်ပြီးသည့်နောက် ဆရာက ကျန် အဖွဲ့သားတို့အား လေ့လာမှုမေးခွန်းများမေးနိုင်ပါသည်။

အဖွဲ့အား ပဋိပက္ခပေါ် ပေါက်လာလေ့ရှိသော နယ်ပယ်များ(သို့)ဆက်ဆံရေးအချို့ကို ဖော်ထုတ်ပြောစေပါ။ ဥပမာ- လင်မယားကြား၊ ဆွေမျိုးများကြား၊ ကျောင်းသားများကြား၊ အိမ်နီးပါတ်ဝန်းကျင်မှာ ကစားနေကြသောကလေးများ၊ အလုပ်မှာရှိသော အလုပ်သမားများကြား၊ ဝန်ထမ်းများနှင့် အလုပ်ရှင်ကြား စသည်ဖြင့်။

✦ ဤနယ်ပယ်တစ်ခုစီတွင် တရားဝင်နည်းလမ်းဖြင့် ဖျန်ဖြေကူပေးရန် မည်သူ့ကို ရှာဖွေကြည့်နိုင်ပါမည်လဲ။ တရားဝင်မဟုတ်သော ဖျန်ဖြေသူအဖြစ်လုပ်ဆောင်ပေးနိုင် မည့်သူများရှိပါသလား။ ဤကဲ့သို့သော ဖျန်ဖြေသူတွင် မည်ကဲ့သို့သော အရည်အချင်းမျိုးလိုအပ်ပါမည်လဲ။

☛ ပဋိပက္ခတစ်ခုတွင် ဝင်ရောက်ဖျန်ဖြေခဲ့သည့် အတွေ့အကြုံရှိသူ အတန်းသားတစ်ဦးအား အတွေ့အကြုံဝေမျှရန် ဖိတ်ခေါ်ပါ။ ဖြစ်စဉ်ကိုပြောပြပြီးသည့်နောက် ပဋိပက္ခမှာ ပါဝင်သူများအား ပြေလည်သွားခြင်းသို့ ဦးတည်သွားရန် ပံ့ပိုးဘို့ အခွင့်အရေးယူခဲ့သည့်အချက်များကိုထောက်ပြရန် အဖွဲ့ကိုခိုင်းပါ။ ဖျန်ဖြေသူပြခဲ့သော အရည်အချင်းများတွင် လုပ်ငန်းစဉ်ကို အထောက်အကူပြုခဲ့သောအချက်များကိုလည်း ထောက်ပြစေပါ။

**အရေးကြီးသောအချက်များ**

⇨ ဤပဋိပက္ခကိုဖြေရှင်းရာတွင် အခန်းငယ် (၁၄-၁၇) ထဲမှ အစေခံလုလင်သည် သေးငယ်သော်လည်း အလွန်အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ သူသည် ပဋိပက္ခဖြစ်နေသော အဓိက အဖွဲ့များတစ်ခုကိုမှ (နာဗလ-သို့-ဒါဝိဒ်) အကျိုးသက်ရောက်မှုရှိအောင်လုပ်နိုင်သော အနေအထားမှာမရှိပါ။ သို့ရာတွင် သူသည် အဘိဂဲလအား ပညာရှိသောသူဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်နေသူတို့ကိုတွေ့ရှိရန် အခွင့်အလမ်းရှိသူဖြစ်ကြောင်းသိထားသည်။ သူလုပ်ဆောင်နိုင်မှုက သေးငယ်လှသော်လည်း၊ သူလုပ်နိုင်သလောက်ကိုမူ သူလုပ်ခဲ့ပါသည်။ ***သင်ခန်းစာမှထိုးထွင်း အမြင်*** **- ပဋိပက္ခကို အကျိုးပြုသော ဦးတည်ရာသို့ရွေ့လျားသွားစေမည့် မည်သည့်လုပ်ဆောင်မှုမျိုးကို မဆို သင်လုပ်နိုင်လျှင်လုပ်ပါ။**

⇨ အဘိဂဲလသည် လိမ္မာပါးနပ်စွာဖြင့်ဒါဝိဒ်၏ ရှုတောင့်အမြင်နှင့်အကျိုးဖြစ်ထွန်းမှုအတွက် သူမကိုယ်ကို ဒါဝိဒ်၏နေရာမှာထားပြီး ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ရန် ဒါဝိဒ်ကိုယ်တိုင်အတွက် လိုအပ်ကြောင်းကို ရှင်းလင်းပြခဲ့သည်။ (အခန်းငယ် ၃၀၊၃၁ ကိုကြည့်ပါ) သူမသည် ဒါဝိဒ်အနေနှင့် သူ့နိုင်ငံရေးသမိုင်းတွင်လူအစုအပြုံလိုက်သတ်ဖြတ်မှုမရှိခဲ့ပါက၊ အနာဂတ်တွင် ဘုရင်အဖြစ်သူ့အတွက် ပိုကောင်းမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** **- ဖြေရှင်းပြေလည်မှုရရှိနိုင်ရန် တစ်ဖက်အဖွဲ့၏ ရှုတောင့်အမြင်၊ လိုအပ်ချက်များ၊တန်ဖိုးထားမှုများကို ဝင်ရောက်ကိုယ်ချင်းစာ ကြည့် နိုင်လျှင် အထောက်အကူပြုနိုင်ပါသည်။ သို့မှသာ တစ်ဖက်အဖွဲ့၏ကန့်သတ်ချက်နှင့်အကျိုးဖြစ်ထွန်းမှု ဘောင် အတွင်းမှ အလုပ်ဖြစ်မည့် ဖြေရှင်းချက်ကို စီမံနိုင်မည်။**

---

# အ ပိုင်း (၇)

## ဘာ သာ ရေး ဆိုင် ရာ တန် ဖိုး ထား မှု များ နှင့် သက် ဆိုင် သော ပ ဋိ ပ က္ခ
## (CONFLICT OVER RELIGIOUS VALUES)

ကျမ်းပိုဒ် 🕮 တမန်တော် (၁၅း၁-၃၅)

**နောက်ခံဇာတ်လမ်း**

ကနဦးခရစ်ယာန်များအားလုံးသည် ယုဒလူမျိုး (သို့) ယုဒဘာသာသို့ပြောင်းလဲလာသော တစ်ပါးအမျိုးသားများဖြစ်ပြီးနောက်မှ ယေရှု၏ နောက်လိုက်များဖြစ်လာကြသည်။ သတင်းကောင်းပြန့်ပွားလာသည်နှင့်အမျှ တပါးအမျိုးသားများပိုပို၍ခရစ်တော်နောက်လိုက်များဖြစ်လာကြသည်။ အထူးသဖြင့် အန္တိအုတ်မြို့၏ယဉ်ကျေးမှုပေါင်းစုံသော အသင်းတော်မှ ပေါလုနှင့်ဗာနဗတို့က သာသနာခရီးစတင်လွှတ်လိုက်ပြီးနောက်ပိုင်းပိုများလာသည်။ ထိုအခါ ပြဿနာပေါ် ထွက်လာ သည်မှာ တစ်ပါးအမျိုးသားတစ်ဦးသည် ခရစ်ယာန်ဖြစ်လာဘို့ရန် ဘာသာရေးကိုင်းရှိုင်းသော ယုဒလူမျိုးဖြစ်ရန်လိုသလား ဆိုသည့် မေးခွန်းဖြစ်လေသည်။ ခရစ်ယာန်ဘာသာသည် ယုဒဘာသာ၏ဂိုဏ်းဆွယ်တစ်ခုလား (သို့) ယုဒလူမျိုးနှင့်တစ်ပါးအမျိုးသားတို့ကြားမှ ကွဲပြားမှုကို ကျော်လွန်သော ယုံကြည်မှုအသစ်တစ်ခုလား။ ဤယုံကြည်မှုအသစ်ကို အဓိပ္ပာယ်သတ်မှတ်သော ဘာသာရေးဆိုင်ရာနှင့် လူ့ကျင့်ဝတ်ဆိုင်ရာစံနှုန်းများက အဘယ်နည်း။ ယောကျ်ားများကို အရေဖျားလှီးခြင်းသည် ယုဒဘာသာ၏ ဘာသာရေးဆိုင်ရာလူ့အဖွဲ့အစည်းသို့ ဝင်ရောက်လာခြင်း အမှတ်အသားအနေနှင့် ပဋိညာဉ်ဆိုင်ရာကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့် ယခုဆွေးနွေးနေမှု၏အာရုံစိုက်ရာ ဗဟိုပြုချက်မှာ **အသစ်ပြောင်းလဲလာသော တပါးအမျိုးသားယောကျ်ားများအတွက် ဤအရေဖျားလှီးခြင်း လိုအပ်မှုရှိမရှိဆိုသည့်အချက်**ဖြစ်သည်။ တမန်တော် (၁၅) တွင် မှတ်တမ်းတင်ထားသော ကနဦးအသင်းတော်ခေါင်းဆောင်များကောင်စီအစည်းအဝေးမှာလာရောက်စုရုံးနေသည့်အချိန်တွင် သူတို့စဉ်းစားဆင်ခြင်နေသည်မှာ ဤပြဿနာပင်ဖြစ်လေသည်။

ဖာရိရှဲများကို အခန်းငယ် (၅) တွင် ဖော်ပြထားသည်။ သို့သော် သူတို့ကို “ယုံကြည်သူများ” ဟု သေသေချာချာ အသိအမှတ်ပြုထားသည်။ သူတို့သည် ယေရှု၏ နောက်လိုက်များဖြစ်လာကြသော တရားဝင် ဖာရိရှဲတို့၏ အစဉ်အလာကို ထိန်းသိမ်းခဲ့သူများဖြစ်သည်။ (ယောဟန်-၃မှ နိကောဒင်ကိုကြည့်ပါ) သူတို့သည် မောရှေ၏တရားကို အလွန်ရိုသေကြသူများဖြစ်ပြီးပြောင်းလဲလာသော ယောကျ်ားများအတွက် အရေဖျားလှီးခြင်းလိုအပ်သည်ဟု ထင်မြင်ချက်ပေးကြသည်။

အခန်းငယ် (၇-၁၁) တွင် ပေတရုက အဖြစ်အပျက်တစ်ခုကိုပြောပြသည်။ ၎င်းကို တမန်တော် (၁၀း၁-၁၁း၁၈) တွင် ပို၍ ပြည့်စုံစွာဖော်ပြထားသည်။ အဖြစ်အပျက်မှာ တစ်ပါးသော အမျိုးသားကောနေလိနှင့်သူ့တအိမ်သားလုံး ခရစ်ယာန်ဖြစ်လာခြင်းအကြောင်းဖြစ်ပါသည်။ တမန်တော်များနှင့်အခြားတပည့်တော်များ ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိခဲ့ကြသကဲ့သို့ ကောနေလိနှင့်အိမ်သားများလည်း ချက်ချင်းပင်သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခဲ့ကြသည်။ ကောနေလိ၏ ဖြစ်စဉ်မှာ ကနဦးအသင်းတော်အတွက် အခြေခံအုတ်မြစ်တည်သော ဖြစ်ရပ်တစ်ခုဖြစ်ကာ တမန်တော် ဝထ္ထုတစ်စောင်တည်း၌ ထပ်ကာတလဲလဲ အကြိမ်ပေါင်းများစွာပြန်ပြောပြခြင်းခံရပါသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

- လေ့လာမှုအတွက် လမ်းညွှန်အဖြစ်ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူ ကျမ်းပိုဒ်ကိုဖတ်ပြီး ဆွေးနွေးကြရန် အဖွဲ့ငယ်လေးများဖွဲ့လိုက်ပါ။ အတူတကွ လုပ်ဆောင်ကြရန် အဖွဲ့များကို မိနစ် (၄၀) ခွင့်ပြုပါ။
- ထိုနောက်သူတို့လေ့လာသိရှိရသည်ကိုအစီရင်ခံရန် အဖွဲ့တစ်ခုကိုဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား ဇာတ်လမ်းတစ်ခုလုံးကိုပြန်မပြောစေဘဲ ကျမ်းပိုဒ်ထဲမှ သူတို့၏ ထိုးထွင်းသိမြင်ရရှိမှုကိုဝေမျှစေပါ။
- အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောဖြစ်ခဲ့သောအချက်အလက်များကို ဦးဆောင်သူက ထောက်ပြပြီး အဆုံးသပ်အကျဉ်းချုပ်ကို ပြောပြနိုင်ပါသည်။

*အဖွဲ့များအတွက် လေ့လာရာမှာ အသုံးပြုရန် မေးခွန်းများ-*

- ပဋိပက္ခက ဘာအကြောင်းလဲ၊ လက်ငင်းပြဿနာကဘာလဲ။
- နှစ်ဖက်စလုံးအတွက် အခြေခံစိုးရိမ်ပူပန်မှုများက ဘာလဲ။
- ပဋိပက္ခမှာ ပါဝင်သူများကိုဖော်ထုတ်ပြပါ။

  *(အတန်းသားများ၏ ကျမ်းစာကို သိကျွမ်းမှု အတိမ်အနက်ပေါ် မူတည်ပြီး ကနဦးအသင်းတော်၏ အရေဖျားလှီးခြင်းပြဿနာနှင့်သက်ဆိုင်သော နောက်ခံသမိုင်းအချက်အလက်များကို ပြောပြရန်လိုမလို ဆရာကဆုံးဖြတ်နိုင်ပါသည်။)*

**အရေးကြီးသည့်အချက်အလက်များ**

ငြင်းခုံပြောဆိုမှုတွင် အလှည့်အပြောင်းဖြစ်သွားစေသည်မှာ ပေတရုက ကောနေလိ၏အကြောင်းကို ပြောပြခြင်းဖြစ်သည်။ ထိုနောက်ပေါလုနှင့်ဗာနဗတို့က သူတို့၏ သာသနာခရီးစဉ်မှ ဖြစ်စဉ်များကို ပြောပြသည်။ ထိုအချိန်မတိုင်မီကမူ “အတော်အတန်ငြင်းခုံပြောဆိုမှု” ရှိခဲ့သည် (အခန်းငယ်-၇) တန်ဖိုးထားမှုများ (သို့) သီဩလော်ဂျီနှင့်သက်ဆိုင်သောပဋိပက္ခများတွင် မည်သည့်အဖွဲ့ဖက်ကဘဲဖြစ်ဖြစ် သူတို့၏အကြောင်းပြချက်စွမ်းပကားကြောင့် (သို့) ကျမ်းပိုဒ်များကိုရွတ်ပြခြင်းဖြင့် အခြားတစ်ဖွဲ့ကိုယုံကြည်လက်ခံလာစေရန်လုပ်ဖို့ အလွန်ခက်ခဲလှပါသည်။ တကယ်တမ်းမှာ ငြင်းခုံပြောဆိုမှုတွေ ဆက်လက်ဖြစ်ပွားနေပြီး တစ်ခါတစ်ရံအလွန်အမင်းပင်သဘောထားကွဲလွဲသွားစေသည်။ ကိုယ်တွေ့ဖြစ်စဉ်များသည် ဆွေးနွေးပွဲ၏ အခြေအနေတစ်ရပ်လုံးကို ပြောင်းလဲသွားစေနိုင်ပါသည်။ အဖြစ်အပျက်ဇာတ်ကြောင်းများသည် ဆွေးနွေးပွဲကို အယူအဆသဘောတရား(သီအိုရီ)လောကမှ ကျွန်ုပ်တို့ဘဝ၏ ခက်ခဲရှုပ်ထွေးသောလက်တွေ့လောကသို့ ပို့ဆောင်သည်။ အဖြစ်အပျက်ဇာတ်ကြောင်းများတွင် အမှန်တရားကိုမြင်ရကြားရပုံမှာ တစ်မျိုးတစ်ဖုံ ခြားနားမှုရှိသည်။ ကြားနာရသူရှိသည့်နေရာနှင့် အလွန်ကွဲပြားခြားနားသော ဘဝအနေအထားမှာ ဖြစ်သည့်အဖြစ်အပျက် ဇာတ်ကြောင်းကိုပင်ဖြစ်ပါစေ။နားလည်သဘောပေါက်လွယ်စေသော အလေးထားလွယ်စေသောတစ်စုံတစ်ရာ ၎င်းအခြေအနေမှာရှိနေပါသည်။ အဖြစ်အပျက်ဇာတ်လမ်းများသည် ကျွန်ုပ်တို့၏ လူသားဆန်မှုတွင်ဘုံမြေ နေရာတစ်ခုဖန်တီးပေးပါသည်။ ဤအခြေအနေတွင်မူ၊ လူတွေဆုပ်ကိုင်ထားသော သီဩလော်ဂျီဆိုင်ရာအကန့်အသတ်များအချို့တွင် မျှော်လင့်မထားသော နည်းလမ်းဖြင့်ဘုရားသခင်၏ လုပ်ဆောင်မှုကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **ပဋိပက္ခဖြစ်နေသူတွေအားအချင်းချင်းနားလည်သွားကြရန် သူတို့မှာ နက်ရှိုင်းသော**

**သဘောကွဲလွဲမှုများရှိနေသော်လည်းအချင်းချင်းလေးစားသမှုပိုကြီးထွားလာရန် အထောက်အကူရရှိဘို့လူတွေ၏အဖြစ်အပျက်ဇာတ်ကြောင်းများကိုအသုံးပြုပါ။ ဇာတ်လမ်းများထဲတွင် ဖော်ပြလာသော အမှန်တရားကို ဆုပ်ကိုင်နိုင်မည့်အသစ်သောစဉ်းစားတွေးခေါ်ပုံများကိုလမ်းဖွင့်ပေးရန်လည်း ဇာတ်လမ်း အဖြစ်အပျက်များ ပြောပြခြင်းက အထောက် အကူပြုပါလိမ့်မည်။**

- သဘောတူညီမှုရရှိသွားသောအခါ ကောင်စီသည် သူတို့၏သဘောတူညီမှုစာတစ်စောင်ဖြင့် တရားဝင်အတည်ပြုသည်။ ၄င်းစာကို ကိုယ်စားလှယ်နှစ်ဦးနှင့်အတူ တပါးအမျိုးသားအသင်းတော်များသို့ပို့လိုက်သည်။ (အခန်းငယ်၂၂-၃၁)။ ပဋိပက္ခတစ်ခုအတွင်း ပြေလည်မှုရရှိသွားသောအခါတွင် သဘောတူညီမှုကို တရားဝင်အတည်ပြုစေသော နည်းလမ်းတစ်ခုကိုရှာတွေ့ရန် အရေးကြီးပါသည်။ ဘာကို သဘောတူလိုက်သည့်အကြောင်း လူတိုင်းသိရှိသွားရန် ရေးမှတ်ထားသော သဘောတူညီမှုဖြစ်လျှင် အကျိုးရှိပါမည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **သဘောတူညီမှုများကို တရားဝင်အတည်ပြုပါ။**

- ပြောင်းလဲလာသော တပါးအမျိုးသားယောကျ်ားများအတွက် အရေဖျားလှီးခြင်းမလိုအပ်တော့သော်လည်း ပြောင်းလဲလာသူများအတွက်လိုအပ်ချက်ကို ကောင်စီကသတ်မှတ်သည်မှာ “လိင်မှုဆိုင်ရာ အကျင့်စာရိတ္တထိမ်းသိမ်းရန်စံနှုန်း” “အသွေးနှင့်ဆိုင်သည့်အရာရှောင်ကြဉ်ရန်” တို့ဖြစ်သည်။ (သွေးကို ရှောင်ကြဉ်ခြင်းမှာ လူသတ်မှုကျူးလွန်ခြင်းကို ရည်ညွှန်းသလား (သို့) မမှန်သောနည်းစနစ်နှင့်သတ်ထားသောအသားကို မစားရန် ရည်ညွှန်းသလား။) ပညာရှင်အများစုကမူ ဤစာကြောင်းသည် ကိုရှာ **(Kosher)** အစားအစာတရားများအချို့ကို ထိန်းသိမ်းမှုနှင့် ရုပ်ထုများကိုယဇ်ပူဇော်ထားသောအသားကိုစားခြင်းဖြင့် ရုပ်ထုကိုးကွယ်မှုပါဝင်လုပ်ဆောင်မှုမပြုခြင်းကို ရည်ညွှန်းသည်ဟု ယုံကြည်ကြပါသည်။ ၄င်းအချက်များသည် ယုံကြည်မှုကိုပြသရန် ကနဦးအသင်းတော်မှ သတ်မှတ်ထားသော လူ့ကျင့်ဝတ်စံနှုန်းများဖြစ်ပါက၊ ဓမ္မသစ်ကျမ်းမှာပင် ၄င်းစံနှုန်းများက ဘာကို ဆိုလိုသလဲဆိုသည့်အကြောင်း ဆွေးနွေးမှုစတင်နေပြီကို ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ ရောမ (၁၄) နှင့် ကောရိန္သု(ပ)-၈ တွင် ၄င်းပြဿနာကို တမန်တော်ပေါလုက လေ့လာစူးစမ်းထားပါသည်။ ပေါလု၏ လေ့လာစူးစမ်းထားပုံသည် သီးခြားယဉ်ကျေးမှုတစ်ခုတွင် သီဩလော်ဂျီဆိုင်ရာယုံကြည်မှုများကို ဆုပ်ကိုင်လျက် အသက်ရှင်ရန် ခက်ခဲရှုပ်ထွေးမှုများအချို့ကိုပြသပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဘာသာရေးရုပ်ထုများမရှိသော ယဉ်ကျေးမှု များတွင် အထက်ပါအဓိကပြဿနာတစ်ရပ်ရှိလာစရာ အကြောင်းမရှိပေ။ ခရစ်တော်အပေါ်သစ္စာစောင့်သိခြင်းအား အခြားလူ့ကျင့်ဝတ်ကိစ္စများတွင် တွေ့မြင်ရပေမည်။ ဤနေရာတွင် သတိပြုရမည့်အချက်မှာ ပဋိပက္ခများစွာတွင် သဘောတူညီချက်တစ်ရပ်သည် အချိန်အတန်ကြာ အထိတော့ထိရောက်နိုင်ပါသည်။ သို့ရာတွင် နောက်ထပ်ဖြစ်လာ သော အတွေ့အကြုံများနှင့်စဉ်းစားသုံးသပ်မှုအားဖြင့် ၄င်းသဘောတူညီမှု၏နောက်ကွယ်မှ နားလည်မှုကို (သို့) သဘော တူညီမှုကိုပင်လျှင် ပြန်လည်ပြင်ဆင်ရန်လိုအပ်လာနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေပြောင်းလဲသွားမှု (သို့) သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပေါ်လာမှုအမျိုးမျိုးကြောင့် ပြဿနာဟောင်းများသည် စိုးရိမ်စရာ မရှိတော့ဘဲ ဆက်လက် ဆွေးနွေးငြင်းခုံကြရခြင်း၏ အကြောင်းအရာများအဖြစ် အရေးကြီးသောပြဿနာသစ်များပေါ်ထွက်လာနိုင်ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **ပဋိပက္ခများစွာအတွက် ဖြေရှင်းမှုများသည် ခရီးလမ်းတလျှောက်၏ အဆင့်များဖြစ်ပြီး ဖြစ်ပေါ်လာမှု အခြေအနေသစ်များအရ နောက်ပိုင်း ပြန်ပြင်ဆင်ဘို့လိုအပ်လာနိုင်ပါသည်။**

--------------------||||||--------------------

# အပိုင်း (၈)

# နိုင် / နိုင် အ ဖြေ ရ လဒ် ကို ရှာ ဖွေ ခြင်း
# (FINDING A WIN / WIN SOLUTION)

ကျမ်းပိုဒ် 📖 တောလည်ရာ (၃၂း၁-၃၃)

**နောက်ခံသမိုင်း**

ဣသရေလလူမျိုးတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွာလာခဲ့ပြီးနောက် တောထဲတွင် နှစ်ပေါင်း (၄၀) ခရီးလှည့်လည်မှု ပြီးဆုံးသွားပြီဖြစ်သည်။ သူတို့သည် ယော်ဒန်မြစ်သို့ ရောက်လာခဲ့ပြီဖြစ်ပြီး ခါနာန်ပြည်ကို အရှေ့ဖက်မှ နေပြီး ချဉ်းကပ်လာနေကြသည်။ တောလည်ရာကျမ်း (၂၁) တွင် ယော်ဒန်မြစ်အရှေ့ဖက်ကို အုပ်စိုးသော အာမေရိရှင်ဘုရင်ရှိဟုန်မင်းနှင့် ဩဃမင်းတို့ကို အနိုင်ရရှိခဲ့ကြောင်း အဖြစ်အပျက်ကိုပြောပြထားပါသည်။ ဣသရေလအမျိုးသားများခါနာန်ပြည်ကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်ရန် အဆင့်သင့်ရပ်တည်နေချိန်တွင် အရှေ့ဖက်ကမ်းဒေသသည် သူတို့၏ လက်အောက်သို့ ကျရောက်နေပြီဖြစ်သည်။

**လေ့လာမှု လုပ်ငန်းစဉ် နှင့် မေးခွန်းများ**

☛ လေ့လာမှုအတွက် လမ်းညွှန်အဖြစ်ပေးထားသော အောက်ပါမေးခွန်းများ နှင့်အတူ ကျမ်းပိုဒ်ကို ဖတ်ပြီး ဆွေးနွေးရန် အဖွဲ့ငယ်လေးများခွဲပါ။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့အတွက် မိနစ် (၃၀) ခွင့်ပြုပါ။

☛ ထို့နောက်သူတို့လေ့လာသိရှိရသည်ကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ပါ။အခြားအဖွဲ့များအား ဇာတ်လမ်းတစ်ခုလုံးကို မပြောစေဘဲ ကျမ်းပိုဒ်ထဲမှသူတို့၏ ထိုးထွင်းအမြင်များကို ဝေငှစေပါ။

☛ အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောရသေးဘဲကျန်နေသော အချက်များကို ဦးဆောင်သူက ထောက်ပြပြီး အဆုံးသတ်အကျဉ်းချုပ်ကို ပြောပြပါ။

*အဖွဲ့များလေ့လာမှုမှာ အသုံးပြုရန် မေးခွန်းများ -*

- ✦ ဤ ပဋိပက္ခမှာ ပါဝင်သူနှစ်ဖွဲ့က မည်သူနည်း။
- ✦ တစ်ဖွဲ့စီ၏ လိုအပ်မှုများနှင့်အကျိုးများကားအဘယ်နည်း။
- ✦ တစ်ဖွဲ့ဖွဲ့၏ အလေးထားစရာကိစ္စများနှင့် သဘောထားအမြင်ကို ထိခိုက်စေနိုင်မည့် ကြောက်ရွံ့မှုများက အဘယ်နည်း။
- ✦ လက်ခံနိုင်သော အဖြေရလဒ်ကိုရရှိရန် ဘာကြောင်းခံကဖြည့်ဆည်းပေးခဲ့တယ်လို့ထင်ပါသလဲ။

**အရေးကြီးသည့် အချက်များ**

- ပဋိပက္ခများစွာသည် အပြိုင်အဆိုင်အခြေအနေဖြစ်လာသည်။ တစ်ဖက်မှ နိုင်ဘို့ရန် အခြားတစ်ဖက်မှ ရှုံးရမည်။ ကနဦးတွင် ရှုဗင်အမျိုးနှင့်ဂဒ်အမျိုးတို့တစ်ဖက်မှာရှိပြီး မောရှေက တစ်ဖက်မှာရှိသည့်အနေအထားဖြင့် ဆန့်ကျင်နေကြသည်။ နှစ်ဖွဲ့စလုံး၏ လိုအပ်မှုနှင့် အကျိုးများကိုကြည့်ခြင်းဖြင့် (ရှုဗင်နှင့်ဂဒ်အမျိုးတို့အတွက် သူတို့၏ တိရစ္ဆာန်များအတွက် စားကျက်ကောင်းရဘို့နှင့် ကျန်သည့်လူမျိုးစုနွယ်တို့အတွက် ဝင်ရောက်ကျူးကျော်ရာမှာ စစ်ရေးအထောက်အပံ့ရရန်) နှစ်ဖက်စလုံးက လိုချင်သည်ကို ရရှိသွားသည့် ဖြေရှင်းချက်ကို ရရှိသွားကြသည်။ ၎င်းကို နိုင်/နိုင် အဖြေရလဒ်ဟုခေါ်ပါသည်။ အစပထမတင်ပြခဲ့သော အနေအထားတွင် ၎င်းအဖြေရလဒ်ရှိမနေခဲ့သေးပါ။လိုအပ်ချက်များနှင့် အကျိုးများကို ရှင်းလင်းစွာ ထောက်ပြပြီးသောအခါမှ ၎င်းဖြေရှင်းချက်ပေါ်ထွက်လာခဲ့ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** **- ပဋိပက္ခတွင်ပါဝင်နေသူ အဖွဲ့များအားလုံး၏ လိုအပ်ချက်နှင့် အကျိုးများကို ဖြည့်ဆည်းပေးနိုင်မည့် နိုင်/နိုင် အဖြေရလဒ်ကိုရှာဖွေပါ။**

- အစတွင် မောရှေသည် ရှုဗင်အမျိုးနှင့်ဂဒ်အမျိုးတို့နှင့်ပတ်သက်၍ အလွန်ပြင်းထန်သောထင်မြင်ချက်ကိုပေးခဲ့သည် (အခန်းငယ်၁၄)။ ရှုဗင်နှင့်ဂဒ်အမျိုးတို့သည် မောရှေ တင်ပြခဲ့သော စိုးရိမ်ပူပန်မှုတို့ကို တာဝန်ယူသည့် အဆိုပြုချက်တစ်ရပ်နှင့်ပြန်တုံ့ပြန်သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** **- တစ်ဖက်အဖွဲ့၏ ခိုင်လုံသော အကျိုးကို အသိအမှတ်ပြုပြီး အတည်ပြုခြင်းသည် လက်ခံနိုင်သော ဖြေရှင်းချက်ကို ဖန်တီးရန် အထောက်အကူပြုနိုင်ပါသည်။**

---

# အပိုင်း (၉)

## အ ဖြေ ရှာ မ ရ သော အ ခါ
## (WHEN IT DOES NOT WORK OUT)

ကျမ်းပိုဒ် 📖 တမန်တော် (၁၅း၃၆-၄၁)

**နောက်ခံဇာတ်လမ်း**

ယခင်က ရှောလုဟု အမည်ရသော ပေါလုသည်အန္တိအုတ်မြို့တွင် ဗာနဗနှင့်အတူ အမှုတော်ဆောင်လျက်ရှိ၏။ (တမန်တော် ၁၁း၂၅-၂၆)။ သူတို့သည် အန္တိအုတ်မြို့မှ သာသနာခရီးစဉ်သို့ အတူတကွ စေလွှတ်ခြင်းခံရကြ၏။ (တမန် ၁၃း၁-၃)။ယောဟန်မာကု အမည်ရှိသော လူငယ်တစ်ဦးသူတို့နှင့်လိုက်ပါခဲ့သည် (တမန် ၁၃း၅)။ သို့ရာတွင် သူသည် သူတို့ဆီမှ ထွက်သွားပြီး အိမ်ကို စောစောပြန်သွားလေသည် (တမန် ၁၃း၁၃)။ ယောဟန်မာကုထွက်ခွာသွားသောအကြောင်း ရင်းခံကိုပေးမထားပါ။

ပေါလုနှင့်ဗာနဗတို့သည် ယေရှုရှလင်ကောင်စီမှ ပြန်လာနေကြခြင်းဖြစ်သည်။ ကောင်စီတွင် တပါးအမျိုးသားတို့ ထံမှာ သူတို့အမှုတော်ဆောင်ခဲ့ခြင်းကို ပိုကြီးမားသော၍အသင်းတော်က လက်ခံအတည်ပြုခဲ့သည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

☛ အဖွဲ့သုံးဖွဲ့ခွဲပါ။ အဖွဲ့တစ်ဖွဲ့သည် ဗာနဗ၏ အနေအထားကိုနားလည်နိုင်ရန် ကျမ်းပိုဒ်ကို ဖတ်မည်။ဒုတိယအဖွဲ့သည် ပေါလု၏အနေအထားကိုအာရုံစိုက်ရန် ကျမ်းပိုဒ်ကိုဖတ်မည်။ တတိယအဖွဲ့သည် ဖြန်ဖြေသူအဖြစ် လုပ်ကိုင်နိုင်မည့် အခန်းကဏ္ဍတစ်ခုအကြောင်း စဉ်းစားကြည့်မည်။

☛ ပေါလုနှင့်ဗာနဗအဖွဲ့အတွက် ဤမေးခွန်းများက အထောက်အကူပြုနိုင်လိမ့်မည်။

- ✦ အဓိကကိစ္စက ဘာလဲ။
- ✦ မည်သည့်ပိုနက်ရှိုင်းသော တန်ဖိုးထားမှုများက ဤပဋိပက္ခမှာ ခံစားမှုများကို သိပ်ပြင်းထန် သွားစေသည် ထင်ပါသလဲ။

☛ ဖြန်ဖြေမည့်အဖွဲ့အတွက် -

- ✦ ပေါလုနှင့် ဗာနဗကြားမှ မျှဝေခံစားကြသော တန်ဖိုးထားမှုများနှင့် အရေးကိစ္စ အကြောင်းအရာများက ဘာလဲ။
- ✦ သူတို့နှစ် ယောက်စလုံး၏ အရေးကိစ္စများကို ဖြည့်ဆည်းပေးနိုင်မည့် ဖြစ်နိုင်ခြေဖြေရှင်းချက်ကဘာလဲ၊
- ✦ ဤကဲ့သို့သော ဖြေရှင်းချက်ကို နှစ်ဦးစလုံးအကျိုးရှိအောင် ဘယ်လိုတင်ပြနိုင်ပါမည်လဲ။

☛ အဖွဲ့များအတွင်းလေ့လာရန် နှင့်ဆွေးနွေးရန် (၁၅) မိနစ်ခွင့်ပြုပါ။ တစ်ဖွဲ့စီမှ ဇာတ်သရုပ်ဆောင်မှုတွင်ပါဝင်မည့် ပြောဆိုခွင့်ရှိသူတစ်ဦးကို ရွေးမည်။ (ဗာနပအဖွဲ့သည် ယောဟန်မာကုလုပ်မည့် သူတစ်ဦးကိုလည်းရွေးထားနိုင်သည်)

☛ ပေါလုနှင့်ဗာနပ နောက်ထပ်သာသနာခရီးစဉ်သွားမည့်အကြောင်းဆွေးနွေးခြင်းဖြင့် ပြဇာတ်ကိုစတင်ပါ။ သူတို့သည် ယောဟန်မာကု၏အနေအထားအကြောင်းကို ပြောနေကြမည်။ သူတို့အား ဤကိစ္စအကြောင်း ၂ မိနစ်ကြာဆွေးနွေး နေစေပါ။

☛ ထို့နောက် ဖြန်ဖြေမည့်အဖွဲ့မှ ပြောဆိုခွင့်ရှိသူကို ဇာတ်ဝင်ခန်းထဲဝင်လာရန် ဖိတ်ခေါ်ပြီး သူတို့ကိုဖြေရှင်းချက်တစ်ရပ် ကူရှာပေးနိုင် မပေးနိုင် ကြည့်ပါ။ ပြဇာတ်အားဖန်တီးမှုစွမ်းအင်နှေးကွေးသွားပုံရတဲ့ အထိ (သို့) ပါဝင်သူများ ဘာဆက်လုပ်ရမှန်းမသိတဲ့အထိ ပြဇာတ်ဆက်ပြစေပါ။

☛ ပြဇာတ်ကို ပြန်ဆွေးနွေးပါ။ ဘာတွေဖြစ်ပျက်ကြောင်းပိုကြီးတဲ့ အဖွဲ့ကိုမေးပါ။

☛ ပဋိပက္ခတွင် ပေါလုနှင့်ဗာနပယူထားသော အနေအထားများကိုထောက်ပြပါ။

☛ အခြေခံတန်ဖိုးထားမှုများနှင့် အလေးထားရာကိစ္စများကို ထောက်ပြပါ။

✦ ဖြန်ဖြေသူများက မည်သည့် အခန်းကဏ္ဍမျိုးကိုယူထားသလဲ။ ဥပမာအားဖြင့် ထိုသူသည် ခိုင်မာပြီး လမ်းညွှန်ချက် ပေးနိုင်သလား(သို့)မေးခွန်း ပိုမေးသလား။

✦ အဖွဲ့များကို သူတို့အဖြေသူတို့ရှာနိုင်အောင်ကူညီသလား။

✦ အလယ်အဖွဲ့မှလူသည်ဖြစ်မြောက်သော လုပ်ဆောင်မှု ဘာလုပ်သလဲ။ ဘာကမဖြစ်မြောက်ဘူးလဲ။ မည်သည့် အကြောင်းကိစ္စများက တူညီမှုရှိကြောင်းထောက်ပြထားသလဲ။ အားလုံးလက်ခံနိုင်သော ဖြေရှင်းချက်ကို ရှာတွေ့ လို့ရပါသလား။

✦ ဤလေ့ကျင့်ခန်းမှ မည်သည့်သင်ခန်းစာများထွက်ပေါ်လာသည်ကို အဖွဲ့ကမြင်ရပါသလဲ။ ဤပြဇာတ်မှ ဖြစ်စဉ် သည် ကျွန်ုပ်တို့ဘဝနှင့် ဘယ်လိုသက်ဆိုင်သည်ကိုမြင်ရပါသလဲ။

☛ အဖွဲ့သားများအား သူတို့ကြုံတွေ့ခဲ့သော ပဋိပက္ခတွင် ဖြန်ဖြေသူအခန်းကဏ္ဍမှာ ပါဝင်ကူညီခဲ့သူတစ်ဦးအကြောင်း ပြောပြရန်ဖိတ်ခေါ်ပါ၊ ၎င်းအကြောင်းကိုကြားရပြီးသောအခါ ထိုအလယ်လူက ပဋိပက္ခကို အပြုသဘောဘက် ဦးတည်သွားစေရန် ကူညီပံ့ပိုးခဲ့သောသဘောထား၊ ချဉ်းကပ်နည်းနှင့်လုပ်ဆောင်မှုတို့ကို ထောက်ပြပြောပြရန် အတန်းသားများကိုခိုင်းပါ။

**အရေးကြီးသည့်အချက်များ**

➪ တမန်တော် (၁၅း၃၉) မှာပါသည့် ဖြေရှင်းချက်အတိုင်းပေါလုက သိလကိုခေါ်၍ တစ်ဖက်သို့သွားပြီး ဗာနပက

ယောဟန်မာကုကိုခေါ်၍အခြားတစ်ဖက်သို့သွားရန် သဘောတူညီချက်သည် သာသနာအလုပ်ပိုများနိုင်သမျှများအောင် လုပ်ဆောင်ရန် နှင့်တွဲလုပ်နိုင်သောသာသနာအဖွဲ့များကိုဖွဲ့စည်းရန် လုပ်ဆောင်ခြင်းဖြစ်နိုင်သည်။ ကျမ်းစာ ထဲတွင် သူတို့သည် ပြန်လည်သင့်မြတ်သွားသော ပုံစံနှင့်ခွဲခွာသွားခြင်းဟုတ် မဟုတ် မဖော်ပြထားပေ။ အချင်းချင်း မသင့်ဟူသော ပဋိပက္ခအကြောင်းသာ ဖော်ပြထားသည်။ *သင်ခန်းစာ၏ထိုးထွင်းအမြင်* - **လေးစားသမှုနှင့်ခွဲခွာသွားကြ ခြင်းသည် အချို့သောပဋိပက္ခများအတွက် အကောင်းဆုံးပြေလည်စေနိုင်သောဖြေရှင်းချက်ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဤကဲ့သို့သော ခွဲခွာသွားခြင်းသည် ပြန်လည်သင့်မြတ်စေမှု မအောင်မြင်ခြင်းကိုလည်းပြသပါသည်။**

ဤအဖြစ်အပျက်ပြီးသည့်နောက် ဗာနဗနှင့်ယောဟန်မာကုတို့အကြား၌ ဘာဖြစ်ပျက်သည်ကို ကျွန်ုပ်တို့မသိပါ။ သိသာသည်ကမူ၊ ၎င်းလူငယ်သည် ပေါလုဝေဖန်ခဲ့သော မယုံရသောလူငယ်အဖြစ်မှ ပြောင်းလဲသွားပုံရသည်။ ဗာနဗ၏ အားပေးမှုနှင့်ကောင်းရာညွှန်ပြမှုကြောင့်ဖြစ်ပါလိမ့်မည်။ ယောဟန်မာကုသည် နောက်ပိုင်း၌ ရှင်မာကုခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်။ ထို့အပြင်၊ ပေါလုသည် အသက်ပိုကြီးလာသောအခါ တိမောသေအား သူနှင့်အတူ မာကုကိုခေါ်ခဲ့ ခိုင်းသည်။ ‘သူသည် ဆရာအမှုကိုပြုရာမှာ ငါအကျိုးရှိ၏’ ဟု ပေါလုက ပြောသည် (တိမောသေ-ဒု ၄း၁၁)။ မာကု အပေါ် ပေါလု၏အမြင်ပြောင်းသွားရန်အရေးပါသော တစ်စုံတစ်ရာဖြစ်သွားခဲ့သည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်*- **ကျွန်ုပ်တို့သည် စိတ်ပျက်ဖွယ်ကောင်းသောအခြေအနေတစ်ခုမှာ ပဋိပက္ခကိုတွေ့ကြုံခံစားနိုင်သည်။ သို့ရာတွင် ထိုအခြေအနေသည် ထာဝရလမ်းဆုံး ဟုတ်ချင်မှဟုတ်မည်။ အခြေအနေသည်ပါဝင်ပတ်သက်နေသူတို့အတွက် အဆိုးဖက်မှ အကောင်းဖက်သော အတွေ့အကြုံသို့ ရွေ့လျားသွားနိုင်စေမည့် နောက်ဆက်တွဲအဖြစ်အပျက်များဖြစ်ပေါ်လာနိုင်သည်။**

---

# အခန်း – (၇)

# ပင်မ နှင့် ဘေး ရောက်

# (MAINSTREAM AND MARGIN)

အပိုင်း (၁၀) – အုပ်စုတိုင်းမှာ ရှိသော ပဋိပက္ခ (တမန်တော် ၆း၁–၇)

အပိုင်း (၁၁) – မိမိအသံကို ထုတ်ဖော်ပြနိုင်ခြင်း (ဧသတာ ၄း၁–၁၇)

အပိုင်း (၁၂) – ကြေကွဲ၊ ဒေါသထွက်နေသောမိခင်၏ ဆန္ဒပြမှု (ဓမ္မရာဇဝင်–၃ ၂၁း၁–၁၄)

# အပိုင်း (၁၀)

# အုပ်စုတိုင်းမှာရှိသော ပဋိပက္ခ
# (A CONFLICT IN EVERY GROUP)

ကျမ်းပိုဒ် 📖 တမန်တော် (၆း၁-၇)

**နောက်ခံဇာတ်လမ်း**

တမန်တော်ဝတ္ထု၏ ရှေ့ပိုင်းအခန်းကြီးများသည် ယေရှုကို ကောင်းကင်သို့ ဆောင်ယူခြင်းခံရပြီးနောက်ပိုင်း အသင်းတော်ငယ်၏ ဘဝကိုဖော်ကျူးထားပါသည်။ တမန်တော် (၂) တွင်ဖော်ပြထားသကဲ့သို့ ပင်တေကုတ္တေ ပွဲနေ့တွင် တမန်တော်များအပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်သက်ရောက်ခဲ့သည်။ ယေရှု၏နောက်လိုက်များသည် ရုတ်တရက် အရေအတွက်များပြားကြီးထွားလာသည်ကို ကြုံတွေ့ကြရသည်။ သူတို့၏အဓိကအုပ်စုမှာ ယုဒလူမျိုးများဖြစ်ပြီး ဟီဗရူး ဘာသာစကားမှ ဆင်းဆက်လာသော အာရာမစ် (Aramaic) ဘာသာစကားကို ပြောကြသည်။သူတို့ကို တစ်ခါတစ်ရံ 'ဟီဗရူးလူမျိုးများ'ဟုလည်းရည်ညွှန်းပါသည်။ ၎င်းအုပ်စုသို့ အသစ်ဝင်ရောက်လာသူများမှာဝေးလံသော ဒေသများမှ လာသော ခရီးသည်များပါဝင်သည်။ သူတို့ယေရုရှလင်မြို့သို့ ဘာသာရေးဘုရားဖူးလာသူများ(သို့)လုပ်ငန်းကိစ္စများနှင့် ရောက်လာကြသူများဖြစ်ပါသည်။သူတို့သည် ပင်ပေကုတ္တေပွဲမှ (သို့) ထိုပွဲနောက် မကြာခင်အချိန်မှ သတင်းကောင်း ဟောကြားခြင်းကိုကြားနာရကာ ယေရှု၏ နောက်လိုက်များ ဖြစ်လာကြလေသည်။ ဤလူများသည်လည်းယုဒလူမျိုးများ ဖြစ်ကြသည်။သို့ရာတွင် သူတို့သည် ဘီစီ(၅၈၆)တွင် ယေရုရှလင်ကျသွားပြီးနောက် ရာစုနှစ်ပေါင်းများစွာတလျှောက် အခြားနိုင်ငံများသို့ ပြန့်ကျဲနေထိုင်ခဲ့ကြသည့်ယုဒအမျိုး "Diaspora"တို့ဖြစ်ကြသည်။ သူတို့သည် အာဖရိကမြောက်ပိုင်း၊ ဥရောပတောင်ပိုင်း၊အရှေ့အလယ်ပိုင်းနှင့်အာရှအနောက်ပိုင်းရှိ မြို့ကြီးများတစ်လျှောက်တွင် အခြေချနေထိုင်ခဲ့ကြသည်။ သူတို့သည် ထိုခေတ်အခါက လူမျိုးပေါင်းစုံအသုံးပြုခဲ့သောဘာသာစကားဖြစ်သည့်ဂရိဘာသာစကားကို သူတို့၏ဘုံဘာသာ စကားအဖြစ်ပြောကြသည်။ထို့ကြောင့်ယေရုရှလင်တွင် ယေရှုနောက်လိုက်ဖြစ်လာကြသည့် ဤ Diaspora ယုဒလူမျိုးများ ကို ဂရိဘာသာစကားပြောသောကြောင့် "ဟေလေနစ်"အမျိုးဟု ခေါ်ကြသည်။

ပင်တေကုတ္တေပွဲ၏နောက်ပိုင်းတွင် ၎င်းလူစုအသစ်သည်သူတို့ပိုင်ဥစ္စာပစ္စည်းတို့ကို ပေါင်း၍ ဝေမျှသုံးကြကာ ဆင်းရဲချို့တဲ့သူများကို ဝေငှပေးကမ်းကြ၏။ (တမန်တော် ၂း၄၄-၄၅ နှင့် ၄း၃၂-၃၇)။ လူများစွာသည် သူတို့၏ မြေကွက် နှင့်ပိုင်ဆိုင်ပစ္စည်းတို့ကို ရောင်းကြသည်။ ရသောငွေကိုတမန်တော်တို့ကိုပေးကြသည်။တမန်တော်တို့ကလည်း ဆင်းရဲ ချို့တဲ့သူမည်သူ့ကိုမဆို ဝေငှပေးကမ်းရန် စီစဉ်ပေး၏။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

ကျမ်းပိုဒ်ကို မလေ့လာခင် "ပင်မအုပ်စု" နှင့် "ဘေးရောက်အုပ်စု" အကြောင်း အတိုချုံးရှင်းပြပါ။ (သဘောတရားမှာ "ပင်မအုပ်စု" ဆိုသည်မှာ လူစုအဖွဲ့အစည်းကြီးတစ်ခုတွင် လွှမ်းမိုးချယ်လှယ်သော အုပ်စုအပိုင်းကိုဆိုလိုသည်။ သူတို့သည် ၎င်းလူစုအဖွဲ့အစည်းကို စိုးမိုးနေသော တန်ဖိုးထားမှု စည်းမျဉ်းနှင့် ဓလေ့ထုံးတမ်းတို့ကို ပြဋ္ဌာန်းသူများဖြစ်သည်။

ဤပင်မအုပ်စု၏ အကျိုးစီးပွားကို တစ်အုပ်စုလုံးက အသိအမှတ်ပြုထားသည်။ ပင်မအုပ်စုသည် အရေအတွက် အားဖြင့် အများစုဖြစ်နိုင်သည်။ သို့သော်အများစုဖြစ်ချင် မှလည်းဖြစ်မည်။ ပင်မအုပ်စုသည် အရေအတွက် အနည်းစုဖြစ်နိုင်သည်။ သို့ရာတွင် အုပ်စုတစ်ခုလုံး၏ ဘဝအနေအထား ကို ပြဋ္ဌာန်းသူများသာဖြစ်သည်။ ("ဘေးရောက်အုပ်စု"မှာ "ပင်မအုပ်စု"မှ လူများနှင့် တန်ဖိုးထားမှု၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ဘဝအနေအထားမတူညီသူများဖြစ်သည်။)

သင့်မှာ အချိန်ရှိပါက ကျမ်းစာသင်ကြားမှုအတွက် ပြင်ဆင်ရန် အောက်ပါလေ့ကျင့်ခန်းကို သင်လုပ်နိုင်ပါသည်။ အတန်းသားများအား မျက်စိမှိတ်ထားစေပါ။ ထို့နောက် အုပ်စုတစ်ခု၏ ဘေးသို့ရောက်နေမှု (သို့)အရေးမပါသူ အဖြစ်ခံစားရသောအချိန်၊ ထိန်းချုပ်နေသူအုပ်စုထဲတွင် သူတို့လုံးဝပါဝင်မှုမရှိဟု ခံစားရသောအချိန်ကို ပြန်လည်အမှတ်ရ စေပါ။ ထိုအချိန်မှာ ဘာတွေပြောခဲ့ကြတယ်။ ဘာလုပ်ဆောင်မှုတွေရှိခဲ့တယ်ဆိုတာ ပြန်အမှတ်ရစေရန် သူတို့ကို အသာ လေးအားပေးပါ။ ဘယ်လိုခံစားရသလဲ။ သူတို့ဘယ်လိုတုံ့ပြန်ကြသလဲ။ သူတို့ရဲ့တုံ့ပြန်မှုနှင့် ပတ်သက်ပြီး သင်ဘယ်လို ခံစားရသလဲ။ သူတို့ရှုထောင့်အမြင်အရ ထိုအဓိကအုပ်စု (သို့) ပုဂ္ဂိုလ်ဟာ ဘယ်လိုပုံစံရှိသလဲ။ တကယ်လို့ အဲဒီအဓိကလူ (သို့) အုပ်စုကို သူတို့စိတ်ချလုံခြုံစွာအမှာစကားပြောစရာရှိမယ်ဆိုရင် သူတို့ဘာပြောကြမလဲ။

လူ (၃)ယောက် (၄)ယောက် ပါသော အဖွဲ့ငယ်လေးများဖြင့် မိနစ်အနည်းငယ်ပြောဆိုဝေမျှစေပါ။ ဖြစ်စဉ်အတိအကျကို မပြောနေဘဲ၊ ဘေးရောက်သူအနေနှင့် သူတို့ဘယ်လိုခံစားရတယ်၊ အဓိက အုပ်စုက ဘယ်လိုပုံစံရှိတယ်။ ၄င်းဘေးရောက်သူ အနေအထားရဲ့ရှုတောင့်အမြင်နဲ့အဲဒီအဓိကအဖွဲ့ကို သူတို့ဘာပြောမယ်စသည်တို့ကို ပြောစေပါ။ ထို့နောက် တစ်တန်းလုံး ထံမှ ဤခေါင်းစဉ်များနှင့် တုံ့ပြန်အဖြေများကို ဤကဲ့သို့သော အစီအစဉ်အတိုင်း စုစည်းပါ။ ဘေးရောက်သူအနေအထားမှာ ဘယ်လိုခံစားရတယ်။ ပင်မအုပ်စုက ဘယ်လိုပုံစံရှိတယ်။ ဘေးရောက်အုပ်စု အနေအထားကနေပြီး ပင်မအုပ်စုကို သူတို့ဘာပြောမယ်။

တုန့်ပြန်အဖြေများကို စာရွက်ပေါ်မှာ (သို့) သင်ပုန်းပေါ်မှာ စာရင်းများနှင့် စုစည်းယူပြီးသောအခါ၊ သင့်မှာသူတို့ အတွက် "သတင်းဆိုး" အချို့နှင့် "သတင်းကောင်း" အချို့ရှိကြောင်း အတန်းကိုပြောပါ။ သတင်းဆိုးမှာ အတန်းထဲရှိ အယောက်စီ တိုင်း၊ ဆရာအပါအဝင်ဟာ ပင်မအုပ်စုအကြောင်း သူတို့ပြောခဲ့သမျှအတိုင်း သူတို့ကိုယ်တိုင်ဖြစ်နေကြတယ်။ ကျွန်ုပ်တို့အား လုံးဟာ တချို့အချိန်မှာ ပင်မအုပ်စုဖြစ်နေကြသည်။ ထိုနည်းအားဖြင့် ဘေးရောက်အုပ်စုကို ကျွန်ုပ်တို့က ပင်မအုပ်စုအဖြစ်နှင့် ကြုံတွေ့ကြခြင်းဖြစ်သည်။ သို့ရာတွင်၊ သတင်းကောင်းမှာ ကျွန်ုပ်တို့၏ဘေးရောက်အုပ်စုထဲတွင် ကြုံတွေ့ခဲ့ရခြင်းထဲမှ မိမိကိုယ်ကို သင်ကြားခဲ့ရသည်များကို ကျွန်ုပ်တို့အားလုံး ပြန်လုပ်ဆောင်နိုင်ကြပါသည်။ ပင်မအုပ်စုထဲမှ လူများအဖြစ်နှင့် ကျွန်ုပ်တို့သည် ဘေးရောက်အုပ်စုထဲမှ ကျွန်ုပ်တို့၏ အသံကိုနားထောင်နိုင်ကြပါသည်။ ပင်မအုပ်စုကို ကျွန်ုပ်တို့စိန်ခေါ်ခဲ့ သည့်အတိုင်း ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်။ ထို့ပြင်ဘေးရောက်အုပ်စု၏ ရှုတောင့်အရလည်း ကျွန်ုပ်တို့လုပ်နိုင်သည်။ ဤအပိုင်းအတွက် ကျမ်းပိုဒ်သည် ပင်မအုပ်စုနှင့် ဘေးရောက်သူအုပ်စု နှစ်ခုစလုံး၏ အနေအထားများမှ အပြုသဘော ကြိုးစားလုပ်ဆောင်နေကြသည့် လူများ၏ဥပမာများကို ဖော်ပြထားပါသည်။ အဖွဲ့ငယ်များဖွဲ့ပြီး လေ့လာမှုကို လမ်းညွှန်ရန် ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူ တမန်တော် (၆း၁-၇)ကိုဖတ်ပြီး ဆွေးနွေးစေပါ။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့ကို မိနစ်(၂၀)ခွင့်ပြုပါ။ ထို့နောက် သူတို့လေ့လာသိရှိရသည်ကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ပါ။ အခြား

အဖွဲ့များအား အဖြစ်အပျက်တစ်ခုလုံးကို မပြောစေဘဲ၊ ကျမ်းပိုဒ်ထဲမှ သူတို့ထိုးထွင်းသိမြင်ရရှိမှုကို ဝေငှစေပါ။ အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောမိဘဲကျန်နေသည့်အချက်များကို ဦးဆောင်သူကထောက်ပြပြီး အဆုံးသတ်အကျဉ်းချုပ်ကိုပြောပြပါ။

*အဖွဲ့ငယ်လေ့လာမှုတွင် အသုံးပြုရန် မေးခွန်းများ -*

- ✦ ပဋိပက္ခတွင် ပါဝင်သူများကို ထောက်ပြပါ။ လက်ငင်းပြဿနာကဘာလဲ။နှစ်ဖက်စလုံးအတွက် အခြေခံအလေးထားစရာ အကြောင်းများကဘာလဲ။
- ✦ မည်သည့်အုပ်စုက အဖွဲ့အစည်း၏ "ပင်မ" မှာ ရှိသူဟု ယူဆနိုင်ပါသလဲ၊ ဘာကြောင့်လဲ။
- ✦ မည်သည့်အုပ်စုကိုဤလူ့အဖွဲ့အစည်း၏ "ဘေးရောက်အုပ်စု" ဟု ယူဆနိုင်ပါမည်။ လဲ။ သူတို့သည် ဘေးမှာရောက်နေမှု (သို့) အရေးမပါသူအဖြစ်ဘယ်လိုကြုံတွေ့နေရပါသလဲ။
- ✦ "ပင်မ" အုပ်စုက "ဘေးရောက်" အုပ်စု၏ ကြုံတွေ့နေရမှုကို မည်မျှသိရှိနေပါသလဲ။ ထိုသိရှိမှုက ဘယ်လိုပြောင်းသွားသလဲ။
- ✦ ဆုံးဖြတ်ချက်ချမှုသည် ပင်မနှင့် ဘေးရောက်သူများအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိပါသလဲ။ ရွေးထားသူလူခုနှစ်ဦး၏ အမည်များသည် အားလုံးဂရိအမည်ဖြစ်ဖြစ်သည်။ ထိုအချက်သည် ရရှိသောဖြေရှင်းချက်၏ သဘောသဘာဝ အကြောင်းတစ်စုံတစ်ရာ ညွှန်ပြနေပါသလား။
- ✦ ဘေးရောက်အုပ်စုထဲမှ ဖြေရှင်းချက်ထဲကျန်သွားသူ တခြားလူတွေရှိပါ သေးသလား။ ဤကျန်သွားသူများအတွက် မည်သည့်ဂယက်ရိုက်ခတ်မှုကို သင်တွေ့နိုင်ပါသလဲ။
- ✦ ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်များသည် ပင်မနှင့် ဘေးရောက်အုပ်စုနှစ်ခုစလုံးမှာ ပါဝင်သူများ၏ ပြဿနာများကို မဖြေရှင်း နိုင်ခြင်းတနည်းနည်းများရှိပါသေးသလား။
- ✦ ဘေးရောက်အုပ်စုထဲမှ လူများက အများဆုံးအထောက်အကူပြုလုပ်နိုင်ခဲ့သည့် လုပ်ဆောင်မှုများကဘာလဲ။
- ✦ ပင်မအုပ်စုထဲမှ လူများအများဆုံးအထောက်အကူပြုနိုင်ခဲ့သည့် လုပ်ဆောင်မှုများကဘာလဲ။

**အရေးကြီးသည့်အချက်များ**

➩ဤဖြစ်စဉ်မှ ပဋိပက္ခ၏ အင်အားများကို နားလည်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ "ပင်မ" နှင့် "ဘေးရောက်"ဆိုသည့် ဝေါဟာရများအားဖြင့် ဖြစ်လိမ့်မည်ထင်ပါသည်။ ပင်မအုပ်စုသည် ပို၍ကြီးမားသောအုပ်စုကို လွှမ်းမိုးချယ်လှယ်နေသော တန်ဖိုးထားမှုများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရိုးရာဓလေ့များ နှင့် ထုံးတမ်းစဉ်လာများကို ပြဋ္ဌာန်းသည့် အုပ်စု၏အစိတ်အပိုင်းဖြစ်သည်။ ပင်မအုပ်စုသည် အများစုဖြစ်နိုင်သည်။ သို့သော် အများစု ဖြစ်ရမည်ဟုမဆိုလိုပါ။ ပင်မအုပ်စုသည် လူနည်းစုလည်းဖြစ်နိုင်သည်။ သို့သော် အုပ်စုထဲမှ ထုံးတမ်းစဉ်လာများကို ပြဋ္ဌာန်းရန် ဩဇာအာဏာရှိသူတို့ဖြစ်သည်။ ပင်မအုပ်စု၏အကျိုးသည် အုပ်စုတစ်ခုလုံး၏ တရားဝင်ဦးစားပေးအကျိုးအဖြစ်အားလုံးက အသိအမှတ်ပြုသည်။ ပင်မအုပ်စုသည် အုပ်ချုပ်သူ (သို့) ယဉ်ကျေးမှုအားဖြင့် ကြီးစိုးလွှမ်းမိုးသော လူမျိုးစုအုပ်စုဖြစ်နိုင်သည်။ ထို့ပြင်မိသားစုထဲမှ မိဘ၊ အသင်းတော်တစ်ခုကို အုပ်ချုပ်သည့်အဖွဲ့၊ ပညာရေးဆိုင်ရာ ကျောင်းတစ်ကျောင်း၏ အုပ်ချုပ်ရေးအဖွဲ့ စသည်ဖြစ်နိုင်ပါသည်။ ဘေးရောက်အုပ်စုမှာ ပင်မအုပ်စုနှင့် မတူညီ ကွဲခြားသောတန်ဖိုးထားမှု

ထိုးတမ်းစဉ်လာနှင့် လူနေမှုပုံစံရှိနေသူများဖြစ်သည်။ ကျောင်း (သို့) အသင်းတော်စသည် အငယ်ဆုံးအုပ်စုမှစ၍ နိုင်ငံများ၏ အုပ်စုများအထိ အုပ်စုတိုင်းတွင် ပင်မအုပ်စုနှင့် ဘေးရောက်အုပ်စုရှိပါသည်။ လူတို့သည်အနေအထားတစ်ခု တွင်ပင်မဖြစ်ပြီး၊ နောက်အခြေအနေတစ်ခုတွင် ဘေးရောက်အုပ်စုဖြစ်နေနိုင်ပါသည်။ ထို့ပြင် လူတစ်ဦးသည် သီးသန့်အုပ်စုတစ်စုတွင်တစ်နည်းတစ်လမ်းဖြင့် ပင်မအုပ်စုဖြစ်နိုင်ပြီး ထိုအုပ်စုထဲမှာပင် နောက်တစ်နည်းဖြင့် ဘေးရောက်သူဖြစ်နေနိုင်သည်။ (ဥပမာအားဖြင့် အသင်းတော်အုပ်စုတစ်ခုတွင် ကောလိပ်ပညာတတ်အမျိုးသမီးတစ်ဦး သည် သူမ၏ ပညာအဆင့်အတန်းကြောင့်ပင်မအုပ်စုမှာ ပါဝင်နိုင်ပြီး၊ သူမ၏ လိင်ကြောင့် ဘေးရောက်အုပ်စုဖြစ်သွားနိုင် ပြန်သည်။) ကျွန်ုပ်တို့အယောက်စီတိုင်းသည် အခြေအနေတွင်မူတည်၍ ဘေးရောက်အုပ်စု၏ အတွေ့အကြုံကို ခံစားရရှိကြပါသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **ကျွန်ုပ်တို့သည် ဘေးရောက်အုပ်စုအနေအထား၏ အတွေ့အကြုံမှ သင်ယူ ရရှိပြီး ကျွန်ုပ်တို့ ပင်မအုပ်စုထဲမှာရှိနေသောအခါ ပို၍ကောင်းမွန်စွာနားထောင်ပြီး ပို၍တရားမျှတစွာ လုပ်ဆောင်ပြုမူနိုင်ကြပါသည်။**

➪ပင်မအုပ်စုသည် အုပ်စုတွင်းရှိ ၄င်း၏ အထူးအခွင့်အရေးနှင့်ရာထူးကို သတိမမူမိပေ။ ပင်မအုပ်စုသည် ဘေးရောက် အုပ်စုများ ၏အတွေ့အကြုံကိုလည်းမသိပေ။ ဘေးရောက်အုပ်စုကမူ သူတို့ကိုယ်တိုင်၏ တန်ဖိုးထားမှုများ၊ ယုံကြည်မှုများ နှင့်အတူ ပင်မအုပ်စု၏တန်ဖိုးထားမှုများ၊ ယုံကြည်မှုများကိုပါ နှစ်မျိုးစလုံးကို ကွဲကွဲပြားပြားသိနေပါသည်။ အကြောင်းမှာ ပင်မအုပ်စုကသာ အုပ်စုလုပ်ကိုင်ရန် နည်းလမ်းများကိုပြဋ္ဌာန်းပြီး ဘေးရောက်အုပ်စုတို့က ပင်မအုပ်စုနှင့်သက်ဆိုင်သည့် ပုံစံဖြင့်သာ သိသိ နှင့် လိုက်လုပ်နေကြရသောကြောင့်ဖြစ်သည်။ တမန်တော်များအပါအဝင် ဟီဗရူးခရစ်ယာန်များသည် ဟေလေနစ်အမျိုး မုဆိုးမဆို့၏ဒုက္ခခံစားရမှုအကြောင်းကို မသိရှိကြပေ။ ဟေလေနစ်မုဆိုးမများကို လျစ်လျူရှုထား သည့်အကြောင်း တမန်တော်တို့၏ နားသို့အမှန်တကယ်မည်သို့ပေါက်ကြားသွားသည်ကို ကျွန်ုပ်တို့မသိရပါ။သူတို့ကဘဲ တိုက်ရိုက်သွားညည်းပြခဲ့ကြခြင်းဖြစ်နိုင်သည်။ ဟေလေနစ်အုပ်စုခေါင်းဆောင်တစ်ဦးက မကျေမနပ်ပြောဆိုခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် သိတတ်သော ဟီဗရူးတစ်ဦးက ၄င်းကိစ္စကို ကြားသိရပြီး တမန်တော်များထံ သတင်းယူဆောင် လာခဲ့ခြင်းလည်းဖြစ်နိုင်သည်။ မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ပင်ဖြစ်စေ၊တမန်တော်များသည် ခုခံကာကွယ်ခြင်း (သို့) လာပြောသူကို ဝေဖန်ခြင်းမပြုလုပ်ခဲ့ပါ။ သူတို့သည် နားထောင်ပေးပြီး ၄င်းကိစ္စကို ကိုင်တွယ်ရန် လျှောက်ပတ်စွာ လုပ်ဆောင်ခဲ့ကြသည်။ နားထောင်ပေးခြင်းသည် ပင်မအုပ်စုက သတိမမူမိ၊ မသိရှိလိုက်သည်ကို တုံ့ပြန်လုပ်ဆောင်ရန် အကောင်းဆုံးပထမခြေလှမ်းဖြစ်ပါသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **ပဋိပက္ခတစ်ခုတွင် ပင်မအုပ်စု မှလုပ်နိုင်သော ပထမဆုံးနှင့် အကောင်းဆုံးအကျိုးပြုသော ခြေလှမ်းမှာ နားထောင်ပေးရန် ဖြစ်သည်။**

➪ဤဖြစ်ရပ်မှာ ကဲ့သို့ ပဋိပက္ခတစ်ခုတွင်ဖွဲ့စည်းပုံဆိုင်ရာ တရားမျှတမှုမရှိခြင်းပါဝင်လာလျှင်၊ ဖြေရှင်းမှုတွင် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲတစ်စုံတစ်ရာပါရှိစေရပါမည်။ တမန်တော် (၆) တွင် အစားအစာခွဲဝေပေးရာမှာ ဟေလေနစ်မုဆိုးမများ က လျစ်လျူရှုထားခြင်းခံရသည်။ ထိုကြောင့် ဖွဲ့စည်းပုံဆိုင်ရာအပြောင်းအလဲတွင် ဆင်းရဲသူများကို ဝေငှကျွေးမွေးခြင်း ကူညီလုပ်ဆောင်ရန် အသင်းတော်တွင် ရာထူးသစ်ခန့်ဘို့အကြောင်းပါဝင်လေသည်။ ဤအစီအစဉ်အသစ်တွင် စီမံ လုပ်ကိုင်ရန် ရွေးချယ်ခံရသူများအားလုံးမှာ လစ်လျူရှုခြင်းခံရသည့် ဟေလေနစ်လူမျိုးထဲမှပင်ဖြစ်ကြသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **တရားမျှတသော ဖြေရှင်းချက်ကိုဖန်တီးဖော်ပြထုတ်ရာတွင် ဘေးရောက်အုပ်စုများကို ပါဝင်ပတ်သက်စေခြင်းသည် မတရားမှုမှာ အခြေတည်သော ပဋိပက္ခဖြေရှင်းရာမှာ တစိတ်တပိုင်းအဖြစ်ပါဝင်စေရန် လိုအပ်သည်။**

➯ ပဋိပက္ခကို ဖြေရှင်းပြီးသည့်နောက် အခန်း (၇) သည် ဇဝဲဝေလီလုပ်ငန်းထူးထူးခြားခြားကျယ်ပြန့်လာခြင်းအကြောင်းကို ပြောပြထားပါသည်။ ပဋိပက္ခသည် လူ့အဖွဲ့အစည်းတစ်ခု၏ အင်အားကို အတော်ပင်ကုန်ခမ်းစေပါသည်။ ပဋိပက္ခ အပေါ်တွင် အင်အားကို အာရုံစိုက်သွင်းနေရသည်။ ပဋိပက္ခကိုဖြေရှင်းပြီးသွားသော အခါမှာမူ ဖန်တီးစွမ်းဆောင်မှုများတွင် အင်အားကိုပြန်ထုတ်သုံးနိုင်ပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **အသင်းတော်ထဲမှ ပဋိပက္ခကို ဖြေရှင်းခြင်း လုပ်ငန်းစဉ်ကောင်းများ သည် ဇဝဲဝေလီလုပ်ငန်း၏ ထိရောက်မှုကို အထောက်အကူပြုပါသည်။**

---

# အပိုင်း (၁၁)

# မိမိ အသံကို ထုတ်ဖော်ပြနိုင်ခြင်း

# (FINDING ONE'S VOICE)

ကျမ်းပိုဒ် 🕮 ဧသတာ (၄း၁-၁၇)

**နောက်ခံဇာတ်လမ်း**

ဘီစီ (၅၈၆)တွင် ယေရှုရှလင်မြို့ ပျက်စီးသွားပြီးနောက် ယုဒလူမျိုးတို့ ပြန့်ကျဲကုန်ကြသည်။ ကြီးမားသော ယုဒလူမျိုးအုပ်စုတစ်စုသည် နယ်နှင်ဒဏ်ပေးခြင်းအဖြစ် ဗာဗုလုန်ပြည်သို့ခေါ်ဆောင်သွားခြင်းခံရသည်။ ထို့နောက် ပေရသိလူမျိုးတို့သည် ဗာဗုလုန်ပြည်ကို အနိုင်တိုက်ယူလိုက်ပြီး ကွဲပြားသော ဘာသာရေးအုပ်စုများစွာကိုထောက်ခံအားပေးသောနိုင်ငံတော်ကိုထူထောင်လေသည်။ ပေရသိရှင်ဘုရင်ကုရုသည် ဇေရုနှင့်နေဟမိတို့လက်အောက်ရှိ ယုဒလူမျိုးတို့အား ယေရှုရှလင်မြို့သို့ ပြန်သွားပြီး ပြန်လည်တည်ဆောက်ရန်ခွင့်ပေးလေသည်။ ယုဒလူမျိုးများစွာသည် ပေရသိပြည်မှာ နေရစ်ရန် ရွေးချယ်ကြသည်။ ဧသတာဝတ္ထုသည် ပေရသိပြည်ရှိယုဒလူမျိုး လူစု အဖွဲ့အစည်းထဲပေါ်ပေါက်လာသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ဧသတာသည် ရှင်ဘုရင်အာရှွေရု၏ မိဖုရားဖြစ်သည်။ သူမ၏ဦးလေးမော်ဒကဲသည် လူတစ်စုက ဘုရင်ကိုလုပ်ကြံရန် ကြံစည်မှုကို ဖော်ထုတ်ခဲ့၏။ မော်ဒကဲသည် ဟာမန်ရှေ့တွင် ဦးချရန် ငြင်းဆိုသည်။ဟာမန်သည် ဘုရင်ချီးမြှောက်ခြင်း ခံရပြီး၊ ရည်မှန်းချက်ကြီးကာ မာနထောင်လွှားသူဖြစ်သည်။ မော်ဒကဲကိုဒေါသထွက်သောကြောင့် ဟာမန်သည် မဟုတ် မမှန်သော သတင်းအချက်အလက်ကိုအခြေတည်ပြီး ယုဒအမျိုးတို့ကို သတ်ဖြတ်ဘို့ရရှိရန် ဘုရင်ကြီးထံ လှီဆယ်၍ အကြံထုတ်လေသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

အတန်းသားလေးဦးသည် ကြိုတင်ပြီး ပြဇာတ်ကိုတစ်ပုဒ်ပြရန် ပြင်ဆင်ထားနိုင်သည်။ သူတို့လေးဦးသည် မော်ဒကဲ၊ ဧသတာ၊ ဧသတာ၏ကျွန်မ၊ မိန်းမစိုး ဟာတက်တို့၏ အခန်းကို သရုပ်ဆောင်ရပါမည်။ ပြဇာတ်တိုမှာ ပါဝင်မည့်သူတို့လေးဦးသည် ဇာတ်လမ်းကို ကြိုတင်ဖတ်ထားပြီး သရုပ်ဆောင်အမူအရာများအားဖြင့် အတန်းများအားဝတ္ထုဇာတ်လမ်းကို ပြောပြရန် ပြင်ဆင်ထားသင့်ပါသည်။ ပြဇာတ်တိုပြီးသွားသောအခါ အဖွဲ့ငယ်လေးများဖြင့် ဖြစ်စေ၊တစ်တန်းလုံးအနေနှင့်ဖြစ်စေ၊ အောက်ပါမေးခွန်းများကို ဆွေးနွေးနိုင်ကြပါသည်။ အတန်းသားများအားလုံးသည် လေ့လာသင်ကြားမှုမတိုင်မှီဧသတာဝတ္ထုတစ်ပုဒ်လုံးကို ဖတ်ထားချင်ကြလိမ့်မည်။

အကယ်၍ ပြဇာတ်တိုကို မပြပါက အဖွဲ့ငယ်လေးများဖွဲ့ပြီး လေ့လာမှုကို လမ်းညွှန်ရန် အောက်ပါမေးခွန်းများနှင့်အတူ ကျမ်းပိုဒ်ကို ဖတ်ပြီးဆွေးနွေးစေပါ။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့ကို မိနစ် ၃၀-၃၅ ခွင့်ပြုပါ။ ထိုနောက်သူတို့လေ့လာသိရှိထားရသည်ကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ပါ။ အခြားအဖွဲ့များကို အဖြစ်အပျက်တစ်ခုလုံးကို ပြန်မပြောစေဘဲ ကျမ်းပိုဒ်ထဲမှ ရရှိသော သူတို့၏ ထိုးထွင်းအမြင်ကို ဝေငှစေပါ။ အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောမိဘဲကျန်နေ

သည့်အချက်များကို ဦးဆောင်သူကထောက်ပြပြီး၊ အဆုံးသတ်အကျဉ်းချုပ်ကို ပြောပြနိုင်သည်။

*လေ့လာမှုတွင် အသုံးပြုရန် အဖွဲ့ငယ်များ(သို့)တစ်တန်းလုံးအတွက်မေးခွန်းများ -*

- ✦ ယုဒအမျိုးတို့ကို ဖျက်ဆီးရန် ကြံစည်သော သတင်းကို ကြားသိရသောအခါ၊ မော်ဒကဲနှင့်ဧသတာတို့၏ ခံစားမှုကား အဘယ်နည်း။
- ✦ ထိုလူမှုဝန်းကျင်တွင်ယုဒလူမျိုးတို့၏ ပျော့ကွက်များကားအဘယ်နည်း။ ဧသတာသည် မိဖုရားရာထူးဖြင့် ဩဇာအာဏာရှိနေပုံရသော်လည်း သူမသည် မည်သို့အားဖြင့် ပျော့ကွက်ရှိနေပါသနည်း။
- ✦ တမန်တော် (၆) လေ့လာမှုမှ စိုးမိုးသူအုပ်စုနှင့်အရေးမပါသူအုပ်စု (အလယ်ဗဟိုရှိသူနှင့် ဘေးစွန်းရောက်နေသူ) အကြောင်း ဆွေးနွေးမှုကို ပြန်စဉ်းစားလျှင် မော်ဒကဲနှင့်ဧသတာတို့သည် ဤဇာတ်လမ်းထဲမှ ပို၍ အရေးမပါသူလူများ အဖြစ်သူတို့ကိုယ်တိုင်အတွင်းမှာဘာစိန်ခေါ်မှုကို ကျော်လွှားရပါမည်နည်း။ ဤအန္တရာယ်ကြီးမားသောပဋိပက္ခကို အသွင်ပြောင်းလဲလိုက်ရန် သူတို့၏ ကြိုးပမ်းမှုများကိုအားဖြည့်ရန် သူတို့မည်သည့်အရေးယူမှုမျိုးကိုလုပ်ဆောင်ကြပါသလဲ။
- ✦ မော်ဒကဲသည် ဧသတာအား အရေးယူလုပ်ဆောင်မှုပြုရန် မည်သို့ဆော်ဩစည်းရုံးပါသလဲ။
- ✦ မော်ဒကဲသည် အသွင်ပြောင်းလဲစေသော လုပ်ရပ်ကို လုပ်ဆောင်ရန် ဘဝ၏အခွင့်အရေးများအကြောင်း ဘာကိုယုံကြည်ပါသလဲ။ ကျွန်ုပ်တို့သည် မော်ဒကဲနည်းတူစဉ်းစားတွေးခေါ်သည်ဆိုပါက လူတွေကို ကျွန်ုပ်တို့ဆက်ဆံပုံနှင့် ပဋိပက္ခတွင်းမှ အခြေအနေများကို ကျွန်ုပ်တို့ဆက်စပ်ယူ ပုံနည်းလမ်းကို ဤနားလည်မှုက မည်သို့အကျိုးသက်ရောက်စေပါမည်လဲ။
- ✦ ဧသတာသည် သူမ၏အရေးယူလုပ်ဆောင်မှုကို အထောက်အကူပြုရန် ဘာကိုရှာကြံပါသလဲ။ ဤပံ့ပိုးမှုသည်သူမကို မည်ကဲ့သို့ ခွန်အားပေးပါသလဲ။ သူမ၏ မေတ္တာရပ်ခံမှုသည် ယုဒလူစု အဖွဲ့အစည်းကြား ညီညွတ်မှုကို မည်ကဲ့သို့ တည်ဆောက်ပါသလဲ။ ဧသတာ၏ လုပ်ရပ်သည် ပြည်သူ့ဆန္ဒပြမှု မနာခံမှုဖြစ်ပါသလား။ ဧသတာသည် သူမ၏ သတင်းစကားအပေါ် ရှင်ဘုရင်၏ သနားညှာတာမှုနှင့် လက်ခံမှုရရှိရန် မည်သို့လုပ်ဆောင်ပါသလဲ၊ (ဧသတာ (၅း၁-၃) သည် ဘုရင်ကိုချဉ်းကပ်ရန် သူမ၏လုပ်ငန်းစဉ်အစကိုပြောပြသည်။)

☛ အတန်းသားများကို မေးကြည့်ပါ။ သူတို့သည် သီးသန့်အချိန်၊ သီးသန့်နေရာတစ်ခုတွင် စိန်ခေါ်မှု (သို့) ပဋိပက္ခတစ်ရပ်ကိုအရေးကြီးသည့်ပုံစံဖြင့်တုန့်ပြန်ရသည့် အရေးပါသည်သူအဖြစ် ခံစားမှုများရှိခဲ့ကြဖူးပါသလား။ အခြေအနေကဘာလဲ။ ဘယ်လို ခံစားရသလဲ။ သင်ဘာလုပ်သလဲ (သို့) ပြောသလဲ။ သင်သည်ယခုလောလောဆယ် ပဋိပက္ခတစ်ခုတွင် အပြုသဘောဆောင်သော အပြောင်းအလဲဖြစ်ပေါ်လာရန်လုပ်ဆောင်ဖို့ သင့်မှာအထူးတာဝန်ရှိနေသည့် အခြေအနေမှာကျရောက်နေသည်ဟု ခံစားရပါသလား။

☛ အတန်းသားများအား လူ(၂)ယောက် (သို့) (၃)ယောက်ပါဝင်သော အဖွဲ့များဖွဲ့စေပြီး အထက်ပါ အတွေ့အကြုံများ၊ စိန်ခေါ်မှုများကို အချင်းချင်းဝေငှပြောပြစေရန် ဖိတ်ခေါ်ပါ။ အဖွဲ့ဝင်များထဲမှ တစ်စုံတစ်ဦးသည် တာဝန်ရှိသောလုပ်ဆောင်မှုပြုရန် လိုအပ်သော လက်ငင်းအခြေအနေတစ်ရပ်ကိုရင်ဆိုင်နေရသည်ဆိုပါက အချင်းချင်းအတွက်

ဆုတောင်းပေးပါ၊ ဧသတာသည် သူမ၏လုပ်ဆောင်မှုကို ကူညီပံ့ပိုးမှုရရန် သူမ၏ လူမျိုးစုအဖွဲ့၏ ဆုတောင်းပေးမှုကို ခွန်အားယူသကဲ့သို့ပင် အချင်းချင်းအတွက် ဆုတောင်းပေးပါ။

**အရေးကြီးသောအချက်များ**

- ဧသတာသည်ရှင်ဘုရင်ရှေ့မှာ သွားစကားပြောရန် သတ္တိရှိစွာပင် သူမအသက်ကို စွန့်စားခဲ့သည်။ သူမ၏ တောင်းဆိုချက်အား တရားမျှတသော ကြားနာမှုရရှိစေရန် ရှင်ဘုရင်ထံမည်သို့ ချဉ်းကပ်ရမည်ကို သူမဂရုတစိုက်ပင် စီစဉ်လေသည်။ မော်ဒကဲကမူ ဖြစ်လာမည့်သတ်ဖြတ်မှုအတွက် ငိုကြွေးမြည်တမ်းခြင်းကို လူထုလုပ်ဆောင်မှုအဖြစ် စီစဉ်လုပ်ဆောင်၏။ မော်ဒကဲသည် သူကိုယ်တိုင်က ဆုံးဖြတ်ချက်ချသူများထံပေါက်ရောက်ရန် အခွင့်အလမ်းမရှိသော်လည်း စီစဉ်ခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း (ဥပမာ-ရှင်ဘုရင်၏အမိန့်တော်စာ)၊ သူ့အပြုအမူကို လူတွေသတိပြုမိနိုင်မည့်နေရာတွင် သွားလုပ်ဆောင်ခြင်းစသည်အားဖြင့် သူ့ကိုယ်သူ ပြင်ဆင်လေသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်-*** **အစီအစဉ်ကောင်းစွာပြုလုပ်ထားခြင်းနှင့်စွန့်စားမှုလုပ်ရန် သတ္တိသည် ပဋိပက္ခအသွင်ပြောင်းလဲရေးမှာ အရေးပါသောအရာများ ဖြစ်လေ့ရှိပါသည်။**

- အရေးမပါသော အုပ်စုတွင်းရှိသူများအတွက် အခက်ဆုံးအရာတွေထဲက တစ်ခုမှာ မိမိအသံကို ထုတ်ဖော်ပြပြီး စကားပြောရန် ပင်ဖြစ်လေသည်။ အထူးသဖြင့်သူတို့ခြိမ်းခြောက်ခံရနေချိန်မှာ ပိုခက်ခဲပါသည်။ သြဇာအာဏာရှိသူများ၊ ပင်မအုပ်စုတို့သည် သူတို့၏ လုပ်ရပ်ကြောင့်ဖြစ်ပေါ်လာသောပြဿနာများကို မသိရှိဘဲဖြစ်နေတတ် ကြသည်။ ရှင်ဘုရင်အာရွှေရု၏ အခြေအနေမှာကဲ့သို့ပင်ဖြစ်သည်။ အခြားသူများက ဟာမန်ကဲ့သို့ပင် လုံးဝ ရန်လိုမုန်းတီးနေခြင်းဖြစ်နိုင်သည်။ ဧသတာသည် သူမ၏ အမျိုးသားများ ဘယ်လိုအဖြစ်မျိုး ကြုံရတော့မည်ကို သိရှိရန် လည်းလိုအပ်သည်။ သူမကိုယ်တိုင်လည်းစွန့်စားရန် စိမ်ခေါ်ခြင်းခံရရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် သူမတစ်ဦးတည်းကသာဆုံးဖြတ်ချက်ချသူများကိုလက်လှမ်းမှီသောအနေအထားမှာရှိနေသောကြောင့်ဖြစ်သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်-*** **ဘေးရောက်အုပ်စုများအတွက် ဖြစ်ပျက်နေသည်ကို အမှန်အတိုင်းထိရောက်စွာ ပြောဆိုနိုင်ရန် နည်းလမ်းရှာဖွေခြင်းသည် ပဋိပက္ခအသွင်ပြောင်းခြင်းအတွက် အရေးကြီးပါသည်။**

---

# အပိုင်း (၁၂)

## ကြေကွဲ၊ ဒေါသထွက်နေသော မိခင်၏ ဆန္ဒပြမှု
## (A GRIEVING, ANGRY MOTHER RISES)

ကျမ်းပိုဒ် 📖 ဓမ္မရာဇဝင်(ဒု) (၂၁း၁-၁၄)

**နောက်ခံဇာတ်လမ်း**

ကာသရေလ အမျိုးသားတို့ ခါနာန်ပြည်ကို အနိုင်တိုက်ခိုက်နေသည့် အတောအတွင်း၊ ဂိဗောင်လူတို့သည် ပရိယာယ်နှင့်လှည့်ဖျား၍ ဣသရေလအမျိုးတို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရယူထားလေသည်။ ၎င်းဖြစ်စဉ်အကြောင်းကို ယောရှု ၉း၂-၂၇ တွင် မှတ်တမ်းတင်ထားပါသည်။ ယောရှုသည် ဂိဗောင်လူမျိုးတို့ကို အသက်ချမ်းသာပေးမည့်အကြောင်း ပဋိညာဉ်ပြုထားသည်။ ဘုရားသခင်ကို တိုင်တည်၍ ကျိန်ဆိုထားသော သဘောတူညီမှုဖြစ်၍ ၎င်းကို ဖောက်ဖျက်၍ မရပါ။ရှင်ဘုရင်ရှောလု၏ လက်ထက်တွင် ဂိဗောင်လူမျိုးတို့ကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ကြောင်းသိရသည်။ နောက်ပိုင်းတွင် ရှောလုနှင့် အတူသူ့သားသုံးယောက်၊ ဒါဝိဒ်သူငယ်ချင်းယောနသန်အပါအဝင်တို့သည် ဖိလိတ္တိလူတို့နှင့် တိုက်ခိုက်ရာမှာ အသတ်ခံလိုက်ကြရ၏။ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာကာ ယောနသန်၏သား၊ ခြေမသန်သူ မေဖိဗောရှက်ကာကွယ်စောင့်ရှောက်သူဖြစ်လာသည်။ ရှောလု၏ မယားငယ် ရိဇပသည် အသက်ရှင်ကျန်ရစ်၏။ စောစောပိုင်းတွင် ရှောလု၏သား ဣရှဗောရှက် နှင့် ၎င်း၏ စစ်သူကြီး အာဗနာတို့အကြားမှ နိုင်ငံရေးသြဇာအာဏာအတွက် လွန်ဆွဲမှုကြီးထွားလာခြင်း၊ အမှတ်လက္ခဏာအဖြစ် ရိဇပသည် အာဗနာ၏ သိမ်းပိုက်ခြင်းခံခဲ့ရသည်။(ဓမ္မရာဇဝင်-ဒု ၃း၆-၁၁ ကိုကြည့်ပါ) ဓမ္မရာဇဝင်-ဒု -၂၁ မှာ ပါဝင်သော ဖြစ်ရပ်အချိန်တွင် ဒါဝိဒ်သည် နိုင်ငံတော်ကို ခိုင်မာတောင့်တင်းစေရန် စုစည်းစေသည့်စစ်ပွဲများနှင့် ပုန်ကန်မှု အချို့ကို အနိုင်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကာသူ့နိုင်ငံကို ကောင်းမွန်စွာ ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

**လေ့လာမှု လုပ်ငန်းစဉ်နှင့်မေးခွန်းများ –**

☛ အဖွဲ့ငယ်များဖွဲ့ပြီး သူတို့၏ လေ့လာမှုကို လမ်းညွှန်ရန် အောက်ပါမေးခွန်းများနှင့်ကျမ်းပိုဒ်ကိုဖတ်ပြီး ဆွေးနွေးစေပါ။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့ကို မိနစ် ၃၀ခွင့်ပြုပါ။ ထိုနောက်သူတို့ လေ့လာသိရှိရမှုကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား ဖြစ်စဉ်တစ်ခုလုံးကိုမပြောစေဘဲ ကျမ်းပိုဒ်ထဲမှ ထိုးထွင်းအမြင်ကို ဝေငှစေပါ။ အဖွဲ့များ အားလုံးပြီးသွားသောအခါ မပြောဖြစ်ဘဲကျန်သွားသည့် အချက်အလက်များကို ဦးဆောင်သူက ထောက်ပြပြီး အဆုံးသတ်အကျဉ်းချုပ်ကို ပြောပြနိုင်ပါသည်။

*အဖွဲ့ငယ်လေ့လာမှုတွင် အသုံးပြုရန် မေးခွန်းများ -*

✦ ဂိဗောင်လူမျိုးတို့အပေါ် ရှောလု၏အကြမ်းဖက်မှုအကြောင်း မူလအဖြစ်အပျက်ကို ဤကျမ်းပိုဒ်ထဲမှာ ရည်ညွှန်းထားသည်မှအပ ကျမ်းစာထဲတွင် ပြောပြထားခြင်းမရှိပေ။ ဘယ်လိုဖြစ်ပျက်ခဲ့ဖွယ်ရှိမည်ဟုသင်ထင်ပါသနည်း။

(ယောရှု(၉) တွင် ဣသရေလနိုင်ငံအတွင်း ဂိဗောင်လူမျိုးတို့ကို လုံခြုံမှုရရှိစေမည့်အကြောင်း ဂတိထားရှိခဲ့သည်)

- ✦ ဒါဝိဒ်သည် ဂိဗောင်လူမျိုးတို့ကို ကျေရာကျေကြောင်း မည်သည့် အပေးအယူကို လုပ်ပါသလဲ
- ✦ ဤနောက်ဆုံးသော အကြမ်းဖက်မှုအသစ်တွင် မည်သူက ဒုက္ခခံစားရပ်မည်လဲ။ ၎င်းပုဂ္ဂိုလ်တို့သည် ကနဦးအကြမ်းဖက်မှုအဖြစ်အပျက်အတွက် တာဝန်ရှိသူများဖြစ်ကြောင်း အရိပ်အမြွက်ပြထားခြင်းရှိပါသလား။ ဤကဲ့သို့ အရေးယူလုပ်ဆောင်ခြင်းသည် အခြေအနေကို ပိုကောင်းမွန်စေလိမ့်မည်ဟု ဘာကြောင့် ဂိဗောင်လူမျိုးတို့နှင့် ဒါဝိဒ်ခံစားကြပါသလဲ။
- ✦ ဒါဝိဒ်သည် ဤဖြစ်ရပ်တွင် မည်သို့အားဖြင့် 'ပင်မ' ဖြစ်နေပါသလဲ။ ဘေးရောက်အုပ်စုအတွက် သူ မည်ကဲ့သို့ ပြုမူပါသလဲ။
- ✦ ရိဇပသည် မည်သူဖြစ်ပါသလဲ။
- ✦ ဤဖြစ်ရပ်တွင် ရိဇပသည် မည်သို့အားဖြင့် ဘေးရောက်သူ ဖြစ်နေပါသလား။
- ✦ သူမ မည်ကဲ့သို့ ပြုမူလုပ်ဆောင်ပါသလဲ။ ဤလုပ်ဆောင်မှုသည် ပြည်သူလူထု၏ လုပ်ဆာင်မှုဖြစ်ပါသလား။
- ✦ သူမသည် သူမ၏ဆုံးရှုံးမှုအတွက် ဝမ်းနည်းပူဆွေးမှုထက် ပိုပိုသာသွာလုပ်နေပါသလား။
- ✦ သူမ၏ ရွေးချယ်မှုသည် ဇာတ်လမ်းထဲမှ တခြားမိခင်တစ်ဦးဖြစ်သူ မေရပ်၏ ရွေးချယ်မှုနှင့်မည်သို့ ကွာခြားပါသလဲ။
- ✦ ရိဇပသည် သူမပြုမူခဲ့သကဲ့သို့ လုပ်ဆောင်ရန် သူမမှာအခြားမည်သည့် အတွင်းခံစားမှုပြဿနာများနှင့်ရင်ဆိုင်နေနိုင်မည်ဟုသင်ထင်ပါသလဲ။
- ✦ ဘာကနေပြီး သူမ၏ ပြုမူလုပ်ဆောင်မှုအတွက် အင်အားနှင့် သတ္တိပေးသည်ဟု သင်ထင်ပါသလဲ။
- ✦ ရိဇပပြုမူလုပ်ဆောင်မှုသည် မည်သည့်အကျိုးသက်ရောက်မှုရှိပါသလဲ။ ပင်မပုဂ္ဂိုလ်တစ်ဦးအဖြစ်၊ ဒါဝိဒ်သည် ဘေးရောက်အုပ်စုထဲရှိသူတစ်ဦးဖြစ်သည့် ရိဇပကိုမည်သို့တုံ့ပြန်ပါသလဲ။
- ✦ ရှောလု၏ သားတို့ကို သတ်ဖြတ်ရန် အပ်နှံလိုက်သော ဒါဝိဒ်အတွက်သူတို့အလောင်းများကို မင်းမျိုးမင်းနွယ် သိက္ခာနှင့် မြှုပ်နှံစေခြင်းသည် မည်သို့သောသဘောဆောင်ပါသလဲ။
- ✦ ဤအဖြစ်အပျက်တွင် ဘုရားသခင်က ဘယ်မှာရှိနေပါသလဲ။ ဂိဗောင်လူမျိုးတို့နှင့် ဒါဝိဒ်အကြားမှ သဘောတူညီမှုကို ဘုရားသခင်က ခွင့်လွှတ်ပါသလား။
- ✦ မည်သည့်အချိန်တွင် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနိုင်ငံတော်သို့ ပြန်လည်ရရှိလာ ပါသလဲ။
- ✦ နိုင်ငံရေးဆိုင်ရာ အရေးယူလုပ်ဆောင်မှုများအတွက် တရားမျှတကြောင်းပြရန် ဘာသာရေးကို မည်သို့ အသုံးချကြပါသလဲ။

☛ အဖွဲ့ငယ်များ၏ အစီရင်ခံပြီးသည့်နောက် ခေတ်သစ်ဥပမာတစ်ခုဖြစ်သော ရိဇပနှင့် တူသူတစ်စုံတစ်ယောက် ကို တယောက်ယောက်စဉ်းစားမိကြသလား မေးကြည့်ပါ။

☛ မိမိတို့သားသမီးများအပေါ် အကြမ်းဖက်မှုကြောင့် အရေးယူလုပ်ဆောင်ရန် ဆော်သြစည်းရုံးခဲ့ကြသည့်မိခင်များ၏ အကြောင်းကို သင်မျှဝေခံစားလိုပေမည်၊ (အောက်တွင်ကြည့်ပါ)

- အတန်းကို နှစ်ယောက်သုံးယောက်ပါသော အဖွဲ့များခွဲလိုက်ပါ။

- ရိဇပသာ ယနေ့ပြန်လာပါက မည်သည့်နေရာတွင် သူမရပ်တည်ပြောဆိုမည်ကို ဆွေးနွေးစေပါ။ သူမသည် မည်သူနှင့် အတူရှိလိမ့်မည်နည်း။သူမဘာလုပ်လိမ့်မည်နည်း။

**အရေးကြီးသောအချက်များ**

- ဒါဝိဒ်သည် ပင်မအုပ်စု၏ နိုင်ငံရေးဆိုင်ရာ ဩဇာအာဏာ၏ ကန့်သတ်ချက်ဘောင်အတွင်းမှ လုပ်ဆောင်ရင်း ရှောလုမှ ဆင်းသက်သူသားများ၏ အသက်ကို စွန့်လွှတ်ဆုံးရှုံးစေခဲ့သည်။ သူသည် ဂိဗောင်လူမျိုးတို့၏ နိုင်ငံရေးဆိုင်ရာ ပြဿနာကိုဖြေရှင်းရန်သာ လုံးဝအာရုံစိုက်ခဲ့သည်။ ထို့အပြင် သူ့အရင်ဘုရင်ဖြစ်သူ ရှောလု၏ သားစဉ်မြေးဆက်တို့၏ ခြိမ်းခြောက်လာနိုင်ဖွယ်ရှိခြင်းမှ သူ့ထီးနန်းကို ကာကွယ်နေခြင်းလည်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ဒါဝိဒ်သည် ဤအစုအပြုံလိုက်သတ်ဖြတ်မှုကြောင့် သေသူတို့၏ မိခင်များအပေါ် မည်သို့အကျိုးသက်ရောက်မည်ကိုမစဉ်းစားမိသည်မှာ ထင်ရှားပါသည်။ နိုင်ငံရေးဆိုင်ရာအကျိုးဖြစ်စေမှုအတွက် အသက်ပေးလှူခြင်းခံရသူများ၏ အပြစ်ကင်းမဲ့မှုကိုဒါဝိဒ်သည် စဉ်းစားမိပုံမပေါ်ပါ။ မတရားမှု ဖြစ်ရခြင်းသည် ဘေးရောက်အုပ်စု၏တန်ဖိုးထားမှု၊ လိုအပ်မှု၊ ပြဿနာရေးရာများကို ပင်မအုပ်စုက မမြင်ရခြင်း၏ရလဒ်ဖြစ်လေ့ရှိပါသည်။ မေရပ်သည် မတရားမှုကို တုံ့ပြန်ရန် အရေးယူမှုမရှိပါ။ ထို့ကြောင့် သူမသည် မမြင်ရသော တိတ်ဆိတ်နေသူ ဘေးရောက်အုပ်စု၏အစိတ်အပိုင်းအဖြစ် တည်ရှိနေသည်။ ရိဇပပကမူ ဒါဝိဒ်ကိုယ်စားပြုသော ပင်မအုပ်စုအား ခါတိုင်းလို ဆက်လက်ပြုမူကျင့်ကြံရန် ခွင့်မပြုဘဲ၊ မတရားမှုကို အရှိကိုအရှိအတိုင်း ဖော်ထုတ်လေသည်။ သူမသည် ဘေးရောက်အုပ်စုမှ တွေ့ကြုံခံစားရသော မတရားမှုကို မြင်သာအောင်နှင့်ဂရုဏာသက်ဖွယ်ဖြစ်အောင် အထင်အရှားပြသလေသည်။ ***သင်ခန်းစာ၏ ထိုးထွင်းအမြင်*** - **ပင်မအုပ်စုသည် ဘေးရောက်အုပ်စုကို မကြာခဏပင် နှိပ်ကွပ်လိမ့်မည်၊ထိုအခါ ဘေးရောက်အုပ်စုသည် ဖွဲ့စည်းမှုဆိုင်ရာဖြစ်စေ၊ အရေးယူလုပ်ဆောင်မှုဖြစ်စေ မတရားသောအခြေအနေကို စိန်ခေါ်ရန် သူတို့ကိုယ်သူတို့အတွက် ကိုယ်တိုင်ရပ်တည်ရပါမည်၊**

- မိခင်များသည် သူတို့၏ သားသမီးများ၏ အသက်များကို ရယူခဲ့သော (သို့)ရယူရန် ခြိမ်းခြောက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင် အရေးဆိုရန် အကြမ်းဖက်မှု၏ အန္တရာယ်ကို ရင်ဆိုင်နေရသည့်ကြားမှ နေပြီး၊ မိခင်များသည် တစ်ခါတစ်ရံစည်းရုံးရေးလုပ်ကြသည်။ ဥပမာ သုံးခု ထင်ရှားစွာရှိသည် -

အာဂျင်တီးနားနိုင်ငံတွင် ၁၉၇၀ ခုနှစ်များအတွင်းက ဖြစ်ခဲ့သော ၎င်းနိုင်ငံ၏ "မတရားသောစစ်" အချိန်မှာ ဖွဲ့စည်းခဲ့သော **(Plaza del Mayo)** ၏ မိခင်များသည် ထင်ရှားသောဥပမာဖြစ်သည်။ သောင်းနှင့်ချီသော လူငယ်များသည် စစ်တပ်များဖမ်းဆီးပြီး "ပျောက်ဆုံး"ခဲ့ကြသည်။ သူတို့ကို ဘယ်တော့မှ ပြန်မမြင်ကြရတော့ပေ။ လူတို့သည် အသတ်ခံကြရပြီး မှတ်တမ်းမရှိဘဲ မြှုပ်နှံခြင်းခံရကြသည် (သို့) ရဟတ်ယာဉ်မှ ပင်လယ်ထဲသို့ ပစ်ချလိုက်ခြင်းခံကြရသည်။ မိခင်များသည် သူတို့၏ သားသမီးများပျောက်ဆုံးသွားခြင်းအကြောင်း ဖြေရှင်းချက်မရရှိသောအခါ စတင်ပြီး စည်းရုံးဖွဲ့စည်းကြလေသည်။ သူတို့သည် သူတို့၏ ပျောက်ဆုံးနေသော သားသမီးများ၏ ဓါတ်ပုံများကိုင်ဆောင်ပြီး မြို့တော်ဖြစ်သော မြို့ထဲတွင်အပတ်စဉ်တိုင်းပင် တိတ်ဆိတ်စွာ မအိပ်မနေ ဆန္ဒပြပွဲများကျင်းပကြသည်။ ပြင်းထန်စွာ နှိပ်ကွပ်နေခြင်းကို ရင်ဆိုင်ပြီး သူတို့၏ လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်ကြရာ နောက်ဆုံးတွင် ထိတ်လန့်ကြောက်ရွံ့

နေရသည့် စစ်တပ်အုပ်ချုပ်မှုကို အဆုံးသတ်သွားစေသည်။ နိုင်ငံအတွက် စိတ်ဓါတ်ရေးရာ အားပေးသည့် အသံဖြစ်လာသည်။

**El Salvador** နိုင်ငံရှိ ပျောက်ဆုံးသွားသူများ၏ မိခင်များ **(The Mothers of the Disappeared)** အဖွဲ့ကို သူတို့၏ပျောက်ဆုံးနေသော ဆွေမျိုးများအကြောင်းသတင်းပေးရန် အစိုးရကို ဖိအားပေးဖို့ရာအတွက် စည်းရုံးဖွဲ့စည်းထားပါသည်။ ဤအဖွဲ့သည် လူ့အခွင့်အရေးများအတွက် ကြံခိုင်သော အသံဖြစ်လာကာ ၄င်းနိုင်ငံမှ စစ်ကို အဆုံးသတ်စေပါသည်။

နာဂ မိခင်များအသင်း **(The Naga Mothers Association)** သည် အရှေ့မြောက်အိန္ဒိယပြည်တွင်းမှ နာဂမြေ **(Nagaland)** ရှိ အမျိုးသမီးများ၏ လူမှုရေးအဖွဲ့အနေနှင့်စတင်ခဲ့ပါသည်။ သူတို့သည် ၁၉၅၅ မှစပြီး ဖြစ်ပွားနေခဲ့သော စစ်တွင် သေဆုံးခဲ့ကြသော နာဂလူမျိုးတို့၏အလောင်းများကို သွားကောက်ရန် အိန္ဒိယစစ်တပ်အခြေစိုက်စခန်းနှင့်ရဲဌာနများသို့မကြာခဏသွားခြင်းကို စတင်လုပ်ခဲ့သည်။ စစ်သားများအနှောင့်အယှက်ပြုဒုက္ခပေးနေမည်ကို ကြောက်သောကြောင့် အခြားမည်သူမျှအလောင်းများကို ပွင့်ပွင့်လင်းလင်းသွားမတောင်းဆိုကြပေ။ အမျိုးသမီးများသည် အလောင်းတစ်လောင်းစီကို အသစ်ယက်လုပ်ထားသော ခြုံထည်ဖြင့်ရစ်ပတ်လျက်၊ သူတို့၏ယဉ်ကျေးမှုအရ အလောင်းများကို စနစ်တကျသွားရောက်မြှုပ်ကာ အကြမ်းဖက်မှုအဆုံးသတ်စေရန်အတွက် နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်လာကြသည်။ နာဂမိခင်များအသင်း **(NMA)**သည် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ ထုတ်လွှင့်နေသောအသံဖြစ်လာသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **မိခင်မေတ္တာ၏ စွမ်းအားသည် သူမ၏ သားသမီးများအား အကြမ်းဖက်မှု အမှန်တကယ်ကြုံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်းနှင့်ရင်ဆိုင်ရသောအခါ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအတွက် အင်အားကြီးသော ခွန်အားဖြစ်လာနိုင်ပါသည်။**

➯ ရိဇပ၏ လုပ်ဆောင်မှုသည် ရေရှည်ပြည်သူ့လုပ်ရပ်တစ်ခုဖြစ်သည်။ အလောင်းများကို သူမစောင့်ရှောက်နေမှုသည် စပါးရိတ်စ ကာလမှစ၍ မိုးမရွာမှီတိုင်အောင်(အခန်း၁၀)၊ အကြမ်းအားဖြင့် အောက်တိုဘာလမှ မေလတိုင်အောင်ဖြစ်သည်။ သူမသားများသေဆုံးမှုကို ဣသရေလအမျိုးသားများရှေ့တွင် ချပြထားသည်။ ဒါဝိဒ်သည် ရိဇပထံသို့လာပြီး သူမသားများကို မြှုပ်နှံပေးသောအခါ ဒါဝိဒ်၏ လုပ်ရပ်သည် အများပြည်သူရှေ့ လူသိရှင်ကြားဖြစ်သည်။ ဒါဝိဒ်သည် ရိဇပ၏ သက်သေထူချက်ကို တုံ့ပြန်သည့် အနေနှင့် နောင်တရမှုလုပ်ရပ်ကိုလုပ်ဆောင်လျက် သူ့ပေါ်လစီကို အများပြည်သူရှေ့မှာပင် ပြောင်းစေခဲ့သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **ပြည်သူလူထု၏ အကြမ်းမဖက်မှု လုပ်ဆောင်မှုများသည် တစ်ခါတစ်ရံ ဩဇာအာဏာရှိသူများ၏ စိတ်နှလုံး(သို့) ပေါ်လစီကို ထိမ်းညှိတ်စေနိုင်သည်။**

➯ ဒါဝိဒ်နှင့်ဂိဗောင်အမျိုးတို့ပြုလုပ်ခဲ့သော နိုင်ငံရေးဆိုင်ရာ သဘောတူချက်မှာ ဘာသာရေးဆိုင်ရာ ဘာသာစကားနှင့် လွှမ်းခြုံထားသည်။ လူငယ်(၇)ဦးကို "ထာဝရဘုရှေ့တော်၌"သတ်ဖြတ်ပြီးဆွဲထားသည်။ (အခန်းငယ် ၆၊ ၉)။ ဇာတ်လမ်းထဲတွင် ဘုရားသခင်သည် ဂိဗောင်လူမျိုးတို့အား အစုလိုက်အပြုံလိုက် ရှောလုသတ်ခဲ့သော မပြေလည်သေးသည့် မူလပြဿနာသည် အစာအာဟာရခေါင်းပါးခြင်း၏အကြောင်းရင်း(အခန်းငယ် ၁)ဖြစ်သည်ဟု ဘုရားသခင်ကဆိုခဲ့သော်လည်း ရှောလု၏သားများအားသတ်ဖြတ်ခြင်းကို ဘုရားသခင်သည် အစာရေစာငတ်မွတ်ခေါင်းပါးခြင်းကို ရုတ်သိမ်းခြင်းဖြင့် တုန့်ပြန်မှုမပြုလုပ်ခဲ့ပေ။ ထင်ရှားသည်မှာ ဒါဝိဒ်၏လုပ်ရပ်သည် ဘုရားသခင်ကြိုက်နှစ်သက်သော

လုပ်ရပ်မဟုတ်ပေ။ သို့ရာတွင် ရိဇပအနေနှင့် နိုင်ငံရေး အကြမ်းဖက်ခြင်း၏အရုပ်ဆိုးမှုကို ထုတ်ဖော်ပြရန် လပေါင်းများစွာ ဆန္ဒပြစောင့်စားနေခဲ့ပြီးနောက်၊ ဒါဝိဒ်သည် ပြည်သူလူထုရှေ့တွင် နောင်တရမှုကို ပြလျက်၊ ရိဇပထံလာခဲ့ကာ သူမ၏သားများကို ဂုဏ်သိက္ခာရှိစွာ မြှုပ်နှံပေးလေသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာသည် အကြမ်းဖက်မှုထပ်လုပ်ခြင်းအားဖြင့် ရောက်ရှိမလာဘဲ၊ အကြမ်းဖက်မှုသံသရာကို အဆုံးသတ်လိုက်ခြင်းအားဖြင့်သာ ရရှိပါသည်၊

---

# အခန်း – (၄)

## အကြမ်းမဖက်ဘဲ အသွင်ပြောင်းလဲသွားစေသည့် အစပျိုးခြေလှမ်းများ

## (NONVIOLENT TRANSFORMING INITIATIVES)

အပိုင်း (၁၃) – အသွင်ပြောင်းလဲသွားစေသည့် အစပျိုးခြေလှမ်းများအနေဖြင့် ရန်သူကိုချစ်ခြင်း (မဿဲ ၅း၃၈–၄၈)

အပိုင်း (၁၄) – ရန်သူကို အစားအစာကျွေးခြင်း (ဓမ္မရာဇဝင် (စ) ၆း၈ – ၂၃)

အပိုင်း (၁၅) – သန့်ရှင်းမြင့်မြတ်သောဗီဆန့်မှု (ထွက်မြောက်ရာ ၁း၁၅ – ၂၂)

အပိုင်း (၁၆) – ထူးခြားသောအပြုအမူအားဖြင့် အမှတ်သညာပြုလုပ်ဆောင်မှုများ
(လုကာ ၁၉း၂၈ – ၄၄၊ ဟေရှာယ ၂၀း၁ – ၆၊ ယေရမိ ၃၂း၁ – ၁၅)

အပိုင်း (၁၇) – အကောင်းအားဖြင့် အဆိုးကိုနိုင်ခြင်း (ရောမ ၁၂း၉ – ၂၁)

# အ ပိုင်း (၁၃)

## အ သွင် ပြောင်း လဲ သွား စေ သည့် အ စ ပျိုး ခြေ လှမ်း များ အား ဖြင့် ရန် သူ ကို ချစ် ခြင်း

## (LOVING THE ENEMY THROUGH TRANSFORMING INITIATIVES)

ကျမ်းပိုဒ် 🕮 မဿဲ (၅း၃၈-၄၈)

**နောက်ခံအတ်လမ်း**

မဿဲ အခန်းကြီး (၅ - ၇) သည် ကျွန်ုပ်တို့ "တောင်ပေါ်ဒေသနာ" ဟုခေါ်ဆိုသော ယေရှု၏ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာ သင်ကြားမှုများကို စုစည်းထားခြင်းဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ နိုင်ငံတော်အတွင်း (သို့) ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်နေထိုင်ပုံနေထိုင်နည်းကို သင်ကြားပေးနေခြင်းဖြစ်သည်။ ယေရှု၏ နောက်လိုက်များ မည်သို့အသက်ရှင်ရမည်ကိုပြသော ပုံလွှာဖြစ်သည်။ ၎င်းအခန်းကြီးများထဲမှ ကျမ်းပိုဒ်အများကို ကျွန်ုပ်တို့ အကျွမ်းတဝင်ရှိကြပါသည်။ ဥပမာ - ကျွန်ုပ်တို့ ၏ ရန်သူများကိုချစ်ရန် သခင်ယေရှု အမိန့်ပေးသော မဿဲ ၅း၄၄ ပါ ကျမ်းပိုဒ် အပါအဝင် ဖြစ်သည်။ သို့ရာတွင်၊ ဤသို့ အကျွမ်းတဝင်ရှိခြင်း နှင့် အတူ မူလရေခံမြေခံအခြေအနေမှ ထွက်ပေါ်လာသော အဓိပ္ပာယ်ကောက်ယူချက်မဟုတ်ဘဲ စာဖတ်သူ၏ လက်ရှိ ရေခံမြေခံအခြေအနေမှ ဖွင့်ဆိုသော အဓိပ္ပာယ်ကောက်ချက် အများအပြားရှိပါသည်။

သခင်ယေရှုသည် ပြင်းထန်သော အကြမ်းဖက်မှု ဖြစ်ပွားနေသော အခြေအနေတွင် ဤသို့ သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ ယုဒအမျိုးသားလူစားအမျိုးမျိုးသည် အကြမ်းဖက်မှုကို တုံ့ပြန်ကြရာမှာ အလွန်ကွဲပြားခြားနားသော တုံ့ပြန်မှုများ ပုံစံအမျိုးမျိုး ရွေးချယ်ပြမူနေကြသည်။ ရောမအင်ပါယာသည် ဤဒေသကို သိမ်းပိုက်စိုးမိုးထားသော ရောမစစ်တပ်၏ တပ်ဖွဲ့များစွမ်းပကားဖြင့် "ရောမနိုင်ငံ၏ငြိမ်းချမ်းခြင်း "**(Pax Romana)**ကို ချမှတ်ထားသည်။ ၎င်းငြိမ်းချမ်းခြင်းကို ခြိမ်းခြောက်မှုများ၊ ကားစင်တင်၍သတ်ခြင်းအပါအဝင် ပြင်းထန်စွာအရေးယူမှုပြုခြင်းဖြင့် တည်ဆောက်သည်။ သခင်ယေရှု ကြီးပြင်းလာသည့် အချိန်အတွင်း၌ ဂါလိလဲနယ်သားများတွင် အရေးပါသော တော်လှန်ပုန်ကန်မှုကြီးတစ်ရပ်ဖြစ်ခဲ့ပါသည်။ ရောမလူမျိုးတို့သည် ထောင်နှင့်ချီသော သူပုန်များအား ဂါလိလဲနယ်လမ်းဘေးတလျှောက် ကားစင်တင်သတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ သခင်ယေရှု သည် ဤကဲ့သို့သေဆုံးရသော သူပုန်တို့ကို မြင်တွေ့ရပေလိမ့်မည်။ ထို့ကြောင့်လည်း သခင်ယေရှု သည် သူကိုယ်တိုင် ကားစင်တင်ခြင်းမခံရမီကတည်းကပင် "ကားတိုင်ကို ထမ်းကြလော့" ဆိုသည့်အမိန့်နှင့် ထူးခြားစွာ တိုက်တွန်းဟောပြော ခဲ့သည်။ ဤလူ့ကျင့်ဝတ်ဆိုင်ရာသင်ကြားမှုများကို သခင်ယေရှုပြနေသည့်အချိန်တွင် ကြီးစိုးနေသော ရေခံမြေခံအခြေအနေ မှာ ဖိနှိပ်ချုပ်ချယ်မှုနှင့် သိမ်းပိုက်အုပ်စိုးထားသောအာဏာ၏ အကြမ်းဖက်မှုပင်ဖြစ်လေသည်။

ရောမ၏ အကြမ်းဖက်မှုအား ယေရှု၏ ခေတ်ပြိုင်လူတို့ တုံ့ပြန်ပုံများမှ အတိုင်းအတာပုံစံကျယ်ဝန်းလှပါသည်။ ဟေရုဒ်မင်း (ယေရှုမွေးချိန်ရှိဟေရုဒ်မင်း၊ **(Herod the Great)**ဖြစ်စေ၊ ယေရှုသေဆုံးချိန်က ဟေရုဒ်မင်း **(Herod Antipas)** ဖြစ်စေ) ဗိမာန်တော်၏ အုပ်ချုပ်ရေးကို ထိန်းချုပ်ထားသော ဇဒ္ဒုကဲများ၊ အခွန်ကောက်ခံသူများတို့အားလုံးသည် ရောမစနစ်နှင့်အလိုက်အထိုက် လိုက်လျောစွာနေထိုင်ကြသည်။ သူတို့သည် ရောမနိုင်ငံ၏ အလုပ်ကို လုပ်ကြပြီး အုပ်စိုးသူ

စနစ်၏ အစိတ်အပိုင်းအဖြစ်အကျိုးစီးပွားခံစားကြရသည်။ တစ်ဖက်တွင်မူ နိုင်ငံရေး၊ ဘာသာရေးပြင်းထန်တက်ကြွသူများ **(Zealots)**သည် ဒေသတွင်းရှိ ရောမအစိုးရ၏အကျိုးစီးပွားများကိုတိုက်ခိုက်ကာ အကြမ်းဖက်မှုနှင့် တုံ့ပြန်ခြင်းကို လုပ်ဆောင်ကြသည်။ နောက်ဆုံးတွင်သူတို့၏ ကြိုးပမ်းမှုသည် အေဒီ (၆၆) တွင် အဓိက တော်လှန်ပုန်ကန်မှုကြီးဖြစ်လာပြီး၊ အေဒီ ၇၀ တွင် ရောမအစိုးရ၏ ချေမှုန်းခြင်းကိုခံရသည်။ အချို့သော သူတို့သည်လူ့အသိုင်းအဝိုင်း၏ ပဋိပက္ခများမှ ရှောင်ကြဉ်စွန့်ခွာနေလိုက်သည်။ ၎င်းတို့အထဲတွင် ယုဒသဲကန္တာရ **(Judean desert)** တွင်း ကွမ်ရန် **(Qumran)** လူစု အဖွဲ့အစည်းကိုတည်ထောင်ပြီး ကျော်ကြားသော ပင်လယ်သေရှေးစာခွေများ **(Dead Sea Scrolls)** ကို ပြုလုပ်ဖော်ဆောင်ခဲ့သော **(Essenes)** အဖွဲ့လည်း ပါဝင်ပါသည်။ သခင်ယေရှု၏ ခေတ်မှ ဖာရိရှဲများစွာတို့သည်လည်း ဘာသာရေးရှုတောင့်မှ နေပြီး လူမှုဝန်းကျင်ကို ရှောင်ဖယ်စွန့်ခွာလျက်နေကြသည်။ သူတို့မှာ ဘာသာတရားကိုင်းရှိုင်းမှု မြင့်မားသောအဆင့်ရှိသည်။ သူတို့၏ ဘုရားတရားကိုင်းရှိုင်းမှုသည် သူတို့ပတ်လည်ရှိဒုက္ခခံစားရမှုတို့နှင့် ဆက်စပ်မှုမရှိပါ (လုကာ ၆း၆-၁၁ နှင့် ၁၃း၁၀-၁၇ တွင် သူတို့နှင့် ယေရှု၊ သဘောထားချင်း ပဋိပက္ခဖြစ်သည့် ဥပမာကို ကြည့်ပါ။)

"မိမိရန်သူများကို ချစ်ရမည့်အကြောင်း" သခင်ယေရှုပြောသည်မှာ ဖမ်းရခက်သော စိတ်ကူးယဉ်လောကအတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ အလွန်ခက်ခဲကြမ်းတမ်းပြီး အကြမ်းဖက်သော ကမ္ဘာကြီးအတွက် ဖြစ်ပါသည်။ ရန်သူများအပေါ် ထားရှိရမည့် ချစ်ခြင်းမေတ္တာပုံသဏ္ဌာန်အား သခင်ယေရှု ပေးထားသော သီးခြားဥပမာများ အချို့တွင်ပုံဖော်ပြထားပါသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

- အတန်းသားများထဲတွင်ကျမ်းစာကို အလေးအနက်လေ့လာပြီး ကျမ်းပိုဒ်ကို အသေးစိတ် စိတ်ဝင်စားသူရှိပါက မဿဲ (၅း၃၉) မှာ ပါသော "အဆိုး" အတွက် အဓိပ္ပာယ်ကောက်ရွေးစရာ သုံးမျိုးကို ပြောပြပါ။ (အောက်မှာရှိ အရေးကြီးသောအချက်များကိုကြည့်ပါ) ဤမေးခွန်းကို ဆွေးနွေးပါ ဤအခန်းငယ်အား"အဆိုးကို (သို့)မကောင်းသူကို မဆန့်ကျင်နှင့်" ဟု အဓိပ္ပာယ်ပြန်လျှင် (သို့) "မကောင်းသော နည်းလမ်းဖြင့် ပြန်မခုခံနှင့်" ဟု အဓိပ္ပာယ်ကောက်သည်ဆိုလျှင် ကျွန်ုပ်တို့၏လုပ်ရပ်အတွက် မည်သည့်ကွဲပြားသောညွှန်းဆိုမှုများရှိနေပါသလဲ။

- အဖွဲ့သုံးဖွဲ့ခွဲပါ။ တစ်ဖွဲ့စီအား ဤစာပိုဒ်ပါ အခန်းငယ်တစ်ခုအတွက် ညွှန်ကြားချက်တစ်စုံပေးပါ။ (နောက်စာမျက်နှာများကို ကြည့်ပါ။) အဖွဲ့တစ်ဖွဲ့စီသည် ကျမ်းပိုဒ်အတွက် ယဉ်ကျေးမှုဆိုင်ရာ ရေခံမြေခံအခြေအနေကို လေ့လာမည်။ အဖွဲ့များသည် သင်ကြားမှုကိုသရုပ်ဖော်ရန် နည်းလမ်းနှစ်ခုကို ရှာဖွေရမည်ဖြစ်ပြီး ကျမ်းပိုဒ်က ဘာပြောချင်ကြောင်း သူတို့နားလည်မှု အပေါ် ဝေဖန်ချက်သုံးသပ်ချက်များပေးရပါမည်။ အဖွဲ့သည် ဖြစ်နိုင်လျှင် ၎င်းအခန်းငယ်တွင် ယေရှု သင်ကြားသောအာဘော်ကို ရောင်ပြန်ဟပ်နေသော ခေတ်ပြိုင်ဥပမာတစ်ခုကို ပေးရပါမည်။

- အဖွဲ့တစ်ဖွဲ့စီအတွက် ဤအပိုင်းအဆုံးတွင်တင်ပြထားသော ယဉ်ကျေးမှုဆိုင်ရာနောက်ခံနှင့် မေးခွန်းများကို ကူးပေးပါ။ အဖွဲ့များသည် သူတို့၏ အုပ်စုအလုပ်အတွက် မိနစ်(၂၀) အချိန် ရသင့်သည်။ သူတို့၏ ပြဇာတ်တိုအတွက် အချိန်ပိုလိုအပ်ပါက ပိုကြာကြာ အချိန်ပေးပါ။

- အဖွဲ့ကြီးသို့လူစုံပြန်ရောက်လာသောအခါ တဖွဲ့စီအား သူတို့၏ တင်ပြချက်ကို အစဉ်အလိုက်တင်ပြစေပါ။

တင်ပြချက်များပြီးသည့်နောက်အတန်းသားအားလုံးအား "မိမိရန်သူကိုချစ်ရန်" နည်းလမ်းများ စာရင်းတစ်ခုပြုစုစေပါ။ ၄င်းစာရင်းတွင် အဖွဲ့တင်ပြချက်များမှ ဥပမာများထဲမှ ဆွဲယူခြင်းများအပါအဝင်ဖြစ်စေပါ။

**အရေးကြီးသော အချက်များ**

➯ မူလဂရိဘာသာမှ ဓမ္မသစ်ကို ဘာသာပြန်ခဲ့ကြသော ကျမ်းတတ်ပုဂ္ဂိုလ်များသည် မဿဲ (၅း၃၉) မှ "ဆိုးသော" (နှောင့်ယှက်သော) ဆိုသည့် "Ponero" စကားလုံးနှင့်ပတ်သက်၍ ဖြစ်နိုင်သည့် ဘာသာပြန်ဆိုချက်သုံးခုကို ရွေးစရာရှိပါသည်။ ဂရိသဒ္ဒါသဘောတရားအရ သုံးမျိုးသုံးနည်းဘာသာပြန်နိုင်သည်။ ထို့ကြောင့် ရေခံမြေခံအခြေအနေနှင့် ပြောထားသည့် အဓိပ္ပာယ်ကိုကြည့်ပြီး ဆုံးဖြတ်ချက်ချရန်လိုအပ်ပါသည်။

ပထမရွေးချယ်စရာမှ Ponero ကို "အဆိုး" (သို့) 'ဆိုးသောသူ' ဟု ဘာသာပြန်ဘို့ရှိပါသည်။ ထို့ကြောင့် ၄င်းအခန်းငယ်အား "အဆိုးကိုမခုခံနှင့်" (သို့) "ဆိုးသူကိုမခုခံနှင့်" ဆိုသည့် အဓိပ္ပာယ်နှင့် ဖတ်ရပါမည်။ ဘာသာပြန်ချက်များစွာက ဤရွေးချယ်မှုကို ယူကြသည် "Ponero" ဆိုသည့်စကားလုံးကို ဂရိသဒ္ဒါအားဖြင့် လက်ခံပြပုဒ်အနေဖြင့် မြင်ခြင်းအားဖြင့် ထိုသို့ရွေးချယ်ခြင်းဖြစ်သည်။ သို့ရာတွင် ယာကုပ်(၄း၇) ကမူ "မာရ်နတ်ကိုဆီးတားကြလော့"ဟု ပြောထားပါသည်။ ရှင်ယာကုပ်သြဝါဒစာသည် ယေရှု၏ တောင်ပေါ်ဒေသနာကို သံယောင်လိုက်ထားခြင်းများစွာပါရှိလေရာ၊ ဤဘာသာပြန်ရွေးချယ်မှုသည် ယာကုပ်ပြောနေသည့်ကြောင်းခြင်းရာနှင့် ကျိုးကြောင်းဆီလျော်မှုသိပ်မရှိပါ။ ထို့ပြင် ယောဟန်(ပ)-(၃း၈)မှာ "မာရ်နတ်အမှုဘို့ကို ပယ်ဖျက်ခြင်းငှာ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏" ဟုပြောထားပြန်သည်။ ခရစ်ယာန်များကို ရှင်ယာကုပ်၏ တိကျပြတ်သားသော အမိန့်ထက်ရော၊ ခရစ်တော်ကြွလာခြင်း၏ အဓိက ရည်ရွယ်ချက်အဖြစ် ရှင်ယောဟန်သရုပ်ဖော်ထားခြင်းထက်ပါ အဆိုး ကိုမခုခံခြင်းက များစွာပို၍ နှိမ့်ချမှုရှိပါသည်။

ဒုတိယရွေးချယ်စရာမှာ ဂရိစကားလုံး "Ponero"ကို "မကောင်းမှုနယ်ပယ်" (သို့) "မကောင်းမှုလောက" ဟု ပြန်ဆိုရန်ဖြစ်ကာ သဒ္ဒါသဘောအရ နေရာပြပုဒ်အဖြစ်အဓိပ္ပာယ်ကောက်ယူခြင်းဖြစ်သည်။ ဘာသာပြန်ဆိုမှုအား "မကောင်းမှုနယ်ပယ်တွင် မခုခံနှင့်" ဟုဖတ်ရပါမည်။ ဤသို့ ဘာသာပြန်ဆိုမှုသည် အလွန်ပင် ကို့ယို့ကားယားနိုင်သောကြောင့် ဖြစ်နိုင်ခြေမရှိပါ။ ပထမရွေးချယ်မှုအတိုင်းပင်တူညီသော ပြဿနာများလည်းရှိနေပါသည်။

တတိယရွေးချယ်စရာမှာ ဂရိသဒ္ဒါသဘောအားဖြင့် "ကိရိယာတန်ဆာပလာဖြစ်ခြင်း" ပုဒ်ဖြစ်သည်။ ၄င်းမှာ လုပ်ဆောင်မှုတစ်ခုဖြစ်ပေါ်ရန် လိုအပ်သော ကိရိယာတန်ဆာသဘော အသုံးပြုသောနည်းလမ်းဟု ဆိုလိုသည်။ "Ponero" ကိုဘာသာပြန်ဆိုမှုမှာ "မကောင်းသောနည်းလမ်းဖြင့်" ဖြစ်လိမ့်မည်ဖြစ်ပြီး ကျမ်းပိုဒ်အား "မကောင်းသောနည်းလမ်းဖြင့် ပြန်မခုခံနှင့်" ဟု ဖတ်ရပါမည်။ဤပြန်ဆိုမှုသည် လျင်မြန်စွာနားလည်နိုင်သော အဓိပ္ပာယ်ကိုရရှိပြီး အနီးဝန်းကျင်ရှိ အခန်းငယ်များ၏ အဓိပ္ပာယ်နှင့်လည်းကျိုးကြောင်း ညီညွတ်အဆင်ပြေပါသည်။ ဤတတိယဘာသာပြန်ဆိုမှုကိုရွေးချယ်ခြင်းသည် ရောမ (၁၂း၂၁) တွင် "အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့"ဟု ရှင်ပေါလု၏ရေးသားမှုအရ သွန်သင်မှုနှင့်လည်း ညီညွတ်ကိုက်ညီပါသည်။ ***သင်ခန်းစာ၏ ထိုးထွင်းအမြင်*** - **မကောင်းမှုအား ခုခံရမည့်အပြင် ကျော်လွှားအနိုင်ယူရပါမည်၊ သို့ရာတွင် အသုံးပြုသော နည်းလမ်းမှာ မကောင်းသော နည်းလမ်းဖြင့် မဟုတ်ဘဲ၊ ကောင်းသော နည်းလမ်းအားဖြင့်သာဖြစ်ရပါမည်၊**

- သခင်ယေရှုသည် အာဏာမဲ့သူများ အဖြစ်မြင်ရသောသူများ၊ သူတို့ကိုယ်သူတို့လည်း အာဏာမဲ့သူဟု သိနေသူများကို သင်ကြားဟောပြောနေခြင်းဖြစ်သည်။ သူ့ကိုနားထောင်နေသူများသည် သူတို့၏ နိမ့်ကျသောအဆင့်ကြောင့် ပါးပုတ်ခံနေရသူများ၊ သူတို့သိပ်ဆင်းရဲသောကြောင့် သူတို့အကျီအတွက် လူတွေနှင့်တရားဆိုင်နေရသူများ၊ သိမ်းပိုက်အုပ်စိုးနေသောစစ်တပ်အတွက် ပစ္စည်းထမ်းပေးရန် နှိပ်ကွပ်ခံနေရသူများစသည်တို့ဖြစ်လေသည်။ သူတို့မှာ ရွေးချယ်စရာရှိကြောင်း သခင်ယေရှုက သူတို့ကို ပြောပြနေသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **ပြင်းထန်သော ဖိနှိပ်မှုအခြေအနေများတွင်ပင် ကြံဖန်ပြီး ဖန်တီးလုပ်ဆောင်နိုင်သောစွမ်းအင် ကျွန်ုပ်တို့အားလုံးမှာ ရှိကြပါသည်။**

- Glen Stassen သည် တောင်ပေါ်ဒေသနာအားဖြင့် သခင်ယေရှုသင်ကြားပေးသော အကြမ်းဖက်မှုကို တုံ့ပြန်ရန် ရွေးချယ်မှုကိုရှင်းပြရန် "အသွင်ပြောင်းလဲသွားစေသည့် အစပျိုးခြေလှမ်းများ" ဆိုသည့်စကားကို အသုံးပြုပါသည်။ သခင်ယေရှုသည်သူ့ကို နားထောင်နေသူများအား (သူတို့အာဏာမဲ့သော အခြေအနေတွင်ပင်) အစပျိုးခြေလှမ်းကို လှမ်းရန် စိမ်ခေါ်နေသည်။ သခင်ယေရှု၏ နောက်လိုက်များသည် လွှမ်းမိုးအုပ်စိုးနေသော အာဏာရှင်များမျှော်လင့်မှုအတိုင်းမဟုတ်သော နည်းလမ်းသစ်များဖြင့် ပြုမူလုပ်ကိုင်ရပါမည်။ (ဤသို့ လုပ်ဆောင်မှုကို Walter Wink သည် "တိုက်ခိုက်ခြင်း (Fight)" (သို့) " ထွက်ပြေးခြင်း (Flight)" နှင့် ဆန့်ကျင်သော "ယေရှု၏ တတိယနည်းလမ်း (Third Way)"ဟု ပြောပါသည်။) သူတို့၏ အစပျိုးခြေလှမ်းများသည် အသွင်ပြောင်းလဲခြင်းလည်းရှိရပါမည်။ အကြမ်းဖက်မှုသံသရာကို ဆက်လက်လည်ပတ်နေစေမည့်အစား ဤဆန်းသစ်မှုရှိသော လုပ်ဆောင်မှုများသည် ဒုက္ခခံစားနေရသူနှင့် ညှင်းပန်းနှိပ်စက်သူ နှစ်ဦးစလုံး၏ လူသားချင်းစာနာမှုကို အတည်ပြုသင့်ပါသည်။ မကောင်းမှုကို ထုတ်ဖော်ရမည်။ ဆန့်ကျင်ရမည်။ သို့ရာတွင် နောင်တရမှု၊ ပြန်လည်သင့်မြတ်မှုနှင့်တရားမျှတမှုရှိခြင်းသို့ တံခါးဖွင့်ပေးသောနည်းလမ်းဖြင့်ဖြစ်ရပါမည်။ ချစ်ခြင်းမေတ္တာသည် အသွင်ပြောင်းလဲစေသော အစပျိုးခြေလှမ်း များ၏ အနှစ်သာရဖြစ်သောကြောင့် ဆက်ဆံရေးများလည်းပြောင်းလဲသွားကြသည်။ သခင်ယေရှု သင်ကြားပေးသော လုပ်ဆောင်မှုများအားလုံးသည် ၎င်းချစ်ခြင်းမေတ္တာအား တီထွင်ဆန်းသစ်မှုရှိသော အံ့ဩဘွယ်ကောင်းသော ပုံဆောင်မှုကိုပေးပါသည်။ *သင်ခန်းစာမှထိုးထွင်း အမြင်* - **ဖိနှိပ်ချုပ်ချယ်မှုရှိသောအခြေအနေများတွင် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများသည် မျှော်လင့်ချက်လုံးဝရှိပုံမရသော ဆက်ဆံရေးများကိုပင် အကောင်းဖက်သော အပြောင်းအလဲကို ဖြစ်လာစေနိုင်ပါသည်။**

အဖွဲ့ (၁) - ညွှန်ကြားချက် ။ ။ သင်၏ ပါးညာဘက်ကို သူတပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။

### ယဉ်ကျေးမှုဆိုင်ရာနောက်ခံ

ညာဘက်ပါးကို ရိုက်ကြောင်း အတိအကျ ပြောခြင်းဖြင့် သခင်ယေရှုသည် ပါးကို နောက်ပြန် ရိုက်ခြင်း အနေဖြင့် ရည်ညွှန်းနေသည်၊ အဘယ်ကြောင့်ဆိုသော် လက်ပြန်ရိုက်ခြင်းအားဖြင့်သာ ညာဖက်ပါးကို မိမိ၏ ညာဘက်လက်ဖြင့်ရိုက်နိုင်ပါသည်။ လူတစ်ဦးအား လက်ပြန်ရိုက်ခြင်းသည် အထက်လွှာမှလူက အောက်လွှာကလူကို ပြုမူခြင်းတစ်ရပ်ဖြစ်ပါသည်။ သခင်ယေရှု၏ခေတ်တွင် ထိုသို့ပြုခြင်းမှာ ရောမသားက ယုဒလူကိုပါးရိုက်ခြင်း၊ သခင်က ကျွန်ကိုပါးရိုက်ခြင်း၊ ယောကျ်ားကမိန်းမကို ပါးရိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ခေတ်ပြိုင်ယုဒလူမျိုးတို့၏ တရားဥပဒေရေးရာ ရေးသားမှုတွင် အလွှာတူအချင်းချင်း လက်သီးနှင့်ထိုးလျှင်ငွေအနည်းငယ် ဒါဏ်တပ်မှုရှိပါသည်။ အောက်တန်းစားလွှာကို ပါးရိုက်ခြင်းဖြင့် ဒါဏ်တပ်မှုမရှိပါ။

ထိုလုပ်ရပ်သည် အထက်လွှာတစ်ဦး အနေနှင့် ၎င်း၏ အခွင့်အရေးဖြစ်သည်။ သို့သော် တစ်စုံတစ်ယောက်က မိမိနှင့် အလွှာတူသူကို လက်ပြန်ရိုက်ခဲ့ပါက အရိုက်ခံရသူသည် သူ့ဂုဏ်သိက္ခာကို အစော်ကားခံရသောကြောင့် နစ်နာမှုအတွက် တရား စွဲဆိုနိုင်ပါသည်။

*လေ့လာရန်မေးခွန်းများ -*

- ✦ ပါးရိုက်ခံရသူ မည်သူဖြစ်မည်နည်း။ ပါးရိုက်ခြင်း လုပ်ဆောင်မှုအားဖြင့် သိရှိစေသော အမှာ စကားမှာ ဘာဖြစ်မည်နည်း။
- ✦ ပါးတစ်ဘက်ကို လှည့်ပေးသူသည် အောက်အလွှာအနေအထားကို ယူထား ပါသလား (ဘာဖြစ်နေသည်ကို လူတိုင်းတွေ့မြင်စေနိုင်ရန် အဖွဲ့သားများသည် ဂရုတစိုက် နှင့် သရုပ်ဆောင်စေပါ)
- ✦ ခြိမ်းခြောက်မှုကို ငြင်းခုံခုခံခြင်းဖြင့် မည်သည့်အခွင့်အရေးကိုတောင်းဆိုရာရောက်ပါသလဲ။
- ✦ ပါးနောက်တစ်ဖက်လှည့်ပေးသူသည် ခုဆိုလျှင် အလွယ်တကူ နောက်ပြန်ရိုက်ခြင်းထပ်ခံရ နိုင်ပါသလား။
- ✦ ရုပ်ပိုင်းဆိုင်ရာ မည်သည့်တန်ပြန်တိုက်ခိုက်မှုကို ပြုလုပ်နေပါသလဲ။ ဤကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုအတွက် လူမှုရေးအဆင့်အတန်းဆိုင်ရာ အခြေခံယူဆချက်က ဘာဖြစ်မည်လဲ။
- ✦ ပါးနောက်တစ်ဖက်ကို လှည့်ပေးသူသည် ပါးရိုက်သူ၏ လူ့တန်ဖိုးအဆင့်အတန်းကို လျော့နည်းသွားစေရန် တစ်စုံတစ်ရာလုပ်ပါသလား။ ဤရှိုးရှင်းသော အပြုအမူတွင် ဆက်ဆံရေးအတွက် မည်သည့် ဖြစ်နိုင်ခြေအသစ်များကို တင်ပြထားပါသလဲ။

*တင်ပြမှုအတွက်ပြင်ဆင်မှု*

- ☛ သခင်ယေရှု၏ ဤသင်ကြားချက်ကို တင်ပြရန် သရုပ်ပြမှု (သို့) ပြဇာတ်တိုကို ဖော် ဆောင်ပါ။ တီထွင်ဖန်တီးမှုပြုပါ။ သခင်ယေရှု၏ ခေတ်ဖြစ်စေ (သို့) သင်၏ လက်ရှိအခြေအနေမှဖြစ်စေ အပြင်အဆင် ဆက်တင်ကို တင်ပြနိုင်ပါသည်။
- ☛ ဖြစ်နိုင်ပါက သခင်ယေရှုသင်ကြားပေးသော အာဘော်ကို ရောင်ပြန်ဟပ်သော ယနေ့ခေတ်ပြိုင် ဥပမာ (သို့) ဖြစ်ရပ်၊ အချို့ကို ထောက်ပြပါ။
- ☛ သင့်အဖွဲ့ထဲမှ လူများ ပြုလုပ်ခဲ့ခြင်း၊ မြင်တွေ့ခဲ့ရခြင်း၊ ကြားခဲ့ရခြင်း တစ်ခုခု ဖြစ်နိုင်ပါသည်။

အဖွဲ့ (၂) - ညွှန်ကြားချက် ။ ။ သင့်အင်္ကျီကို ယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါအခွင့်ပေးဦးလော့။

**ယဉ်ကျေးမှုဆိုင်ရာနောက်ခံ**

ထွက်မြောက်ရာ (၂၂း၂၅-၂၇) နှင့် တရားဟောရာ (၂၄း၁၀-၁၃) ကို ဖတ်ပါ။ သခင်ယေရှုခေတ်မှ ကျေးလက်တောရွာ စီးပွားရေးသည် မြေပိုင်ရှင်ကြီးများပေါ်တွင် တည်ဆောက်ထားသည်။ မြေပိုင်ရှင်ကြီးများထံတွင် သူတို့၏ လယ်မြေပေါ်မှာ လုပ်နေသော ဆင်းရဲသား သီးစားလယ်သမား မြောက်များစွာရှိလေသည်။ သီးစားလယ်သမားများသည် ကျွန်နီးပါးအခြေ အနေနှင့်အသက်ရှင်နေကြ သည်။ သခင်ယေရှု၏ ဩဝါဒပုံဆောင်မှုများစွာသည် ဤစီးပွားရေးစနစ်ကို ရောင်ပြန်ဟပ်သည်။ လူတစ်ယောက်ငွေချေးရာတွင် (ဥပမာအားဖြင့် နောက်ရာသီသီးနှံစိုက်ရန် မျိုးစေ့အတွက်) ချေးငွေပြန်ဆပ်ရန်

အာမခံပစ္စည်းအဖြစ် အင်္ကျီကိုပေးရပါမည်။ အကြောင်းမှာ ၄င်းဆင်းရဲသားတွင် သူကျောပေါ်မှ အဝတ်အစားများမှ လွဲ၍ အခြားပစ္စည်း မရှိသလောက်ပင်ဖြစ်သောကြောင့်တည်း။ ဤကြွေးမြီစနစ်မှာ တင်းကျပ်လွန်းသောကြောင့် Zealots များ အေဒီ(၆၆)တွင် ပုန်ကန်သောအခါ ယေရုရှလင်မြို့ကို သိမ်းပိုက်ပြီးနောက် သူတို့၏ ပထမဆုံးသော လုပ်ရပ်မှာ ဗိမာန်တော်အတွင်းရှိသိမ်းဆည်းထားသော ကြွေးမြီစာရင်းမှတ်တမ်းကို မီးရှို့လိုက်ခြင်းဖြစ်ပါသည်။ တင်းကျပ်စွာ ထိန်းချုပ်မှုကို ထိန်းသိမ်းခြင်း တစိတ်တဒေသအနေဖြင့် ကြွေးမြီများကို ဤသို့တရားဥပဒေဘောင်အတွင်းမှ ဂရုတစိုက်မှတ်တမ်းတင်ထားပါသည်။

**လေ့လာရန်မေးခွန်းများ -**

- ✦ အင်္ကျီအတွက် တရားစွဲခံရသူသည် မည်သူနည်း။ လူချမ်းသာလား။ ဆင်းရဲသားလား။
- ✦ ဤအရေးယူမှု ဘာကြောင့်လုပ်ရပါသလဲ။
- ✦ ယေရှုက ဘာလုပ်ဖို့ပြောပါသလဲ။ အင်္ကျီပေးလိုက်ရသူမှာ ဘာကျန် ရှိမလဲ။
- ✦ ဤအရေးယူလုပ်ဆောင်မှုသည် အခြေခံစီးပွားရေးဆိုင်ရာ လက်တွေ့အခြေအနေအကြောင်း ဘာပြောနေပါသလဲ။
- ✦ ယုဒယဉ်ကျေးမှုတွင် အဝတ်အချည်းစည်းဖြစ်ခြင်းကို မည်သူက အရှက်ရပါသလဲ၊ အဝတ်အချည်းစည်းရှိသူလား၊ အဝတ်အချည်းစည်းရှိနေခြင်းကို မြင်ရသူလား (သို့) အဝတ်အချည်းစည်းဖြစ်အောင်ပြုလုပ်သူလား။ (အဝတ်အချည်းစည်းဖြစ်ခြင်းနှင့် သက်ဆိုင်၍ စာရိတ္တဆိုင်ရာ အပြစ်ရှိမှု နှင့် အရှက်ရမှု မည်သူ့ထံမှာ ကျရောက်ကြောင်း ဥပမာများအတွက် ကမ္ဘာဦးကျမ်း (၉း၁၈-၂၇)၊ ယောဘ (၂၂း၆) နှင့် ဟဗက္ကုတ် (၂း၁၅) ကိုကြည့်ပါ)
- ✦ ဤကဲ့သို့ အဝတ်အချည်းစည်းရှိနေမှုကြောင့် အရှက်ရခြင်းအားဖြင့် မည်သည့် စာရိတ္တဆိုင်ရာအမှာစကားကို ပေးထားပါသနည်း။
- ✦ အင်္ကျီအတွက် တရားစွဲထားသူသည် ယခုဆိုလျှင် မည်သည့်ရွေးချယ်မှုကို ရင်ဆိုင်ရပါသလဲ။

**တင်ပြမှုအတွက်ပြင်ဆင်ခြင်း**

- ☛ သခင်ယေရှု၏ ဤသင်ကြားမှုကိုတင်ပြရန် သရုပ်ဆောင်မှု(သို့) ပြဇာတ်တိုကိုဖော်ဆောင်ပါ။ တီတွင်ဖန်တီးမှုရှိပါ။
- ☛ သခင်ယေရှုခေတ်မှ ဖြစ်စေ (သို့) သင့်လက်ရှိအခြေအနေမှဖြစ်စေ အပြင်အဆင် ဆက်တင်ကို တင်ဆက်နိုင်ပါသည်။
- ☛ ဖြစ်နိုင်ပါက သခင်ယေရှုသင်ကြားပေးသောအာဘော်ကို ရောင်ပြန်မေသော ယနေ့ခေတ်ပြိုင်ဥပမာ (သို့) ဖြစ်ရပ်အချို့ကို ထောက်ပြပါ။ သင့်အဖွဲ့ထဲမှ လူများပြုလုပ်ခဲ့ခြင်း မြင်တွေ့ခဲ့ခြင်း (သို့) ကြားခဲ့ရခြင်း တစ်ခုခုဖြစ်နိုင်ပါသည်။

အဖွဲ့ (၃) - ညွှန်ကြားချက် ။ ။ **အကြင်သူသည် သင့်ကို အနိုင်ပြု၍ ခရီးတစ်တိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။**

**ယဉ်ကျေးမှုဆိုင်ရာနောက်ခံ**

သိမ်းပိုက်ထားသော ရောမတပ်ဖွဲ့များသည် ပြည်သူများအား သူတို့၏ ဝန်ထုပ်များကို သယ်ထမ်းခိုင်းနိုင်သည်။ သို့ရာတွင် ရောမ မိုင် (Milion) တစ်မိုင်အတွက်သာ ထမ်းခိုင်းနိုင်သည်။ (Milion) မှာ ခြေလှမ်း(၁၀၀၀)ခန့်မျှသော အကွာအဝေးဖြစ်သည်။ (Milion မှ အင်္ဂလိပ်စကား "mile" ဖြစ်လာသည်) ဤလုပ်ဆောင်မှုသည် ရောမနိုင်ငံ၏ စစ်တပ်

အင်အားကြီးစိုးမှုကို အားဖြည့်ပေးသည်။ သို့ရာတွင် ဤလုပ်ဆောင်မှု၏ကန့်သတ်ချက်သည် ရောမဥပဒေ၏အရေးပါမှုကိုလည်း အလေးပေးထားသည်။ ပြည်သူများကို ဝန်ထုပ်ထမ်းခိုင်းခြင်းကို အကန့်အသတ်ပြုထားသော ဤသီးခြားဥပဒေသည် သိမ်းပိုက်ခံရသောလူထုအတွင်း ရန်လိုမှု အနည်းဆုံးရှိစေရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် ယုဒလူမျိုးတို့ကမူ ဤအချက်ကို ရောမလူမျိုးတို့၏ ရွံ့မုန်းစရာ ကောင်းသော ဖိနှိပ်မှု နောက်ထပ် ပုံစံတစ်မျိုးအနေဖြင့်သာ ရှုမြင်ကြလေသည်။

လေ့လာရန်မေးခွန်းများ -

- ✦ မည်သူသည် တစ်မိုင်သွားရန် အစမ္ဘခိုင်းခြင်းခံရမည်နည်း။
- ✦ မိမိဝန်ထုပ်ကို တစ်စုံတစ်ယောက်အား အတင်းထမ်းခိုင်းသော စစ်သားသည် ဘယ်လိုခံစားရမည်လဲ။ ဝန်ထုပ်ထမ်းရန်စေခိုင်းခံရသူကရော ဘယ်လိုခံစားရမည်လဲ။
- ✦ ဤဆက်ဆံရေး၏ သဘောသဘာဝက ဘာဖြစ်ပါသလဲ။
- ✦ ဝန်ထုပ်ထမ်းရန် အစမ္ဘခိုင်းစေခြင်းခံရသူက ဒုတိယမိုင်ကို စတင်လျှောက်သွားသောအခါ ၎င်းဆက်ဆံရေး မည်သို့ပြောင်းသွားသလဲ။
- ✦ ဥပဒေက ဝန်ထုတ်ထမ်းခြင်းကို တစ်မိုင်အထိ ကန့်သတ်ထားပါက ရောမစစ်သားအနေနှင့် မည်သည့် အကြပ်အတည်းကို ရင်ဆိုင်ရပါသလဲ။ စစ်သားက ဘယ်လိုခံစားရမလဲ။
- ✦ အခြေအနေကို ဘယ်သူထိန်းချုပ်ထားပါသလဲ။ ဤလုပ်ဆောင်မှုကြောင့် မည်သည့် ဆက်ဆံရေးအခွင့်အရေးကို တောင်းဆိုမှု ရှိလာပါသလဲ။

တင်ပြမှုအတွက်ပြင်ဆင်ခြင်း

- ☛ သခင်ယေရှု၏ ဤသင်ကြားမှုကိုတင်ပြရန် ပြဇာတ်တို တခုဖော်ဆောင်ပါ။ တီထွင်ဖန်တီးမှုရှိပါ။ သခင်ယေရှု၏ ခေတ်ဖြစ်စေ(သို့)သင်၏ လက်ရှိအခြေအနေဖြစ်စေမှ အပြင်အဆင် ဆက်တင်ကို စီစဉ်နိုင်ပါသည်။
- ☛ ဖြစ်နိုင်ပါက သခင်ယေရှုသင်ကြားပေးသောအာဘော်ကို ရောင်ပြန်ဟပ်သော ယနေ့ခေတ်ပြိုင်ဥပမာ (သို့) ဖြစ်ရပ်အချို့ကိုထောက်ပြပါ။ သင့်အဖွဲ့ထဲမှ လူများပြုလုပ်ခဲ့ခြင်း မြင်တွေ့ခဲ့ရခြင်း၊ ကြားခဲ့ရခြင်း တစ်ခုခုဖြစ်နိုင်ပါသည်။

---

# အ ပိုင်း (၁၄)

## ရန် သူ ကို အ စား အ စာ ကျွေး ခြင်း
## (FEEDING THE ENEMY)

ကျမ်းပိုဒ် 📖 ဓမ္မရာဇဝင်(စ) (၆း၈-၂၃)

**နောက်ခံဇာတ်လမ်း**

ဒါဝိဒ်မင်းကြီးနှင့် ရှောလမုန်မင်းကြီးတို့အုပ်စိုးမှု၏ နောက်ပိုင်းတွင် ဣသရေလအမျိုးသားတို့သည် နိုင်ငံနှစ်နိုင်ငံသို့ ကွဲထွက်သွားပါသည်။ မြောက်ပိုင်းတွင် ဣသရေလနိုင်ငံနှင့်တောင်ပိုင်းတွင် ယုဒပြည်တို့ဖြစ်လေသည်။ ဤဇာတ်ကြောင်းဖြစ်ပျက်သည့်အချိန်အတွင်း ဧလိရှဲသည် ဣသရေလပြည်၏ အဓိက ပရောဖက်ဖြစ်ပါသည်။ ရှုရိပြည်သည်ဣသရေလပြည်၏ မြောက်ဘက်တွင်ရှိကာ ဣသရေလပြည်နှင့် ယုဒပြည်နှစ်ပြည်စလုံးနှင့် မကြာခဏ ပဋိပက္ခဖြစ်လေ့ရှိသော ဒေသတွင်းတန်ခိုး အာဏာကြီးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့် မေးခွန်းများ**

- ☛ လေ့လာမှုကို လမ်းညွှန်ရန်ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူ ကျမ်းပိုဒ်ကို ဖတ်ပြီးဆွေးနွေးရန် အဖွဲ့ငယ်များဖွဲ့ပါ။အတူလုပ်ဆောင်ရန် အဖွဲ့ကိုမိနစ်(၃၀)ခွင့်ပြုပါ။
- ☛ ထို့နောက် သူတို့လေ့လာသိရှိရသည်ကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ ကိုဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား ဇာတ်ကြောင်းတစ်ခုလုံးကို ပြန်မပြောစေဘဲ ကျမ်းပိုဒ်မှရသောထိုးထွင်းအမြင်ကို ဝေမျှခံစားစေပါ။
- ☛ အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောမိဘဲ ကျန်နေသည့် အခြားအချက်များကို ဦးဆောင်သူက ထောက်ပြပြီး အဆုံးသတ်အကျဉ်းချုပ်ကိုပြောပြနိုင်သည်။

**အဖွဲ့ငယ်လေ့လာမှုတွင် အသုံးပြုရန် မေးခွန်းများ -**

- ✦ ပဋိပက္ခ၏ သဘောသဘာဝကားအဘယ်နည်း။
- ✦ ဤပဋိပက္ခတွင် ဘုရားသခင်၏ အံ့သြဖွယ်ရာ လုပ်ဆောင်မှုကားအဘယ်နည်း။
- ✦ ရှုရိစစ်တပ်က မျက်စိမမြင်ကြသောအခါ အခြေအနေကို ပြောင်းသွားစေရန် ဧလိရှဲသည် မည်သည့် လုပ်ဆောင်မှုပြုပါသလဲ၊ ဧလိရှဲ၏ လုပ်ဆောင်မှုသည် ဤသို့သော ပဋိပက္ခမျိုးမှာ လုပ်လေ့ရှိသော အပြုအမူမျိုးထဲမှ မည်သို့လွတ်သွားစေပါသနည်း။
- ✦ ရှုရိစစ်တပ်ကို တုံ့ပြန်ရန် မည်ကဲ့သို့သော လုပ်ဆောင်မှုမျိုး ရှိလိမ့်မည်ဟု ယူဆရပါသနည်း။ဧလိရှဲ၏ လုပ်ဆောင်မှုမှ ရလဒ်ကားအဘယ်နည်း။

ဒေါသန်မြို့မှ ရှမာရိမြို့အထိ တစ်လမ်းလုံးမျက်စိမမြင်သော စစ်တပ်တစ်တပ်ကို ဦးဆောင်ခေါ်လာခဲ့ရန် ဧလိရှဲအတွက် မည်သို့သော မြင်ကွင်းဖြစ်ခဲ့လိမ့်မည်ကို ဇာတ်ကြောင်းကို အစီရင်ခံရာမှာ သရုပ်ဆောင်ပြပါ။ (ဒေါသန်မှ ရှမာရိအထိ

အကွာအဝေးမှာ(၁၈)ကီလိုမီတာမျှရှိသည်) ဤမျှဝေးသော ခရီးကို လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ပရောဖက်တစ်ဦးအနေနှင့် ထောင်နှင့်မဟုတ်တောင်၊ ရာနှင့်ချီသော မမြင်မကမ်းစစ်သားများကို ခေါ်ဆောင်လာခဲ့ခြင်း၏ ထူးဆန်းမှုကို အတန်းသားများ ခံစားကြည့်ရန်ကူညီပါ။ စစ်သားများသည် တန်းရှည်ကြီးစီပြီးလာခဲ့ခြင်းဖြစ်နိုင်သည်။ ရှေ့ဆုံးမှ ဧလိရှဲ ဦးဆောင်လာရာမှစပြီး နောက်လူက ရှေ့လူ၏ ပုခုံးကိုကိုင်ကာလိုက်လာခဲ့ခြင်းဖြစ်နိုင် သည်။ ရှုရိလူများသည် သူတို့မျက်စိပြန်ဖွင့်သောအခါ၊ လက်နက်မဲ့အခြေအနေနှင့် ရန်သူ့မြို့တော်အတွင်းရောက်နေပြီး ရန်လိုနေသောစစ်တပ်နှင့် သူတို့ကို သတ်ရန်အဆင်သင့်ဖြစ်နေသော ဘုရင်တစ်ပါးတို့ ဝန်းရံနေသည့်ပုံစံနှင့် သူတို့ ကိုယ်သူတို့ မြင်တွေ့ရသောခါ သူတို့ မည်မျှအံ့သြထိတ်လန့်နေကြမည်ကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် စိတ်ကူးစိတ်သန်းကို အသုံးချပါ။ ဤမြင်ကွင်းအကြောင်း ပြောရုံသာပြောမနေပါနှင့်။ သရုပ်ဆောင်ကြည့်လိုက်ပါ။(ဆရာသည် သင်ခန်းစာအပိုင်းအရေအတွက်ကို လျှော့ချရန် လိုအပ်ပါက အပိုင်း (၁၄) နှင့် (၁၅) ကို တစ်ပိုင်းတည်း အဖြစ်ပေါင်းလိုက်နိုင်ပါသည်။ ကျမ်းပိုဒ်များကို အဖွဲ့ခွဲပြီးလေ့လာစေကာ တစ်တန်းလုံးကို ပြန်အစီရင်ခံစေပါ။အဖွဲ့ငယ် များအစီရင်ခံကြပြီးသည့်နောက် ဆရာက နောက်ထပ်ဝေဖန်သုံးသပ်ချက်ထပ်ဖြည့်နိုင်ပါသည်။)

**အရေးကြီးသည့်အချက်များ**

- ရှုရိစစ်တပ်အားသွေးထွက်သံယိုမရှိဘဲအောင်နိုင်ခြင်းသည် ဘုရားသခင်၏အံ့သြဖွယ်လုပ်ဆောင်ချက်အရရော၊ ဧလိရှဲ၏ ရန်သူကို အစားအစာကျွေးမွေးခြင်းလုပ်ရပ်ကြောင့်ပါ ဖြစ်မြောက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်က လုပ်ဆောင်သည်။ လူတွေကလည်း လုပ်ဆောင်သည်။ သမိုင်းတွင် မည်သူမျှကြိုတင်မဟောနိုင်သော အံ့သြဖွယ်ရာများပါရှိသည်။ သို့ရာတွင် ပဋိပက္ခများ၏ အဖြေရလဒ်များသည် အပြုသဘောဆောင်မည်လား၊ အပျက်သဘောဆောင်မည်လားဆိုသည်ကိုမူ လူသားတို့၏ရွေးချယ်မှုပြုခြင်းကအဆုံးအဖြတ်ပေးပါသည်။ ဤအဖြစ်အပျက်အား သုတ္တံ (၂၅း၂၁-၂၂) နှင့် ရောမ (၁၂း၁၉-၂၁)တို့နှင့် နှိုင်းယှဉ်ပါ။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **သနားကြင်နာမှုနှင့် မေတ္တာရှုထားပြသော လုပ်ဆောင်မှုတို့သည် ရန်သူ၏ စိတ်နှလုံးကို နူးညွတ်စေပြီး အမျက်ပြေစေနိုင်ပါသည်။**

- အခန်းငယ်(၂၃)က ပြောပါသည်။ "ရှုရိလူတို့သည် အလိုအလျောက် တပ်ဖွဲ့၍ ဣသရေလပြည်သို့ မလာကြ။" ထို့နောက် အခန်းငယ်(၂၄)က ရှုရိပြည်နှင့်ဣသရေလပြည်တို့ကြားမှ နောက်ထပ်စစ်တစ်ခုအကြောင်း နောက်အဖြစ်အပျက်ကို ဆက်ရေးထားပြန်သည်။ ဤအဖြစ်အပျက်နှစ်ခုသည် တစ်ခုပြီးနောက် တစ်ခု ယှဉ်လျက် ရှိနေသောကြောင့် ဧလိရှဲ၏ ရက်ရောပြီး သနားကြင်နာသောလုပ်ရပ်၏ အကျိုးသက်ရောက်မှုအပြည့်အဝကို သတိမမူမိဘဲ လွတ်သွားရန်လွယ်သည်။ သူ့လုပ်ရပ်သည် ရှုရိတို့၏ စီးနင်းတိုက်ခိုက်မှုများဆက်တိုက်ဖြစ်နေခဲ့ခြင်းကို ရပ်တန့်သွားစေသည်။ အရေးပါသော အချိန်အတိုင်းအတာအတွက် ငြိမ်းချမ်းရေးရရှိစေခဲ့သည်။ ငြိမ်းချမ်းနေသောအချိန်ကာလ မည်မျှကြာသည်ကို ဤတိုတောင်းသော စကားလုံးများအပြင် မှတ်တမ်းတင်ထားခြင်းမရှိပါ။ သမိုင်းရေးဆရာများအတွက် ငြိမ်းချမ်းသော အချိန်ကာလတို့မှာ ငြီးငွေ့ဘွယ်ခြောက်ကပ်ပျင်းရိစဘွယ်ကောင်းပါသည်။ သို့ရာတွင် ထိုငြိမ်းချမ်းသောနှစ်များသည် အလွန်အရေးပါပြီး ထိုကာလအတွင်းအသက်ရှင်နေကြသော လူတို့၏ တန်ဖိုးထားမှုခံရသည်။ *သင်ခန်းစာမှ ထိုးထွင်းအမြင်* - **နောက်အဖြစ်အပျက်သို့ သိပ်လျင်မြန်စွာကူးမသွားပါနှင့်၊ ရရှိထားသော ငြိမ်းချမ်းရေးကာလကို အရသာခံစားပါ။**

---

# အပိုင်း (၁၅)

## သန့် ရှင်း မြင့် မြတ် သော ဖီ ဆန် မှု
## (HOLY DISOBEDIENCE)

ကျမ်းပိုဒ် 📖 ထွက်မြောက်ရာကျမ်း (၁း၁၅-၂၂)

**နောက်ခံဇာတ်လမ်း**

ယာကုပ်၏သားယောသပ်သည် ဖာရောဘုရင်၏ ဩဇာအာဏာအရှိဆုံးသော အုပ်ချုပ်ရေးမှူးကြီးဖြစ်နေသည့်အချိန်တွင် ယာကုပ်၏ သားသမီးအမျိုးအနွယ်တို့သည် ခါနာန်ပြည်မှငတ်မွတ်ခေါင်းပါးခြင်းဘေးကိုရှောင်ရန် အဲဂုတ္တုပြည်၌ လာရောက်အခြေချကြသည်။ ဆယ်စုနှစ်၊ရာစုနှစ်များကျော်လွန်သွားသောအခါ အဲဂုတ္တုပြည်မှာ ယောသပ်ခေါင်းဆောင်ဖြစ်ခဲ့ခြင်းအကြောင်းကို မေ့လျော့ကုန်ကြပြီဖြစ်သည်။ ယောသပ် (သို့) သူ့အမွေအနှစ်နှင့် ဆက်စပ်ပတ်သက်မှုမရှိသော မင်းဆက်အသစ်တစ်ခုကို အဲဂုတ္တုပြည်မှာ တည်ထောင်ထားနေပြီဖြစ်သည်။ နောက်ဆုံးတွင် အဲဂုတ္တုမင်းဆက်အသစ်၏ ဖာရောဘုရင်များသည် ဟီဗရူးလူမျိုးများအားလုံးကို ကျွန်ပြုထားလိုက်ကြသည်။ လူဦးရေ တိုးပွားလာနေသော ဟီဗရူးလူမျိုးများကို ကြောက်ရွံ့သောကြောင့် အဲဂုတ္တုဖာရောဘုရင်များသည် ဟီဗရူးလူမျိုးများအပေါ် တစ်စထက်တစ်စ ပိုပို၍ ရက်စက်ကြမ်းကြုတ်လာခဲ့ကြသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

☛ အဖွဲ့ငယ်လေးများခွဲပြီး သူတို့လေ့လာမှုကိုလမ်းညွှန်ရန် ပေးထားသော အောက်ပါမေးခွန်းများနှင့်အတူ ကျမ်းပိုဒ်ကို ဖတ်ပြီး ဆွေးနွေးစေပါ။ အတူတကွ လုပ်ဆောင်ရန် အဖွဲ့အားမိနစ် ၃၀ ခွင့်ပြုပါ။

☛ ထို့နောက် သူတို့လေ့လာသိရှိရမှုကို အစီရင်ခံရန် အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ပါ။ အခြားအဖွဲ့များအား အဖြစ်အပျက်တစ်ခုလုံးကိုမပြောပြစေဘဲ ကျမ်းပိုဒ်မှရရှိသော ထိုးထွင်းအမြင်ကို ဝေမျှစေပါ။

☛ အဖွဲ့များအားလုံးပြီးသွားသောအခါ မပြောမိဘဲ ကျန်သွားသည့်အချက်များကို ဦးဆောင်သူကထောက်ပြနိုင်ပြီး အဆုံးသတ်အကျဉ်းချုပ်ကို ပြောပြနိုင်သည်။

**အဖွဲ့ငယ်များ လေ့လာရာမှာ အသုံးပြုရန် မေးခွန်းများ -**

✦ ဟီဗရူးလူမျိုးတို့၏ အခြေအနေကားအဘယ်နည်း။

✦ ရှိဖရနှင့်ပုအာတို့အား ဘာလုပ်ရန် ညွှန်ကြားထားပါသနည်း။ သူတို့သည် မည်ကဲ့သို့သော အကျပ်အတည်းကို ရင်ဆိုင်ရပါသနည်း။

✦ ရှိဖရနှင့်ပုအာတို့သည် မည်သို့လုပ်ဆောင်သနည်း။ သူတို့၏ လုပ်ရပ်သည် အုပ်ချုပ်နေသော အာဏာပိုင်တို့၏

လုပ်ပိုင်ခွင့်အာဏာနှင့် မည်သို့ ဆက်စပ်နေပါသနည်း။

- ✦ ရှိဖရ နှင့် ပုအာတို့သည် သူတို့လုပ်ရပ်ကို အထောက်အကူပြုရန် အဲဂုတ္တုလူမျိုးတို့၏ မလိုမုန်းထားအခံစိတ်ရှိမှုကို မည်ကဲ့သို့ အသုံးချသနည်း။ သူတို့၏ မမြင်မကမ်းဖြစ်နေမှုကို အသွင်ပြောင်းလဲရန် အစပျိုး ခြေလှမ်းရာမှာ အသုံးချနိုင်သော နည်းလမ်းများရှိပါသလား။
- ✦ ဖာရောဘုရင်ကို လိမ်ညာသော ရှိဖရ နှင့် ပုအာတို့၏ ကိုယ်ကျင့်တရားကို သင်ဘယ်လိုထင်မြင်ပါသလဲ။ သို့ဆိုလျှင် ဘုရားသခင်သည် သူတို့ကို ဘာကြောင့် ပြုစုတော်မူပါမည်လဲ။ (အခန်းငယ် (၂၀၊၂၁) ကိုကြည့်ပါ)
- ✦ အဖွဲ့နှစ်ဖွဲ့ကြား စကားရည်လုပွဲ ကျင်းပနိုင်ပါသည်။ ဝမ်းဆွဲမတို့သည် မျိုးဖြုတ်သတ်ဖြတ်ခြင်းရာဇဝတ်မှုကို ကာကွယ်ရန် ဖာရောဘုရင်ကိုလိမ်ညာသည်ဖြစ်သောကြောင့် သူတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ကြောင်းတစ်ဖွဲ့၏ ထောက်ခံ၍ ကျန်တစ်ဖွဲ့က လိမ်ညာမှုကိုယ်၌က ကိုယ်ကျင့်တရားမကောင်းသော လုပ်ရပ်ဖြစ်၍ ဝမ်းဆွဲမတို့သည် မလိမ်ညာခဲ့သင့်ကြောင်းကို ထောက်ခံပြောဆိုရပါမည်။

**အရေးကြီးသောအချက်များ**

➪ ရှိဖရနှင့် ပုအာတို့သည် ပုဂ္ဂိုလ်ရေးရာအရရော၊ စာရိတ္တပိုင်းဆိုင်ရာ အရပါ အန္တရာယ်ရှိသော အခြေအနေတွင် ကျရောက်နေကြသည်။ သူတို့သည် မိမိလူမျိုးတို့၏ ကလေးငယ်များကို သတ်သည့် လူသတ်သမားများဖြစ်လျှင်လည်းဖြစ်သွားမည်။ (သို့) ထိုခေတ်ထိုအခါက အင်အားအကြီးဆုံးအုပ်ချုပ်သူ၏ ပြတ်သားသော အမိန့်ကို ဖီဆန်ခြင်းဖြစ်လျှင်လည်း ဖြစ်သွားလိမ့်မည်။ လွတ်နိုင်ဘွယ်ရှိပုံမရသော အကြပ်အတည်းတွင်သူတို့သည် လူသတ်မှုကျူးလွန်ခြင်းကို ရှောင်ကြဉ်ရန်နှင့် ဖာရောဘုရင်ထံမှ ကျရောက်လာမည့်ဒေါသကိုပါ ရှောင်ကြဉ်နိုင်ရန် တီတွင်ကြံဆ၍ရသော နည်းလမ်း တစ်ခုကို ရှာတွေ့ကြသည်။ သူတို့သည် ဟီဗရူး ကလေးငယ်မြောက်များစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့ကြသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **ရွေးချယ်စရာရှိပုံမရသောအခါ ထပ်ပြီးစဉ်းစားပါ၊ အကြပ်အတည်းဟု ယူဆရသည်ကို ဖြတ်ကျော်ပြီး တီတွင်ကြံဆလို့ရမည့် နည်းလမ်းအဖြေကိုရှာပါ၊**

➪ ဖာရောဘုရင်ကို လိမ်ညာခြင်းသည် လူ့ကျင့်ဝတ်သဘောအရ မှားယွင်းနေပါသလား။ တစ်ဖက်မှ ကြည့်မည်ဆိုပါက ထိုပြစ်မှုသည် ဝမ်းဆွဲမတို့အပေါ် တရားစီရင်ချက်ချနိုင်သော ကိစ္စဖြစ်သည်။ နောက်တစ်ဖက်မှကြည့်ပြန်ပါက အမှန်တရားကို ပြောဆိုခြင်းဖြင့် သူတို့အသတ်ခံရမည့် ရလဒ်ကို ခံစားရဖွယ်ရှိသည်။ ထို့ပြင်ယောကျ်ားကလေးငယ်များကို သတ်ရန်ဆန္ဒရှိသည့် မိန်းမများကို ဝမ်းဆွဲမ အဖြစ်သူတို့နေရာမှာ အစားထိုးလိုက်ဖွယ်ရာလည်းရှိနေသည်။ ကျမ်းစာက ရှင်းရှင်းလင်းလင်းပြောသည်မှာ ဝမ်းဆွဲမတို့သည် သူတို့၏ လုပ်ဆောင်မှုဖြင့် "ဘုရားသခင်ကို ကြောက်ရွံ့ကြသည်" ဖြစ်၍ သူတို့အိမ်သူအိမ်သားများလည်း ပြုစုတော်မူခြင်းခံရကြ၏။ ၎င်းမှာ ဘုရားသခင်၏ လိုလားနှစ်သက်မှုကိုပြသော အမှတ်လက္ခဏာပင်ဖြစ်ပေသည်။ ဤတွင် ဤကျမ်းပိုဒ်တွင် အခိုင်အမာ အတည်ပြုသော တန်ဖိုးထားမှုများအား အဘယ်နည်း။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** - **မိန္နပ်ချုပ်ချယ်ခံရသော အခြေအနေကြားထဲမှ မှန်ကန်သည်ကို ပြုလုပ်ခြင်းသည် သက်တောင့်သက်သာဘဝတွင်ရှိနေသည်၊ အကျင့်စာရိတ္တကို အဓိကထားသူအနေနှင့်ကြည့်လျှင် ပို၍ ရှုပ်ထွေးနိုင်ပြီး ဖြူစင်မှုလည်း သိပ်မရှိဟုယူဆထားနိုင်ပါသည်၊**

## အပိုင်း (၁၆)

# ထူး ခြား သော အ ပြု အ မူ အား ဖြင့် အ မှတ် သ ညာ ပြု လုပ် ဆောင် မှု များ
# (DRAMATIZED SYMBOLIC ACTIONS)

ကျမ်းပိုဒ် 🕮 လုကာ (၁၉း၂၈-၄၄)၊ ဟေရှာယ (၂၀း၁-၆)၊ ယေရမိ (၃၂း၁-၁၅)

**နောက်ခံဇာတ်လမ်း**

ပရောဖက်များသည် သူတို့၏ ခေတ်ပြိုင်ဝန်းကျင်မှလူများကို ဘုရားသခင်၏ မိန့်ဆိုချက်များဟောပြောခြင်းအတွက် သူတို့ကို အများဆုံးသိရှိရပါသည်။ တစ်ခါတစ်ရံတွင် ပရောဖက်များသည် သူတို့၏ သတင်းစကားမှာကြားချက်များကို အသိပေးရန် အမှတ်သညာပြုလုပ်ဆောင်မှုများ (သို့) ပြည်သူလူထုရှေ့တွင် ထူးခြားစွာ သရုပ်ဆောင်မှုများကို အသုံးပြုကြသည်။ သူတို့၏ လုပ်ဆောင်မှုများက ဖြစ်နေသည့် သီးခြားအခြေအနေများသို့ ဦးတည်လျက်စကားပြောကာ လူတို့ကို တရားစီရင်ခြင်းသတင်းစကား (သို့) မျှော်လင့်ခြင်း (သို့) အသက်ရှင်နေထိုင်ပုံ ပြောင်းလဲဘို့ရန် သတင်းစကားတို့ကို ယူဆောင်လာသည်။ တစ်ခါတစ်ရံသူတို့၏ လုပ်ဆောင်မှုများသည် လူတွေဘာလုပ်သင့်ကြောင်းပြော၍ အခြားအချိန်များတွင် သူတို့၏လုပ်ဆောင်မှုများသည် တိုင်းပြည်အပေါ် ဘုရားသခင်၏ အရေးယူလုပ်ဆောင်မှုအကြောင်းကို ညွှန်းလျက်ပြောသည်။

ယုဒပြည်သည် မြောက်ဖက်တွင် အင်အားကြီး နိုင်ငံအာရှုရိပြည်၏ ခြိမ်းခြောက်ခြင်းကို ခံနေရသော အချိန်အတောအတွင်း ဟေရှာယဟောကိန်းထုတ်ခဲ့သည်။ ယုဒပြည်သည် တောင်ဖက်မှ အခြားအင်အားကြီးနိုင်ငံဖြစ်သော အဲဂုတ္တုပြည်နှင့် အကာအကွယ်ပေးမည့် မဟာမိတ်ဖွဲ့ရန် လိုလားနေသည်။ ဟေရှာယနှင့်အခြားပရောဖက်များ မကြာခဏ ဆွေးနွေးနေကြသည့် အကြောင်းကိစ္စမှာ ယုဒပြည် (သို့) ဣသရေလပြည်သည် သူတို့ကို ကာကွယ်ရန် ဘုရားသခင်ကို အားကိုးမည်လော(သို့) ကြီးမားသော အင်အားကြီးနိုင်ငံ၏ စစ်ရေးဆိုင်ရာထီးရိပ်ကိုခိုမည်လောဆိုသည့် ပြဿနာရပ်ပင်ဖြစ်သည်။

ယေရမိသည် ကျရောက်လာမည့် အမျိုးသားဘေးအန္တရာယ်ကို ရင်ဆိုင်နေရသည်။ ဗာဗုလုန်နိုင်ငံသားများသည် ယေရုရှလင် မြို့ကိုဝိုင်းထား၍မြို့တော်မှာ ကျတော့မည်ဖြစ်သည်။ အခြေအနေမှာ လုံးဝမျှော်လင့်ချက်မရှိသည့်ပုံဖြစ်နေသည်။ ယခင်က အာရှုရိလူမျိုးတို့လုပ်ခဲ့သည့် အတိုင်း ဗာဗုလုန်လူမျိုးတို့သည် ဖမ်းမိသည့်လူဦးရေအများစုကို နယ်နှင်ဒါဏ်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားလေ့ရှိသည်။ ဤကဲ့သို့ လုပ်လေ့လုပ်ထရှိသော ပြုကျင့်မှုများကြောင့် စစ်တပ်ဝိုင်းထားခံနေရသော လူတို့သည် သေဆုံးဘို့ရာ (သို့) ဝေးလံသောနိုင်ငံသို့ သွားရောက်နေထိုင်ရန် ဖမ်းဆီးသွားခြင်းခံရမည်ကို မျှော်လင့်ထားကြသည်။

သခင်ယေရှုသည် ယုဒအမျိုးသားများ ရောမအုပ်ချုပ်မှုနှင့် စစ်တပ်သိမ်းပိုက်ထားမှုအောက်ရောက်ရှိနေချိန်တွင် အသက်ရှင်ခဲ့သည်။ ရောမအစိုးရအား လက်နက်ကိုင်ပုန်ကန်တော်လှန်မှုများ အနည်းငယ်ရှိခဲ့သည်။ ၎င်းပုန်ကုန်မှုအားလုံးသည် ရက်စက်စွာချေမှုန်းလိုက်ခြင်းခံရသည်။ ရောမသြဇာအာဏာကို ဆန့်ကျင်သောလူမှုရေး ဆူပူထကြွမှုပြင်းထန်သည်။ ဒါဝိဒ်၏အမျိုးအနွယ်မှ ဆင်းသက်လာသူတစ်ဦးက ရာဇပလ္လင်မှာ ပြန်လာထိုင်ပြီး ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ လုံခြုံခြင်း

နှင့် တရားမျှတခြင်း ဖြင့်ပြည့်စုံသော ခေတ်ကို ထူထောင်လိမ့်မည်ဆိုသော ပောကိန်းကို ပြည့်စုံစေမည့်မေရှိယတစ်ပါး ကြွလာမည့်အကြောင်းမျှော်လင့်ချက်များက ဤထကြွမှုကို မီးလောင်ရာလေပင့်ဖြစ်စေသည်။ ဇာခရိက ဘုရင်တစ်ပါး အကြောင်း ပောကိန်းထုတ်ခဲ့သည်မှာ ၎င်းဘုရင်သည် မြည်းကလေးတစ်ကောင်ပေါ် နှိမ့်ချစွာ စီးနင်းလျက် ကြွလာပြီး ယေရှုရှလင်မြို့သို့ ငြိမ်းချမ်းခြင်း ယူဆောင်လာခဲ့လိမ့်မည်ဟု ဖြစ်ပါသည်။ (ဇာခရိ ၉း၉-၁၀ ကိုကြည့်ပါ) ယေရှုကို ဆန့်ကျင်မှုက ကြီးထွားလာနေခဲ့ပြီဖြစ်သည်။ ယေရှုကလည်း ယေရှုရှလင်မြို့မှာ သူသေဆုံးလိမ့်မည် ဖြစ်ကြောင်း ကြိုတင်ဟော ကြားထားခဲ့သည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

☛ အတန်းကို အဖွဲ့သုံးဖွဲ့ခွဲပါ။ တဖွဲ့စီအား အောက်ပါကျမ်းပိုဒ်များထဲမှ တစ်ခုစီပေးပါ။

- 🕮 လုကာ ၁၉း၂၈-၄၄
- 🕮 ဟေရှာယ ၂၀း၁-၆
- 🕮 ယေရမိ ၃၂း၁-၁၅

☛ တစ်ဖွဲ့စီအား သူတို့ဆီမှာ ရှိသော ကျမ်းပိုဒ်နှင့်သက်ဆိုင်သောအောက်ပါမေးခွန်းများကို ဆွေးနွေးပြီးဖြေစေပါ။

- ✦ ကျမ်းပိုဒ်မှ အဖြစ်အပျက်၏ ရေခံမြေခံအခြေအနေ (သို့) ပဋိပက္ခနောက်ခံအခြေအနေကားအဘယ်နည်း။
- ✦ ပရောဖက် (သို့) ယေရှုသည် မည်သည့် လုပ်ဆောင်မှုကိုပြုပါသနည်း။
- ✦ လုပ်ဆောင်မှု၏ အမှတ်သညာအဓိပ္ပာယ်ကားအဘယ်နည်း။
- ✦ တုံ့ပြန်မှုများရှိက မည်သည့်တုံ့ပြန်မှုများကို သတိထားမိပါသနည်း။
- ✦ လူများသည်မည်သည့်တုံ့ပြန်မှုများလုပ်ခဲ့လိမ့်မည်ဟု သင်စိတ်ကူးမိပါသလဲ။
- ✦ အဖွဲ့လိုက်ဆွေးနွေးမှုပြီးသောအခါ တစ်ဖွဲ့စီအတွက် ပြောခွင့်ရှိသူက တစ်တန်းလုံးကို ပြန်အစီရင်ခံရပါမည်။ အစီရင် ခံခြင်းများပြီးသည့်နောက် ဤအဖြစ်အပျက်များ သုံးခုတွင် သူတို့ကြားခဲ့ရသော တူညီချက်များ အချို့ကို အတန်းသား များအားထောက်ပြစေပါ။ တူညီသော စရိုက်လက္ခဏာများကို စာရင်းလုပ်ပြီးသင်ပုန်း (သို့) စာရွက်ချပ်ကြီးကြီး ပေါ်မှာရေးစေပါ။ ပဋိပက္ခအခြေအနေတစ်ခုကို ညွှန်းဆိုသော လူထု၏အမှတ်သညာပြု လုပ်ဆောင်မှုပါဝင်သည့် အဖြစ်အပျက်အကြောင်းအရာများကို သင်တန်းသားများ မြင်ခဲ့ရခြင်း ကြားခဲ့ရခြင်း၊ ဖတ်ခဲ့ရခြင်း (သို့) ပါဝင်ဆင်နွှဲခဲ့ရခြင်းရှိပါက ပြောပြရန် သူတို့ကိုဖိတ်ခေါ်ပါ။ အတူတကွဆွေးနွေးပါ။
- ✦ အမှတ်သညာပြုလုပ်ဆောင်မှုများသည် ဘာကိုဖြစ်မြောက်စေပါသလဲ။
- ✦ ဤကဲ့သို့လုပ်ဆောင်ရာမှာမည်သည့်အန္တရာယ်များကို ရင်ဆိုင်ရပါမည်လဲ။
- ✦ အမှတ်သညာပြုလုပ်ဆောင်မှုများကို ဘာက စွမ်းအားပေးပါသလဲ။

**အရေးကြီးသည့်အချက်များ**

➪ တစ်ခါတစ်ရံတွင် လူတစ်ဦးက အခြေအနေတစ်ခုကို ကြံဆမှုနှင့်တုံ့ပြန်ရင်း အမှတ်သညာပြုလုပ်ဆောင်မှု အလို အလျောက်ဖြစ်လာတတ်သည်။ သို့ရာတွင် အထက်ပါအဖြစ်အပျက်သုံးခုတွင် ကြိုတင်ပြင်ဆင်မှုနှင့်ဖြစ်နေဆဲအမှုကိစ္စရှိ

ရမည်။ ယေရှုသည် သူယေရှုရှလင်မြို့ထဲမဝင်ခင် မြည်းကိုသွားယူရန်ကြိုတင်စီစဉ်ထားမှုရှိသည်မှာ မြည်းလာယူသူ တပည့်တော်များသည်ယေရှုထံမှလာကြောင်း မြည်းပိုင်ရှင်သိနိုင်ရန် စကားဝှက်ကိုပင်ကြိုတင်ပြောကြားထားသည်အထိ ဖြစ်လေသည်။ ယေရမိသည် လယ်ကိုဝယ်ရန်အတွက် တရားဝင်စာချုပ်စာတမ်းအပါအဝင် အသေးစိတ်ကို စီစဉ်ထား ရှိခဲ့သည်။ ဟေရှာယသည်သူ၏ အများပြည်သူရှေ့အဝတ်အချည်းစည်းရှိနေမှုကို လုပ်ဆောင်ခြင်း သုံးနှစ်တိုင်တိုင် ထိန်းထားခဲ့သည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** **- ကြိုတင်စီစဉ်ခြင်းနှင့်ဖွဲ့လုံ့လရှိခြင်းသည် အမှတ်သညာပြုလုပ်ဆောင် ခြင်းကို အင်အားကြီးသော အာရုံစိုက်ရာ အချက်အချာဖြစ်စေပြီး ဂရုပြုမိစေရန် အထူးအထောက်အကူပြုသည်၊**

- ဤလုပ်ဆောင်မှုတစ်ခုစီတွင် အခြားသူများပါဝင်ပတ်သက်ခြင်းရှိနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းကသာ စတင် လုပ်ဆောင်ကာ ပြီးမြောက်စေပါသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်*** **- လူပုဂ္ဂိုလ်တစ်ဦးတည်းကပင်ထူးခြားမှုကို ဖြစ်စေ နိုင်သည်၊**

- ပရောဖက်တစ်ဦးစီသည် (ယေရှုအား သူ၏ ပရောဖက်အခန်းကဏ္ဍအနေဖြင့်ထည့်စဉ်းစားလျက်)သတင်းစကား ဝေငှခြင်း အလုပ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် စကားပြောသည် (သို့) စာရေးသည်။ ဤလုပ်ဆောင်မှုများသည် များပြားသောဆက်သွယ်ရေးပုံစံများအရဖြစ်သည်။ သို့ရာတွင် လုပ်ဆောင်မှုကသာ လူတွေအရှင်းလင်းဆုံးမှတ်မိသည့် ထူးခြားသော သတင်းစကားဖြစ်လေသည်။ ***သင်ခန်းစာမှထိုးထွင်းအမြင်*** **- လုပ်ဆောင်မှုများသည် စကားလုံးများထက်ပို၍ ကျယ်လောင်စွာစကားပြောပါသည်၊ထို့ကြောင့်သင်၏သတင်းစကားကို ရှင်းလင်းပြတ်သားမှုနှင့်အင်အားရှိစွာပြောကြား မည့်လုပ်ဆောင်ရန်နည်းလမ်းများကိုရှာပါ၊ သို့ရာတွင်၄င်းလုပ်ဆောင်မှုနှင့်ပူးတွဲပါလာမည့်စကားလုံးများသည် စာနှင့် ရေးသည်ဖြစ်စေ၊ ပြောသည်ဖြစ်စေ၊ လုပ်ဆောင်မှုကို မြင်ရသူများအတွက် လုပ်ဆောင်မှု၏ အဓိပ္ပာယ်ကိုနားလည်လွယ် စေပါသည်၊**

---

# အ ပိုင်း (၁၇)

## အ ကောင်း အား ဖြင့် အ ဆိုး ကို နိုင် ခြင်း
## (OVERCOMING EVIL WITH GOOD)

ကျမ်းပိုဒ် 📖 ရောမ (၁၂း၉-၂၁)

**နောက်ခံအတ်လမ်း**

ရောမသားများသို့ပေးပို့သော ရှင်ပေါလု၏ စာသည် ၎င်းတမန်တော်၏ အကြီးအကျယ်ဆုံးသော သီအိုလိုဂျီဆိုင်ရာတင်ပြချက်ဖြစ်ပါသည်။ အခန်း (၁၂)နှင့် (၁၃)သည် ခရစ်ယာန် ကျင့်ဝတ်ဆိုင်ရာ သွန်သင်မှု၏ အရေးကြီးဆုံး အချက်ပင်ဖြစ်သည်။ သူသင်ကြားသော တရားအကြောင်း၊ ခရစ်တော်၊ ကျေးဇူးတော်၊ ကျိုးကြောင်းထိုက်သင့်ခြင်း၊ ကယ်တင်ခြင်း၊ အသက်တာသစ်စသည်တို့အကြောင်း သင်ကြားချက်များမှာ ကျွန်ုပ်တို့မည်သို့ အသက်ရှင်နေထိုင်ရမည်ကို ညွှန်ပြပါရှိလေသည်။ထိုကြောင့် အခန်းကြီး(၁၂) ကို "သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏" ဆိုသော အခန်းငယ် (၁) နှင့် အစပြုထားသည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုထားသော ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ပုံသည် ခရစ်တော်ကို ရောင်ပြန်ဟပ်ရန် လိုအပ်သည်။ အခန်းကြီး (၁၂) နှင့် (၁၃) သည် ခရစ်တော်အားဖြင့် ဘုရားသခင် ပြုလုပ်ပေးခဲ့သည်နှင့် ကိုက်ညီအောင် အသက်ရှင်နေထိုင်ရန် ကျွန်ုပ်တို့အား ပြသပေးထားသည်။ အခန်းငယ်(၉ -၂၁) မှာ အမိန့်ပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းအကျဉ်းပါရှိသည်။ စကားလုံး အနည်းငယ်မျှနှင့်ပင် အတိုင်းအတာတစ်ခုအထိ ကျယ်ဝန်းသော ခေါင်းစဉ်များ အကျုံးဝင်သည်။ အခြေခံအကြောင်းအရာခေါင်းစဉ်မှာ အခန်းငယ် (၁) နှင့် (၂) တွင် ချပြထားသော ပုံသဏ္ဍာန်ပြောင်းလဲသောအသက်တာကို အသက်ရှင်ခြင်းအကြောင်းဖြစ်သည်။ ဤအခန်းငယ်များသည် တောင်ပေါ်ဒေသနာမှ ယေရှု၏ သင်ကြားချက်များကို ပဲ့တင်ထပ်ထားခြင်းလည်းဖြစ်သည်။ ထိုအချက်မှာ အံ့သြစရာတော့မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မဿဲ (၅-၇) သည် ခရစ်ဝင်ကျမ်းများထဲမှ သခင်ယေရှု၏ လူ့ကျင့်ဝတ်ဆိုင်ရာ အနှစ်သာရအရှိဆုံးသော သင်ကြားမှုများဖြစ်လေသည်။

**လေ့လာမှုလုပ်ငန်းစဉ်နှင့်မေးခွန်းများ**

☛ အဖွဲ့ငယ်လေးများခွဲပြီး အောက်ပါမေးခွန်းများနှင့်အတူကျမ်းပိုဒ်ကို ဖတ်ပြီးဆွေးနွေးစေပါ။

- ✦ ဤကျမ်းပိုဒ်ထဲတွင် ရှင်ပေါလုဘာလုပ်နေပါသလဲ။
- ✦ ပေါလု၏ စကားများရည်ညွှန်းနေသည်မှာ မည်သည့် ပဋိပက္ခမျိုးဖြစ်နေလိမ့်မည်ဟု သင်ထင်ပါသလဲ။
- ✦ ပေါလုသည် မည်သည့်ကျေအေးစေသော လုပ်ရပ်များအကြောင်းကို သတ်သတ်မှတ်မှတ်ရေးထားပါသလဲ။
- ✦ ၎င်းလုပ်ရပ်များသည် ပဋိပက္ခအခြေအနေများကို မည်သည့် နည်းလမ်းများဖြင့် အသွင်ပြောင်းလဲစေလိမ့်မည်နည်း။

☛ ကျမ်းစာနှင့်ပို၍ အကျွမ်းတဝင်ရှိသော အဖွဲ့တစ်ဖွဲ့ကိုမူ သင်စိန်ခေါ်ချင်ပေလိမ့်မည်။ မဿဲ (၅-၇) ထဲမှာပါသော သခင်ယေရှု ၏တောင်ပေါ်ဒေသနာသင်ကြားချက်များမှ ပေါလု၏ သင်ကြားချက်နှင့်တူညီမှုရှိသည်ကို ရှာနိုင်သမျှ

ရှာထုတ်ရန်သူတို့ကို စိန်ခေါ်နိုင်သည်။ မသဲ(၅-၇) တွင် ယေရှုပြောသည်နှင့် အလွန်တူညီသောပုံစံဖြင့် ပေါလုသည် ရောမ(၁၂း၉-၂၁)တွင် ဘာပြောထားသနည်း။

☛ ဆွေးနွေးမှုအတွက် မိနစ် (၂၀) မှ (၃၀) အထိ ခွင့်ပြုပါ။ တောင်ပေါ်ဒေသနာ နှင့် နှိုင်းယှဉ်ချက်ကို လုပ်ဆောင်နေသော အဖွဲ့များကို အချိန်ပိုကြာကြာပေးပါ။ အဖွဲ့များကို ပြန်ခေါ်စုလိုက်ပြီး တစ်ဖွဲ့စီမှ တင်ပြသူ တစ်ဦးကို သူတို့တွေ့ရှိရမှုများကို ဝေမျှစေပါ။

☛ ထို့နောက် သင်တန်းမှာ သင်ကြားခဲ့ရသော သင်ခန်းစာများအားလုံးကို အတိုချုံးပြန်လည်သုံးသပ်ပြပါ။ ပို၍ အမှတ်ရစဖွယ်ကောင်းသော အတန်း၏ အတွေ့အကြုံအချို့ကို အထူးတလည်သတိပြုမှတ်သားပါ။ အတန်းသားများအား သူတို့သင်ယူရရှိခဲ့သော အကြောင်းအရာအချို့ကို သင်နှင့်အတူ စာရင်းပြုစုရန် ဖိတ်ခေါ်ပါ။

☛ သင်တန်း၏ အရေးကြီးဆုံးအပိုင်းရောက်လာပြီဖြစ်ကြောင်း အဖွဲ့ကိုပြောပြပါ။ ၎င်းမှာ သင်တန်းသားများသည် သူတို့၏ လက်ရှိ ပဋိပက္ခများအခြေအနေတွင် သူတို့သင်ယူရရှိခဲ့သော အသိပညာနှင့် ဘာလုပ်နိုင်သလဲ ဆိုသည့်အကြောင်း ဖြစ်သည်။ သင်တန်းသားများအား မျက်စိမှိတ်ထားစေပြီး သူတို့ လောလောလတ်လတ်ရင်ဆိုင်နေရသော အရေးကြီးသည့် ပဋိပက္ခတစ်ရပ်ကို အာရုံသွင်းပြီးစဉ်းစားခိုင်းပါ။ သူတို့ကိုမေးပါ -

- ✦ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော လူများ(သို့)အုပ်စုများမည်သူနည်း။
- ✦ သင်နားလည်ရသလောက် ပဋိပက္ခမှ ပြဿနာများကားအဘယ်နည်း။
- ✦ ပဋိပက္ခတွင်း တဖက်အဖွဲ့ရဲ့ အလေးထားစရာကိစ္စများကား အဘယ်နည်း။
- ✦ လူတွေအချင်းချင်း ဘယ်လိုပြုမူဆက်ဆံနေကြသလဲ။
- ✦ လူတွေအချင်းချင်း ဘယ်လိုဆက်သွယ်နေကြသလဲ။
- ✦ ပဋိပက္ခတွင် ချိန်ခွင်ညှာပေါ်မှာရှိနေသည့် (အရှုံးအနိုင်ပေါ်နိုင်သည့်) အချက်ကားအဘယ်နည်း။

☛ ထို့နောက်သင်တန်းတွင် သင်ယူရရှိခဲ့သော သင်ခန်းစာများစာရင်းကို ပြန်လည်ဆန်းစစ်ပြပါ။ သင်တန်းသားများအား မျက်စိဖွင့်ထားစေပြီး အနည်းဆုံး (၅)မိနစ်ကြာအောင် တိတ်ဆိတ်စွာ ဆင်ခြင်စဉ်းစားကြည့်ပါ။ စဉ်းစားရမည်မှာ ထိုပဋိပက္ခအား အပြုသဘောဆောင်သည့် ဦးတည်ရာဖက်သို့ရွေ့လျားသွားစေမည့် တိကျသောလုပ်ဆောင်ချက် အနည်းဆုံးသုံးခုကို စဉ်းစားရမည်ဖြစ်သည်။ အတန်းသားများအား တတ်နိုင်သမျှ တိကျစွာနှင့် အသေးစိတ်စဉ်းစားရန် တိုက်တွန်းပါ။ သို့မှသာ သူတို့အတိအကျ ဘာလုပ်ရမည်ကို ရှင်းရှင်းလင်းလင်းရှိကြလိမ့်မည်။

☛ အတန်းသားများအား (၃)ယောက် (သို့) (၄)ယောက်ပါသောအဖွဲ့များဖြင့် စုစေပြီး ပဋိပက္ခ နှင့် သက်ဆိုင်၍ ဘာလုပ်ဖို့ သူတို့စဉ်းစားထားသည်ကို ဝေမျှပြောဆိုစေပါ။ အကယ်၍ လူတစ်ယောက်ယောက်မှာ ဝေမျှခံစားလိုစိတ်မရှိသော အလွန်လေးနက်ပြီး ပုဂ္ဂိုလ်ရေးဆန်သည့် အကြောင်းအရာ တစ်စုံတစ်ရာရှိပါက ထိုသူ့ဆန္ဒကိုလေးစားပါ။ သူတို့ဝေမျှခံစားလိုစိတ်ရှိသလောက်ကိုသာ အဖွဲ့ငယ်အတွင်းဝေငှရန်ဖိတ်ခေါ်ပါ။ လူတစ်ဦးစီအတွက် ၃-မိနစ်ခွင့်ပြုပါ။အဖွဲ့ငယ်

အတွင်းဝေမျှမှု တစ်ဝက်လောက်အရောက်တွင် အချိန်မည်မျှကြာသွားပြီဖြစ်ကြောင်း ပြောပြလိုက်ပါ။

- အဖွဲ့ငယ်လေးများအား (၅)မိနစ်ကြာ အချင်းချင်းအတွက် ဆုတောင်းပေးရန် ဖိတ်ခေါ်ပါ။ သူတို့တစ်ဦးစီရင်ဆိုင်နေရသောပဋိပက္ခများအတွက်နှင့် အသွင်ပြောင်းလဲခြင်းလုပ်ဆောင်မှုကို ပြုရန် တစ်ဦးစီက ဆက်ကပ်တာဝန်ယူထားခြင်းတို့အတွက်ဆုတောင်းရန် သူတို့ကိုဖိတ်ခေါ်ပါ။

- စက်ဝိုင်းပုံနေရာယူခြင်းဖြင့် ဤသင်တန်းအပိုင်းကို နိဂုံးချုပ်ပါ။ အဖွဲ့အား သင်တန်းတစ်လျှောက် သူတို့၏ လုပ်ဆောင်မှုအတွက် ကျေးဇူးတင်ကြောင်းပြောပါ။ ထို့နောက် သင့်ညာဖက်မှလူနှင့်စတင်ကာ စက်ဝိုင်းတစ်ပတ်ပတ်မိသွားအောင်အလှည့်ကျ ပြောစေပါ။ လူတစ်ဦးစီအား အတန်းထဲမှာ သူတို့သင်ယူရရှိသွားသော တစ်စုံတစ်ခုကို စကားလုံးတစ်လုံး (သို့) စကားတစ်ခွန်းဖြင့်ပြောပြစေပါ။ သူတို့ ၎င်းစကားတစ်ခွန်းတွင် ပြောပြနိုင်သော သင်ခန်းစာသတ်သတ်မှတ်မှတ်တစ်ခုဖြစ်စေ၊ အတွေးအခေါ် အိုင်ဒီယာတစ်ခု၊ အတွင်းစိတ်အရည်အသွေး၊ ထိုးထွင်းအမြင်သစ် (သို့) အခြားသူတို့ပြောချင်သည့်အရာ ဘာမဆို ဖြစ်နိုင်ပါသည်။ ဤအုပ်စုဝိုင်းတွင် နောက်ဆုံးစကားကို ဆရာအနေဖြင့် သင်အဆုံးသတ်ပြောနိုင်ပါသည်။ ထို့နောက် အဖွဲ့အား ငြိမ်းချမ်းခြင်းကောင်းကြီးမင်္ဂလာတိုတိုဆုတောင်းပေးလိုက်ပါ။

**အရေးကြီးသောအချက်များ**

- အခန်းငယ် (၂၀) သည် သုတ္တံ (၂၅း၂၁-၂၂) မှ ကိုးကားထားခြင်းဖြစ်သည်။ မိမိရန်သူကို ကောင်းမှုပြုခြင်းသည် ဓမ္မသစ်သင်ကြားမှုသက်သက်မျှသာမဟုတ်ပါ။ ဓမ္မဟောင်းမှာ အမြစ်တွယ်နေသော သင်ကြားမှုဖြစ်ပါသည်။ လူတစ်ဦး၏ခေါင်းပေါ်မှာ "မီးခဲကို ပုံထားခြင်း" ဆိုသည့်စကားမှာ ရှေးက အရှေ့ပိုင်းဒေသမှ ဓလေ့ထုံးစံမှာ အမြစ်တွယ်မှု ရှိသည်။ ၎င်းထုံးစံမှာ အရှက်ရခြင်း၊ နောင်တရခြင်း (သို့) ဝမ်းနည်းခြင်းအမှတ်လက္ခဏာတစ်ခုအနေဖြင့် မိမိ၏ ခေါင်းမှာမီးခဲအိုးကို တင်ထားရသောဓလေ့ ဖြစ်လေသည်။ "လျှော်တေအဝတ်ကိုဝတ်ခြင်းနှင့်ပြာလူးခြင်း" သည် ၎င်းထုံးစံနှင့် တူညီသော ပုံရိပ်ဖြစ်ပါသည်။ ဆာလောင်မွတ်သိပ်နေသော ရန်သူကို အစာကျွေးခြင်းနှင့် ရေငတ်နေသော ရန်သူကိုရေပေးခြင်း လုပ်ဆောင်မှုတို့သည် ရန်သူကို အရှက်ရစေကာ သူတို့၏ စိတ်နှလုံးပြောင်းလဲသွားခြင်းရလဒ်ကို ဖြစ်ပေါ်စေသည်။ ဤသို့အားဖြင့် အဆိုးကို အကောင်းဖြင့် အနိုင်ရရှိသည်။ ***သင်ခန်းစာမှ ထိုးထွင်းအမြင်-အဆိုးကို အနိုင်ရရှိသော နည်းလမ်းတစ်ခုမှာ ချစ်ခြင်းမေတ္တာပြသော လုပ်ဆောင်မှုများဖြင့် ရန်သူ၏အတွင်းစိတ်ကို ပြောင်းလဲသွားစေသော နည်းဖြစ်ပါသည်။***

- ဤအပိုင်းသည် ဤသင်တန်း၏ နောက်ဆုံးအပိုင်းဖြစ်ပါသည်။ သင်တန်းသားများသည် ပဋိပက္ခကိုအသွင်ပြောင်းလဲခြင်းအကြောင်း သူတို့သင်ယူရရှိခဲ့သော သင်ခန်းစာများကို သူတို့ဘဝတွင်းမှ ပဋိပက္ခများအတွက် အသုံးချရန် အရေးကြီးပါသည်။ သင်တန်းမှ သင်ခန်းစာများကို မည်သို့အသုံးချမည့်အကြောင်း စဉ်းစားရန်ယူသောအချိန်သည် အလွန်အရေးကြီးပါသည်။ အချို့သင်တန်းသားများအတွက် ၎င်းအချိန်သည် ခက်ခဲပင်ပန်းသော အချိန်လည်းဖြစ်နိုင်ပါသည်။ အကြောင်းမှာ သူတို့စဉ်းစားနေသော ပဋိပက္ခသည် အလွန်ပုဂ္ဂိုလ်ရေးဆန်ပြီး အလွန်စိတ်နာကျင်ရမှု ရှိနေနိုင်သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ယောက်၏ ဝေမျှခံစားလိုစိတ်မရှိခြင်းကို လေးစားပါ။ သို့သော် လူတိုင်းကို သူတို့၏

ကိုယ်ပိုင်ပဋိပက္ခများအကြောင်း ကြိုးစားပြီးစဉ်းစားရန် အားပေးပါ။ ထို့အပြင် အတန်းထဲမှာ သင်ခဲ့ရသည်တို့ကို ထိုပဋိပက္ခများအတွက် အသုံးချရန်လည်း အားပေးပါ။ ***သင်ခန်းစာမှထိုးထွင်းအမြင်*** **- ပဋိပက္ခအကြောင်း ကျမ်းစာက ပြောထားချက်သည် ကျွန်ုပ်တို့၏ နေ့စဉ် ပဋိပက္ခများအတွက်ဖြစ်စေ မည်မျှပြင်းထန်သော ပဋိပက္ခအတွက်ဖြစ်စေ၊ အသုံးချနိုင်ပါသည်၊**

## ဤစာစောင်ဖြစ်တည်လာစေသည့်အရင်းအမြစ်များ

ဤလက်စွဲစာစောင်တွင်ပါဝင်သော သင်ခန်းစာများတွင် လူပုဂ္ဂိုလ်အတော်များနှင့် တချို့သော အဖွဲ့အစည်းများမှ သင်ယူရရှိသောအကြောင်းအရာများကို အသုံးပြုထားပါသည်။

နိဒါန်းတွင်ဖော်ပြထားသည့်အတိုင်း လူတို့သင်ယူမှတ်သားသည့်နည်းလမ်းများ၊ ပင်မနှင့် ဘေးရောက်သဘောတရား၊ စိတ်မသက်သာဇုံ၊ စိတ်ချမ်းမြေ့ဇုံနှင့် ထိတ်လန့်ဇုံသဘောတရားများသည် အမေရိကန် ပြည်ထောင်စု ဖီလာဒဲလ်ဖီးယားပြည်နယ်ရှိ Training for Charge လူမှုရေးသင်တန်းများပေးသည့်အဖွဲ့အစည်းထံမှ ကိုးကားထားပါသည်။ ဤလက်စွဲစာစောင်ကို ပြုစုရာတွင် မိမိ ထိုအဖွဲ့အစည်းတွင်ပြုလုပ်ခဲ့သော သင်တန်းများမှရရှိခဲ့သော ထိုးထွင်းအမြင်၊ သိမြင်လာချက်များကိုအခြေပြုထားပါသည်။

သန့်ရှင်းသောမြေအဖြစ် ပဋိပက္ခကိုမြင်ခြင်းသဘောတရားကို ကျွန်ုပ်အနေနှင့် မင်းနနိုက် ခရစ်ယာန် ဂိုဏ်းဂဏဝင်များနှင့် မင်းနနိုက်ပြန်လည်သင့်မြတ်ရေးလုပ်ငန်းအဖွဲ့မှ စတင်ကြားသိခဲ့ရပါသည်။ အဆိုပါအဖွဲ့မှ ထုတ်ဝေသော ကြားဝင်ဖြန်ဖြေရေးသင်တန်းလက်စွဲတွင် Dr. John Paul Leaderach က ''ပဋိပက္ခတွင် လူမှုအသွင်ပြောင်းလဲမှု အဆင့်(၇)ဆင့်'' အကြောင်းကို ဖော်ထုတ်တင်ပြထားသည်။ ယာကုတ်နှင့်ဧသောအကြောင်း လေ့လာချက်သည်လဲ John Paul Leaderach ၏သင်ခန်းစာကို အခြေပြုမွမ်းမံထားခြင်းဖြစ်သည်။ ဤသို့ သင်ခန်းစာပြုပြင်ဖန်တီးမှုပညာကို Marinetta Cannito Hjort ထံမှ သူနှင့်အတူအီတလီတွင် သင်တန်းများပို့ချစဉ်ကရရှိခဲ့သည်။

တစ်ဖန် ရှင်မသဲ ၅း၃၉ ရှိ 'Poneo' ဂရိစကားလုံးကို သဒ္ဒါနည်းကျပြန်ဆိုခြင်းကို Clarence Jordan ၏ Sermon on the Mount (တောင်ပေါ်ဒေသနာ)စာအုပ်မှ ကိုးကားထားပါ သည်။

"Transforming Initiatives" (အသွင်ပြောင်းလဲရန် အစပျိုးခြေလှမ်းများ)ဟူသော ဝေါဟာရကို Glen Stassen ကငင်း၏ "Just Peacemaking Transforming Initiatives for Justice and Peace" စာအုပ်တွင် ဦးဆုံးအသုံးပြုခဲ့သည်။

အပိုင်း(၁၃)တွင်တင်ပြထားသော နောက်ခံအကြောင်းအရာဖော်ပြချက်ကို Walter Wink ၏"Violence and Non-violence in South Africa: Jesus' Third Way" စာအုပ်မှ မှီငြမ်းထားပါသည်။

သင်တန်းဆရာများ၊ သမ္မာကျမ်းစာပို့ချသူများသည် သူတို့၏သင်တန်းသားများ ကျောင်းသားများကို သင်ကြားပို့ချနိုင်ရန် အမြဲတစေလေ့လာသင်ယူခြင်း၊ သင်နည်းစနစ်များကို တိုးတက်အောင်ကြိုးစားခြင်းကို မပြတ်ပြုလုပ်ရပါသည်။ ထို့ကြောင့် ဆရာကောင်းဖြစ်လာနိုင်ရန် ဦးစွာ တပည့်ကောင်းဖြစ်ရပါမည်။

ဤကျမ်းစာသင်တန်းလက်စွဲစာစောင်တွင်ပါဝင်သော သမ္မာကျမ်းစာမှအမျိုးသမီးနှစ်ဦးဖြစ်သည့် 'ရိဇ္ပ'၏ အားသာချက်များကို ကျွန်ုပ်၏မိတ်ဆွေ Cindy Weber ကလည်းကောင်း၊ 'အဘိဂေလ'၏အားသာချက်များကို "Gustavo Parajon" ကလည်းကောင်း ဖော်ပြခဲ့သည်။ ထိုအမျိုးသမီးနှစ်ဦး၏အဖြစ်အပျက်များသည် ကျွန်ုပ်၏ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များကိုရော သင်တန်းသားများစွာ၏စိတ်နှလုံးခွန်အားကိုပါ ကြီးစွာ အထောက်အကူပြုခဲ့ပါသည်။

# ကျမ်းကိုးစာရင်း

If you have access to a bookstore or a library at a seminary or university, the following books expand on the theme of peace.

To study more about the Bible and peace, try some of these books:

Buttry, Daniel L., *Christian Peacemaking: From Heritage to Hope* (Judson Press, 1994).

Cupit, Tony, *Peace I Leave With You: Bible Studies for Churches on the subject of Peace* (Baptist World Alliance, 2001)

Munayer, Salim J., editor, *Seeking and Pursuing Peace: The Process, the Pain and the Product* (Musalaha, 1998)

Stassen, Glen, *Just Peacemaking: Transforming Initiatives for Justice and Peace* (Westminster/John Knox Press, 1992)

Wink, Walter, *Naming the Powers: The Language of Power in the New Testament* (Fortress Press, 1984)

Wink, Walter, *Unmasking the Powers: The Invisible Forces that Determine Human Existence* (Fortress Press, 1986)

Wink, Walter, *Engaging the Powers: Discernment and Resistance in a World of Domination* (Fortress Press, 1992)

Wink, Walter, *Violence and Nonviolence in South Africa: Jesus' Third Way* (New Society Publishers, 1987)

These books provide stories from around the world about people building peace. Many of the stories are about Christians. These books also provide very helpful practical tools and theoretical frameworks for engaging in peacemaking:

Baum, Gregory and Wells, Harold, editors, *The Reconciliation of Peoples: Challenge to the Churches* (Orbis Books, 1997)

European Center for Conflict Prevention, editors, *People Building Peace: 35 Inspiring Stories from around the World* (European Center for Conflict Prevention, 1999)

Gracia, Ed, editor, *Pilgrim Voices: Citizens as Peacemakers* (Manila University Press, 1994)

Herr, Robert and Herr, Judy Zimmerman, editors, *Transforming Violence: Linking Local and Global Peacemaking* (Herald Press, 1998)

McManus, Philip and Schlabach, Gerald, *Relentless Persistence: Nonviolent Action in Latin America* (New Society Publishers, 1991)

Schrock-Shenk, Carolyn and Ressler, Lawrence, editors, *Making Peace with Conflict: Practical Skills for Conflict Transformation* (Herald Press, 1999)